
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးဘုန်းဇော်(ဝဝ၂၃၉)၊ အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး
အမှတ် - ၂၈၂၊ ပထမထပ်၊ လမ်း - ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ပုံနှိပ်သူ - ဦးဘုန်းဇော်(ဝ၁၃၇၅)၊ အရှေ့ဘက်ကောင်းကင် ပုံနှိပ်တိုက်
အမှတ် - ၃၅၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။
စာအုပ်ချုပ် - မိဘအရိပ်(တနည်)စာအုပ်ချုပ်လုပ်ငန်း
ကွန်ပျူတာ - တနည်မော်၊ ယမုံစိုး
အုပ်ရေ - ၁၀၀၀ - အုပ်၊ ပထမအကြိမ်၊ ၂၀၁၇ - ခုနှစ်၊ ဇူလိုင်လ
တန်ဖိုး - ၅၀၀ - ကျပ်

ဖြန့်ချိရေး - အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး
အမှတ် - ၃၅၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။
ဖုန်း - ဝ၉ ၇၃၁၇၁၃၈၃၊ ဝ၉၄၂ဝ၅၆၃၅၄

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


မဖဲဝါ အသက် (၄၄)နှစ် . . . . . . . ၅

မဖဲဝါထမ်းတဲ့ ခေါင်း . . . . . . . . . ၄၀

ခေါင်းရောင်းတဲ့ဆိုင် . . . . . . . . ၇၈

တစ္ဆေလေးနေတဲ့အိမ် . . . . . ၁၁၁

ခွေးနက်ကြီးရဲ့အူသံ . . . . . . . . . ၁၄၅



www.burmeseclassic.com

www.burmeseclassic.com




# မဖဲဝါ အသက် (၄၄)နှစ်

အညာမိုးလေဗျာ။ ဖွဲကနဲရွာလိုက် နေပူလိုက်။ သည်းကနဲရွာလိုက် နေပူလိုက်ပေါ့။ တန်ခူး၊ ကဆုန်မှာ ကြဲတဲ့ နှမ်းက ဝါဆို ဝါခေါင်မှာ နှုတ်ရတယ်။ ကျုပ်တို့အညာက တောင်သူဆို

အရှေ့ဘက်ကောင်းတင်

www.burmeseclassic.com

www.burmeseclassic.com



တာ ရင်တမမနဲ့ စိုက်ကြပျိုးကြရတာပေါ့ဗျာ။ မိုးက လိုသလောက် မရရင်လည်း သီးနှံက မအောင်ဘူးဗျ။ လိုတာထက် ပိုသွားရင်လည်း သီးနှံက ပျက်ပြန်ရောဗျ။

ဒါပေမဲ့ ဘာတတ်နိုင်မှာတုံးဗျာ။ တာတေက အညာသား လေ။ ပြီးတော့ တောင်သူရဲ့ သားလေဗျာ။ ဒီလိုပဲ မိရိုးဖလာလုပ်လာတဲ့ နှမ်းစိုက် ပဲစိုက်အလုပ်ကို လုပ်ရတော့တာလေ။ တပင်တပမ်း စိုက်ကြပျိုးကြ။ ပြီးရင် ရင်တမမနဲ့ ဘုရားတပြီး သီးနှံအောင်ဖို့ ဆုတောင်းကြရတာပဲဗျာ။

ဒီနှစ်တော့ တာတေတို့ မဆိုးဘူးဗျ။ နှမ်းနှတ်၊ နှမ်းထောင်၊ နှမ်းပုတ်၊ နှမ်းခါပြီးတော့ အတော်လေး ရလိုက်တယ်ဗျို့။ အဘရော အမေရော ပြုံးပြုံး ပြုံးနဲ့ဗျ။

"ဠပ်၊ ဠပ်၊ ဠပ်၊ ဠပ်၊ ဠပ်"

ကျုပ်အမေက ကျုပ်ကို ငရုတ်သီးထောင်းခိုင်းထားလို့ ထောင်းနေရတာလေဗျာ။ ပြောရဦးမဗျို့။ အမေက ဟင်းချက်ရင် ငရုတ်သီးကို အပွတစ်ဝက်၊ အရှည်တစ်ဝက် ထောင်းတာဗျို့။ ကျုပ်မှာ ငရုတ်သီး ရေစိမ်ကတည်းက ငရုတ်ပုဆယ်တောင့်၊ ငရုတ်ရှည်ဆယ်တောင့် စိမ်ရတာဗျ။ ရေမစိမ်ခင် ငရုတ်သီးတွေကို အညှာတုံခြွေရသဗျ။ ပြီးတော့မှ ဇလုံထဲမှာထည့်ပြီး ရေစိမ်တာ။



www.burmeseclassic.com

www.burmeseclassic.com



ငရုတ်သီး ရေစိမ်ထားတုန်း ကျုပ်က ကြက်သွန်နီ၊ ကြက်သွန်ဖြူကို ခွာထားရသေးသဗျ။ ကြက်သွန်တွေလည်း ခွာပြီးရော စောစောက ရေစိမ်ထားတဲ့ ငရုတ်သီးတွေလည်း ရေနူးရောပေါ့ဗျာ။ ဒီတော့မှ ငရုတ်ဆုံထဲထည့်ပြီး ငရုတ်သီး အရင်ထောင်း၊ ညက်တော့မှ ကြက်သွန်ထည့်ရတာပေါ့ဗျာ။

"ဟဲ့ တာတေ၊ ငရုတ်သီးကို ညက်အောင်ထောင်း၊ လေးစိတ်ကွဲအောင် မထောင်းနဲ့၊ အစေ့ပျောက်အောင်ထောင်း ကြားလား၊ ငရုတ်သီး အစေ့ပျောက်ပြီး စေးပိုင်လာတော့မှ ကြက်သွန်ထည့်ထောင်း ကြားလား"

ကျုပ် ငရုတ်သီးထောင်းတိုင်း အမေက ကျုပ်ကို သင်တာဗျို့။ တကယ်ကတော့ ဒီလို ငရုတ်သီးထောင်းတာကို သမီးမိန်းကလေးကို သင်ရမှာပေါ့ဗျာ။ ဒါပေမဲ့ အမေက သမီး မမွေးဘဲ ကျုပ်တစ်ယောက်တည်း မွေးထားတော့ ကျုပ်ကိုချည်း လွှတ်သင်တော့တာဗျို့။

ခင်ဗျားနယ်၊ သူပြောတဲ့အတိုင်း ထောင်းမထားလို့ကတော့ ခေါင်းလည်း 'ဒေါက်'ကနဲ 'ဒေါက်'ကနဲ မြည်အောင် အခေါက်ခံရသေးဗျ။ ငရုတ်သီးကိုလည်း ပြန်ထောင်းရသေးဗျ။

ဒီတော့လည်း စထောင်းကတည်းက ကျုပ်က အမေ့စိတ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းကျ ထောင်းရတာပေါ့ဗျာ။

'ဠပ်၊ ဠပ်' လို့ မြည်နေတာက ကျုပ်အမေရဲ့ ရေတ်ဆုံက စဥ့်ရေတ်ဆုံဗျ။ ရေတ်ဆုံမှာ လက်ကိုင်ကွင်းပါတယ်။ လက်ကိုင်ကွင်းရဲ့ထိပ်မှာ ပန်းပွင့်ပုံလိုလို၊ အရုပ်လိုလို ဘုသီးကြီးလည်း ပါတယ်ဗျ။ ထောင်းတဲ့ကျည်ပွေ့က သစ်သားကျည်ပွေ့ဗျ။

ဒီတော့ ရေတ်သီးထောင်းတဲ့အသံက 'ဠပ်၊ ဠပ်' လို့ မြည်တော့တာပေါ့ဗျာ။ သူများအိမ်တွေမှာလို ကျောက်ရေတ်ဆုံနဲ့ ထောင်းပါလား၊ ရေတ်သီး မြန်မြန်ညက်တာပေါ့လို့ ကျုပ်က အမေ့ကို ပြောသေးတာဗျ။

"ဟဲ့ တာတေ၊ နင်က ဘာသိလို့တုံး၊ ကျောက်ရေတ်ဆုံက ကျောက်ကျည်ပွေ့နဲ့ ထောင်းရတာ၊ ကြာလာရင် ကျောက်ရေတ်ဆုံကြီးက ကျယ်ပြီး အနက်ကြီး ဖြစ်သွားရော၊ ထောင်းတဲ့ကျည်ပွေ့ကလည်း တိုတိုလေး ဖြစ်သွားရော၊ အဲဒီကျောက်တွေက လူ့ဗိုက်ထဲ မရောက်လို့ ဘယ်ရောက်မှာတုံး၊ ကြာရင် ရောဂါဘယတွေ ဖြစ်မှာဟဲ့"

ဟုတ်သားဗျ။ ကြာရင် ထောင်းတဲ့ကျောက်ကျည်ပွေ့ကြီး တိုလာရောလေဗျာ။ အမေပြောတာလည်း ဟုတ်တုတ်တုတ်ပဲဗျို့။

ကျုပ် ရေတ်သီးတစ်ဆုံ ညက်သွားလို့ နဂါးဆေးပေါ့လိပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေး မီးညှိပြီး ဖွာနေတုန်း အမေ ပြန်ရောက်လာရောဗျ။ အမေက ရွာအနောက်ပိုင်းသွားပြီး ဝက်သားဝယ်တာလေဗျာ။ မီးလောင်ကုန်းက ကိုပုတို့ ဝက်ပေါ်လို့လေဗျာ။ အမေက ဆွမ်းချိုင့် ပို့ဖို့ မှာထားတာ။

"ဘာတေ၊ ငရုတ်သီး ညက်ပြီလား"

"ညက်ပေါ့ဗျာ၊ ကျုပ်တောင် ဆေးလိပ်ဖွာလို့ အမေရ"

"အေး အေး၊ ငရုတ်သီးက အစေ့ပျောက်ရဲ့လား တာတေ"

"ပျောက်လို့ပဲ စေးပိုင်တောင်နေလို့ဗျ"

"အေး၊ အဲဒါမှ ကောင်းတာ လူလေးရဲ့၊ ဒါမျိုးနဲ့ချက်မှ ဟင်းမှာ အဆီအနှစ်တက်တာ"

"အမေ့ဝက်သား ကောင်းလားဗျ"

"ကောင်းချက်တော်၊ မီးလောင်ကုန်းက ငပုက အရီး ငွေစိန်အတွက်ဆိုပြီး သုံးပိဿာတွဲ တွဲထားတာ သုံးထပ်သားရော၊ ဂုတ်သားရော၊ ကလီစာရော စုံလို့"

"ဆွမ်းစားချိန် မီပါ့မလားဗျ"

"ဟဲ့ တာတေရဲ့ မီတာပေါ့ဟဲ့၊ အစောကြီး ရှိသေးတာ၊ ဝက်သားဆိုတာ ဆီပူထိုးပြီး အတွင်းရေထုတ်ချက်ရတာ၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေ ထုတ်တတ်ရင် နှစ်ရေခန်းရုံနဲ့ အိမ်နေတာ လူလေးရဲ့၊ မရမ်းသီးခြောက်ကလေးကွေထုတ်ပြီး အမေ့ကို ရေစိမ်ပေးဦး လူလေးရယ်၊ ဝက်ဂုတ်သားကို မရမ်းသီးခြောက်ကလေးနဲ့ တစ်ခွက်၊ သုံးထပ်သားကို ပုန်းရည်ကြီးနဲ့တစ်ခွက်၊ ရိုးရိုးတစ်ခွက် ချက်မယ်၊ ကလီစာကတော့ ရိုးရိုးချက်တဲ့အထဲမှာ ပါမှာပေါ့"

"ဟာ…အမေ ဒီလို ဟင်းခွက်တွေ ခွဲချက်နေရင် ဆွမ်း ချိုင့်မီပါ့မလားဗျ"

"ဟဲ့ တာတေ၊ တစ်အိုးတည်း ပေါင်းချက်မှာဟဲ့၊ ပထမ ရေ ခမ်းတော့မှ အိုးတွေခွဲပြီး တစ်မျိုးစီ ချက်မှာ၊ ပထမရေမှာ ရေများများထည့်လိုက်ရင် ဒုတိယရေမှာက ရေနည်းနည်းပဲ ထည့် ရတော့တာ၊ ဘာမှမကြာဘူး"

ဟုတ်ပါ့ဗျာ၊ ကျုပ်အမေကတော့ ဝက်သားချက်တဲ့နေရာ မှာ နာမည်တစ်လုံးနဲ့ကို နေတာဗျ။ ပုဗ္ဗာရုံကျောင်းက ကျုပ်ဆရာ တော် ဦးဂုဏဆိုရင် အမေများ ဝက်သားဟင်းနဲ့ ဆွမ်းကပ်လို့က တော့ ပြုံးနေတာဗျ။

အမေ ဆွမ်းချိုင့်ပြင်ပြီးတော့ ဆွမ်းစားချိန်က အဝေးကြီး လိုသေးတာ။ ဆွမ်းကတော့ မနက်အစောကြီး ထချက်ထားတာကိုး ဗျ။ အမေ ဆွမ်းချိုင့်ပြင်နေတုန်း အဘက ရွာထဲက ပြန်ရောက်လာ တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုတုံးတော့ ကိုညာဏ်ရဲ့ ဘိုးညီလေး အခြေအနေ"

"သက်သာသွားပါပြီ၊ အပူလည်း ကျသွားပြီ၊ ငါနဲ့တောင် ထိုင်ပြီးစကားစမြည် ပြောလို့"

ဘိုးညီလေး ဖျားလို့ဗျ။ ကျုပ်အဘက မနက်အစောကြီး သတင်းမေးသွားတာ။

အဘရော အမေရော ဆွမ်းချိုင့်ကြီးဆွဲပြီး ဆရာတော့်ကျောင်းကို ဆွမ်းကပ်သွားကြတော့ ကျုပ်က အိမ်စောင့်ပေါ့ဗျာ။

လူဆိုတာက အားနေရင် နေတတ်တဲ့အမျိုး မဟုတ်ဘူးလေဗျာ။ ဆေးလိပ်ဖွာရင်ဖွာ၊ ရေနွေးသောက်ရင်သောက်၊ ပုတီးစိပ်ရင်စိပ်၊ ဝိုင်းဖွဲ့စကားပြောရင်ပြော၊ အိမ်အလုပ်ကလေး လုပ်ရင်လုပ်နေရမှ ဖြစ်တာလေဗျာ။

ကျုပ်လည်း အခုအားနေတော့ ရေနွေးကြမ်းသောက်မလို့ တစ်ခွက်ငှဲ့ထည့်လိုက်တယ်။ အမေတို့ အဘတို့က လက်ဖက်ခြောက်တော့ အကောင်းသောက်ကြတာဗျ။ ဇော်ဘွားနှုတ်ခမ်းမွေးကို ရအောင် ဝယ်သောက်တာ။ ရေနွေးငှဲ့လိုက်ကတည်းက ပျံတက်လာတဲ့ အငွေ့ထဲမှာ လက်ဖက်ခြောက်နံ့က ကြိုင်တက်လာလို့ဗျို့။

ရေနွေးကြမ်းဆိုတာကလည်း ပူပူလေးကို ဖူးကနဲ ဖူးကနဲ



www.burmeseclassic.com

www.burmeseclassic.com



မှုတ်သောက်မှ ကောင်းတာဗျ။ ရေနွေးကြမ်းလေး နှစ်ခါသောက်လိုက်ရုံ ရှိသေးဗျ။

"တာတေရေ၊ တာတေ"

ဝိုင်းဝကနေ ကျုပ်နာမည်ကို လှမ်းခေါ်လိုက်တဲ့အသံကြားလိုက်လို့ သောက်လက်စ အကြမ်းပန်းကန်ကို လင်ဗန်းထဲ ပြန်ချထားလိုက်တယ်။ ဝိုင်းဝကို လှမ်းကြည့်လိုက်တော့ ဟာ ဘန့်ဘွေးကုန်းက ကိုကြီးစိန်သောင်းဗျ။ ဝါးခမောက်ကလေး ဆောင်းလို့။

ကိုကြီးစိန်သောင်းဆိုတာက အရီးမလုံးကြည်ရဲ့ သားလေဗျာ။ အသက်က လေးဆယ်လောက်ရှိပြီ။ ဒါပေမဲ့ အခုထိ လူပျိုကြီးဗျ။

အိမ်ထောင်သာမကျတာဗျ။ ကိုကြီးစိန်သောင်းက အသားလတ်လတ်၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းမွှေးလေးစစနဲ့။ သူ့ငယ်ငယ်က အပျိုတွေ ကြိုက်ကြဆိုပဲ။ ဒါပေမဲ့ ကိုကြီးစိန်သောင်းကိုက သားယူ မယားယူ အိမ်ထောင်ထူရတာကို စိတ်မဝင်စားတာဗျ။

"ကိုကြီးစိန်သောင်း ဝင်ခဲ့လေဗျာ"

လို့ ကျုပ်က အသံပေးလိုက်တော့မှ ကိုကြီးစိန်သောင်းက ဝိုင်းထဲဝင်လာပြီး အိမ်ပေါ်တက်လာတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ရေနွေးကြမ်း အဆင်သင့် ငှဲ့ထားတယ်။ နဂါးဆေးပေါ့လိပ် အသစ်တစ်လိပ် ထုတ်ပေးထားတယ်။ ကျုပ်တို့အညာမှာက မောလာရင် ရေသောက်ကြတာ မဟုတ်ဘူးဗျို့။ ရေနွေးပူပူကိုပဲ တဖူးဖူးနဲ့ မှုတ်ပြီး သောက်ကြတာဗျ။

ကိုကြီးစိန်သောင်းက ဝါးခမောက်ကလေးကို ချွတ်လိုက်ပြီး သူ့ခမောက်ကလေးနဲ့ပဲ ယပ်ခတ်နေတယ်ဗျ။

"သောက် ကိုကြီးစိန်သောင်း၊ ရေနွေးကြမ်းလေး သောက်ဦးဗျ"

ကိုကြီးစိန်သောင်းက ကျုပ်ငှဲ့ပေးထားတဲ့ ရေနွေးကြမ်းပန်းကန်ကို ကောက်ယူပြီး နှုတ်ခမ်းမှာ တေ့လိုက်တယ်။ ပြီးတော့မှ ဖူးကနဲ ဖူးကနဲ မှုတ်ပြီး တစ်ကျိုက်ပြီး တစ်ကျိုက် သောက်တော့တာဗျို့။

"လက်ဖက်ခြောက်က ကောင်းလှချည်လားကွ၊ တာတေရ"

"ဟာ ကိုကြီးစိန်သောင်းကလည်း ကောင်းဆို စော်ဘွားနှုတ်ခမ်းမွေးလေဗျာ၊ အဘ မြို့က ဝယ်လာတာဗျ၊ ကျုပ်အဘနဲ့အမေက လက်ဖက်ခြောက်တော့ လွတ်ရွေးတာဗျ"

"အေး၊ နေပါဦး တာတေရဲ့၊ ဘိုးညဏ်တို့ အရီးငွေစိန်



www.burmeseclassic.com

www.burmeseclassic.com



တို့လည်း မမြင်ပါလားကွ"

"အဘနဲ့ အမေ အခုပဲ ထွက်သွားကြတာဗျ၊ ဆရာတော့် ကျောင်းမှာ ဆွမ်းသွားကပ်ကြတာ၊ ဒီနှစ် နှမ်းလေးကောင်းထား တော့ အဘတို့လည်း ပျော်နေကြတာဗျ"

"အေးကွ၊ ငါတို့လည်း ဒီနှစ်တော့ မဆိုးဘူးကွ၊ နှမ်းရ သား၊ တာတေရ"

"ကိုကြီးစိန်သောင်းတို့ရော နှမ်းတွေ သိမ်းလို့ပြီးပြီ လား"

"ပြီးသွားပြီကွ၊ နှမ်းသိမ်းပြီးလို့ အမောဖြေမလို့ ရှိသေး တယ်၊ ပြဿနာက ထပေါ်လာလို့ မင်းဆီ ပြေးခဲ့ရတာကွ"

"ဟင် ဟုတ်လား၊ ဘာပြဿနာတုံးဗျ၊ ကိုကြီးစိန် သောင်းရဲ့"

"ငါတို့ဝိုင်းအဝမှာ ခေါင်းကြီးတစ်လုံး ရောက်နေလို့ကွ တာတေရ"

"ဗျာ...ခေါင်း၊ ဟုတ်လား ကိုကြီးစိန်သောင်း၊ လူသေ ထည့်တဲ့ ခေါင်းလား"

"အေးလေ တာတေရာ၊ မင်းကလည်း ခေါင်းပါဆိုမှ လူသေမထည့်လို့ လူအရှင်ထည့်ရမှာလားကွ၊ မင်းကလည်း သိရာ



www.burmeseclassic.com

www.burmeseclassic.com



သမားတစ်ယောက် လုပ်နေပြီးတော့များ၊ ဒုံးဝေးနေပြန်ပါရော ကွာ"

"ဟာ…ကိုကြီးစိန်သောင်းကလည်း ကျုပ်က ဆရာသမား မဟုတ်ပါဘူးဗျ၊ ဆရာကြီးတွေနဲ့ လျှောက်လိုက်ဖူးတာပါ၊ ဆရာကြီးတွေ လက်တို့လက်တောင်းခိုင်းရင် လုပ်ပေးတဲ့ကောင်ပါ၊ ဒါတွေ ထားလိုက်ပါဗျာ၊ ကိုကြီးစိန်သောင်းတို့ ဝိုင်းဝကို အဲဒီခေါင်းကြီးက ဘယ်တုန်းက ရောက်တာတုံး"

"ဘယ်တုန်းက ရောက်တာတုံးဆိုတော့ ညကပေါ့ကွ၊ ဒီမနက်အစောကြီး ငါနဲ့ အမေနဲ့ ဘုန်းကြီးကျောင်းကို အရုဏ်ဆွမ်းပို့မလို့ ထွက်လာတော့ ဝိုင်းဝမှာ တွေ့တာပဲ တာတောရာ၊ ပြောရင်းနဲ့တောင် ကြက်သီးတွေ ထလာလိုက်တာကွာ"

"ခေါင်းက အသစ်လား၊ အဟောင်းလားဗျ၊ ရွှံ့တွေဘာတွေ ပေနေသလား"

"ခေါင်းက ကျွန်းသားခေါင်းကွ၊ ကျွန်းသားမှ အထူကြီးနဲ့ လုပ်ထားတာဟော့၊ ရောင်ဆီတွေဘာတွေ သုတ်လို့၊ ရောင်ဆီကလည်း တော်တော်ကောင်းတာ၊ ညိုမှောင်နေတာပဲကွ။ အဖုံးတွေဘာတွေ ကျကျနန ဖုံးထားတာ"

"ဟာ…ဟုတ်လား၊ ကိုကြီးစိန်သောင်း အဖုံးဖွင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သေးလား"

"ငါတော့ မဖွင့်ရဲဘူးကွ တာတေရ၊ ငါတို့တောင်ဘက်ဝိုင်းက ဘထွေးချစ်ထွန်းက လာပြီးဖွင့်ကြည့်တယ်။ အထဲမှာတော့ ဘာမှမပါဘူးကွ၊ ဒါပေမဲ့ ခေါင်းမှာ စာထွင်းထားတယ်ကွ၊ စာက မှိန်နေလို့ ဘထွေးချစ်ထွန်းက အဝတ်စုတ်ကို ရေဆွတ်ပြီး ပွတ်ကြည့်တော့မှ ပေါ်လာတာကွ"

"ဟင် ဟုတ်လား၊ စာက ဘာတဲ့တုံး"

"မဖဲဝါ အသက် (၄၄)နှစ်တဲ့ကွ"

"ဗျာ၊ ဘယ်လို ဘယ်လိုဗျ၊ ကိုကြီးစိန်သောင်းရဲ့"

"မဖဲဝါ အသက် (၄၄)နှစ်ပါ ဆိုမှကွာ"

ကျုပ် တော်တော်ကို အံ့ဩသွားတာဗျ။ ဒါမျိုး ကျုပ်တစ်ခါမှ မကြားဖူးဘူးလေဗျာ။

"ဟာ…ဒါဆိုရင် ဒီခေါင်းက မဖဲဝါ သေတုန်းက ထည့်တဲ့ ခေါင်းပေါ့ဗျ"

"ဟာ…ဒါတွေတော့ ဘာမှမသိဘူးလေကွာ၊ ဒါကြောင့်လည်း မင်းကို လာခေါ်တာပေါ့ တာတေရ၊ မင်း လိုက်ကြည့်ပြီး ဘာဖြစ်တာတုံးဆိုတာ ဝေဖန်ကြည့်ပေါ့ကွာ"

"အခု ဒီခေါင်းကြီးက ခင်ဗျားတို့ ဝိုင်းထဲမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ တာတေကလည်း ဒီလောက်ကျက်သရေမရှိတဲ့ ခေါင်းကြီးကို ဘယ်သူက ဝိုင်းထဲသွင်းထားမှာတုံးကွ၊ ငါတို့ဝိုင်း အပြင်မှာပဲပေါ့ကွ၊ ဒါပေမဲ့ ဘထွေးချစ်ထွန်းနဲ့ ငါနဲ့ မ,ပြီး ခြံစည်းရိုးနားတော့ ကပ်ထားတာပေါ့ကွ၊ အစက ဝိုင်းဝတည့်တည့်ကြီးမှာ ချထားတာကွ"

"ဟာ...ဒါဆိုရင် ဘန့်ဘွေးကုန်းသားတွေ လာကြည့်နေကြရောပေါ့ဗျ။

"အို ကြည့်လိုက်ကြတာမှကွာ၊ ရွှေမန်းတင်မောင်နဲ့ပြိုင်ပြီး ရုံသွင်းရင်တောင် ရွှေမန်းတင်မောင် ရှုံးလောက်တယ်ဟေ့၊ ဒါပေမဲ့ ခပ်လှမ်းလှမ်းကပဲ အုံကြည့်နေတာကွ၊ အနားတော့ တစ်ယောက်မှ မကပ်ရဲကြဘူး"

"ကဲ ဒါဆိုရင် ကိုကြီးစိန်သောင်း ပြန်ချင်ရင် ပြန်နှင့်၊ အဘနဲ့ အမေ ဘုန်းကြီးကျောင်းက ပြန်လာတော့မှ ကျုပ်လာခဲ့မယ်"

"ဟာ...မပြန်ပါဘူးကွာ၊ ဘိုးညာဏ်တို့ ပြန်လာမှ မင်းနဲ့ ငါ အတူတူသွားကြတာပေါ့ တာတေရာ"

ကျုပ်လည်း ကိုကြီးစိန်သောင်းနဲ့ စကားပြောရင်း စဉ်းစားကြည့်တာပဲဗျ။ ဒါ ဘာဖြစ်တာတုံးဆိုတာ ကျုပ်ဖြင့် နားကိုမလည်



www.burmeseclassic.com

www.burmeseclassic.com


ဘူးဗျာ။ ခေါင်းပေါ်မှာ မဖဲဝါ အသက် (၄၄)နှစ်လို့ ထွင်းထားတာက ဘာသဘောတုံး။ မဖဲဝါ သေတ္တာန်းက ထည့်ပြီးမြှုပ်တဲ့ ခေါင်းဆိုရင်လည်း ကြာလှပြီပဲ၊ ရှိပါဦးမလား။ မြေကြီးထဲမှာ ဆွေးသွားမှာပေါ့ဗျ။ တစ်ယောက်ယောက် နောက်တာလား၊ ဒါတော့ မဖြစ်နိုင်ဘူးဗျ။

ခဏနေတော့ အဘနဲ့ အမေ ပြန်ရောက်လာကြတယ်။

"ဟဲ့··ဒါ ဘန့်ဘွေးကုန်းက လုံးကြည်ရဲ့သား စိန်သောင်းမို့လား"

အမေက မျက်လုံးပေါ်မှာ လက်ကလေးကာပြီး မေးသဗျ။

"ဟုတ်ပါတယ်လေ အရီး၊ ဘိုးညာဏ် နေကောင်းရဲ့လား"

ကိုကြီးစိန်သောင်းက အဘကိုလည်း နှုတ်ဆက်တယ်ဗျ။

"ဟကောင် စိန်သောင်း၊ မင်း အခုထိ အိမ်ထောင်မပြုသေးဘူးလား၊ လူဆိုတာ အသက်ကြီးလာရင် ဆေးပေးမီးယူဆိုတာ လိုတယ်နော်"

"ဟာ···ဘိုးညာဏ်ရာ၊ ဆေးပေးမီးယူတွေ မရှိရင်လည်း နေပါစေဗျာ၊ ကျုပ်ဖြင့် အိမ်ထောင်ပြုချင်စိတ်ကို မရှိပါဘူးဗျာ"

"နို··နင် အခု ဘယ်ကလှည့်လာတာတုံး စိန်သောင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကမှ လှည့်မလာဘူး အရီးရေ၊ တာတေ့ဆီကိုပဲ တန်းလာတာဗျ"

ကိုကြီးစိန်သောင်းက အဖြစ်အပျက်ကို တစ်ခါထပ်ပြီး ပြောပြတယ်။ အဘရော အမေရော အံ့သြကြတာပေါ့ဗျာ။ ကျုပ်လည်း နဂါးဆေးပေါ့လိပ်ကလေး ဖွာရင်း ကိုစိန်သောင်း ပြောတာကို တစ်ခါပြန်ပြီး နားထောင်တယ်။ ဒါပေမဲ့ ကျုပ် ဘာမှမသိပါဘူးဗျာ။

အမေက ထမင်းပွဲပြင်ပြီး ကိုစိန်သောင်းကိုပါ ကျွေးတယ်။

ဒါ ကျုပ်တို့ အညာဓလေ့လေဗျာ။ အိမ်မှာ ထူးထူးခြားခြား ဟင်းကောင်းလေးဘာလေး ချက်တဲ့နေ့ဆိုရင် ဧည့်သည်မျှော်ကြတာဗျ။ ကိုယ့်အိမ်ရောက်လာတဲ့လူကို ကျွေးချင်မွေးချင်လွန်းလို့လေဗျာ။

ကျောက်ခဲတို့ သံမဏိတို့ဆိုတာ ကျုပ်တို့အိမ်မှာ စားနေကြ သောက်နေကြ ကောင်တွေပေါ့ဗျာ။ ဟင်းကောင်းချက်တဲ့နေ့မျိုးမှာ ဘယ်သူမှ မလာရင် အမေနဲ့ အဘက ကျုပ်ကိုလွှတ်ပြီး ကျောက်ခဲနဲ့ သံမဏိကို ခေါ်ခိုင်းတာဗျ။

အမေ့လက်ရာ ဝက်သားဟင်း သုံးမျိုးကို စားရတဲ့ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



စိန်သောင်းဆိုတာ ခေါင်းတောင်မဖော်တော့ဘူးဗျို့။

ထမင်းစားပြီးတာနဲ့ ကျုပ်နဲ့ ကိုကြီးစိန်သောင်းလည်း ဘန့်ဘွေးကုန်းကို ထွက်လာခဲ့ကြရောဗျ။

ဟုတ်ပါ့ဗျာ။ ဘန့်ဘွေးကုန်းရောက်တော့ ကိုကြီးစိန်သောင်းတို့ဝိုင်းရှေ့က မန်ကျည်းပင်အောက်မှာ ချထားတဲ့ ညှိမဲမဲခေါင်းကြီးကို တွေ့ရတယ်။ လူတွေကလည်း အုံကြည့်နေကြတုန်းပဲဗျ။ ဟုတ်တယ်ဗျို့။ ခေါင်းပျဉ်ပေါ်မှာ စာလုံးတွေ ထွင်းထားတာဗျ။

မဖဲဝါ အသက် (၄၄)နှစ်တဲ့ဗျို့။ ခေါင်းပျဉ်ပေါ်မှာ နာမည်ထွင်းတာ ဒီဘတ်ခေတ်မှာ မရှိတော့ပါဘူးဗျာ။ စက္ကူပေါ်မှာ စာရေးပြီး ခေါင်းမှာ ကပ်ကြတာပါပဲ။ ဒီဓလေ့နဲ့ ခေါင်းပေါ်မှာ ထွင်းထားတဲ့ စာလုံးတွေရဲ့ ရေးဟန်ပုံစံကို ကြည့်ရတာတော့ တော်တော်ကို ရှေးကျတဲ့အချိန်ဆိုတာ ကျုပ် မှန်းမိတယ်။

ကျုပ်က ခေါင်းကို သေသေချာချာ ကြည့်တယ်။ ရွှံ့တွေဘာတွေ ပေနေတာ ဘာမှမရှိဘူးဗျ။ အမြဲတမ်းကို တိုက်ချွတ်ပြီး သန့်ရှင်းထားတဲ့ပုံပဲဗျ။

ကျုပ်က ခေါင်းဖုံးကို ဖွင့်ကြည့်တယ်။ လေတော်တော်လုံတာဗျို့။ စရွေးကို ကိုက်နေတာဗျ။ တော်တော် တော်တဲ့လက်



www.burmeseclassic.com

www.burmeseclassic.com



သမားကောင်းတစ်ယောက် လုပ်ထားတဲ့ လက်ရာဗျ။

"တာတေ၊ မင်းကို အရှီးမယ်ဆိုးက တွေ့ချင်လို့တဲ့"

ခေါင်းကို တိုင်းကြည့်နေတဲ့ ကျုပ်ကို ကိုကြီးစိန်သောင်းက လာပြောတာဗျ။ ကျုပ်လက်နဲ့ တိုင်းကြည့်တာ ခေါင်းအရှည်က ခြောက်တောင်ရှိတယ်။ ဒီခေါင်းဟာ ရှေးခေတ်ကခေါင်းဆိုတာ သေချာတာပေါ့ဗျာ။ ရှေးခေတ်လူတွေက အရပ်ရှည်ကြတော့ ခေါင်းကို အခုလို ခုနစ်ပေ၊ ရှစ်ပေ လုပ်ကြရတာ ဖြစ်မှာပေါ့ဗျာ။

အရှီးမယ်ဆိုးဆိုတဲ့ ဘွားတော်ကြီးက ဒီဘန့်ဘွေးကုန်းမှာတော့ အသက်အကြီးဆုံးဗျ။ အသက် ၉၀ ကျော်ပြီ။ ဒါပေမဲ့ သန့်လိုက် မြန့်လိုက်တာတော့ ပြောမနေနဲ့ဗျို့။ အခုထိကို သွက်သွက်သွက်သွက် ဖြစ်နေတဲ့ ဘွားတော်ကြီးဗျ။

ပြီးတော့ အရှီးမယ်ဆိုးက ဒီအရပ်သူလည်း မဟုတ်ဘူး၊ အောက်သူဗျ။ အညာသားနဲ့ အိမ်ထောင်ကျပြီး လိုက်လာတာ။ ဒီမှာအနေကြာလို့သာ အညာသူ ဖြစ်သွားတာ။ ဘန့်ဘွေးကုန်းမှာတော့ အလှူအတန်းတွေ မင်္ဂလာဆောင်တွေရှိရင် ဘွားတော်ကြီး အရှီးမယ်ဆိုးကို ဘာမဆို တိုင်ပင်ပြီးမှ လုပ်ကြတာလေဗျာ။ ဘွားတော်ကြီးကလည်း မယ်ဆိုးသာဆိုတာ၊ လွှတ်စိတ်ကောင်းရှိတာဗျ။ စိတ်စေတနာကလည်း လွှတ်ကောင်းတဲ့ ဘွားတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ပါဗျာ။

ကျုပ်က ကိုကြီးစိန်သောင်းတို့အိမ်ပေါ်ကို တက်လိုက်သွားတယ်။ ဘုရားခန်းမှာ အရိုးမယ်ဆိုးက ထိုင်လို့ဗျ။ ဖွေးနေတဲ့ ဆံပင်တွေကို ခေါင်းမှာ ဆံထုံးလေး ထုံးလို့။ ပခုံးပေါ်မှာ ယောဂီ တဘက်ကလေး တစ်ထည်ကလည်း တင်ထားသေးတယ်။ လက်ကောက်ဝတ်မှာတော့ စိတ်ပုတီးလေးတစ်ကုံး ပတ်ထားတယ်။

"လာကွဲ့၊ ထိုင် လူလေး မောင်တာတေ"

"ဟုတ်ကဲ့ အသွား"

ကျုပ်က ပြောပြောဆိုဆိုနဲ့ ဘွားတော်ကြီးရှေ့ မလှမ်းမကမ်းလေးမှာ ဝင်ထိုင်လိုက်တယ်ဗျ။

"အေး…မောင်တာတေရေ၊ အသွားက မင်းလာမယ်ဆိုလို့ မျှော်နေတာကွဲ့၊ တော်တော်နဲ့ ရောက်မလာလို့တောင် စိတ်ထဲ ပူမိသေးတယ်"

"ကိုကြီးစိန်သောင်း ရောက်လာသော့ ကျုပ်အဘနဲ့ အမေတို့က ဆရာတော့်ကျောင်းကို ဆွမ်းပို့သွားနေလို့ စောင့်နေရတာ အသွားရဲ့၊ အမေတို့ ပြန်လာတော့ ထမင်းစားပြီးမှ သွားကြလို့ ပြောလို့ ကိုကြီးစိန်သောင်းရော ကျုပ်ရော ထမင်းစားနေရတာ အသွားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်…ဒါကြောင့် မင်းတို့ ကြာနေတာကိုး၊ အေး အေး၊ ဒီလိုကွဲ့ မောင်တာတေရဲ့၊ အခု ပိုင်းရှေ့မှာ ရောက်နေတဲ့ ခေါင်းက မဖဲဝါ သေတ္တာန်းက ထည့်ပြီးမြှုပ်တဲ့ခေါင်းအစစ်ပဲ လူကလေး"

"ဗျာ…အဘွား သိတယ် ဟုတ်လား"

"အေး‥အဘွား သိတယ်ကွဲ့၊ ဒါပေမဲ့ အဘွားကိုယ်တိုင် မီခဲ့တာတော့ မဟုတ်ဘူး၊ အဘွားတို့ ဘိုးဘွားတွေ အစဉ်အဆက် ပြောခဲ့ကြလို့ သိတာ"

ခင်ဗျားလည်း သိတာပဲဗျာ။ တာတေဆိုတဲ့ ကျုပ်က ဒါမျိုးဆိုရင် လွတ်စိတ်ဝင်စားတဲ့ကောင်ဗျ။

"ဟာ ပြောပြပါ အဘွားရယ်၊ ကျုပ် စိတ်ဝင်စားလို့ပါ ဗျာ"

"မဖဲဝါတို့ မောင်နှမ ပိုင်ခဲ့တဲ့ အင်းကြီးက အဘွားတို့ ဘိုးဘွားတွေနေတဲ့ နယ်ထဲမှာပဲကွဲ့၊ မဖဲဝါရဲ့အစ်ကို ဦးစံမဲ့ကြီး အရှင်လတ်လတ်ကနေ သရဲကြီးဖြစ်သွားတာတော့ မောင်တာတေ ကြားဖူးတယ်မို့လား"

"ဟုတ်ကဲ့ အဘွား၊ ကျုပ် ကြားဖူးပါတယ်"

"အေး‥သူ့အစ်ကိုက အရှင်လတ်လတ်ကနေ သရဲကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး ပျောက်သွားတဲ့အခါကျတော့ မဖဲဝါဟာ တော်တော်ကြောက်သွားတာတဲ့။ ဒါနဲ့ အင်းလုပ်ငန်းတွေလည်း ရပ်ပစ်လိုက်ပြီး သူတို့ ချမ်းသာသမျှကို လှူတန်းလုပ်တော့တာပဲတဲ့ကွယ်။ ဒါပေမဲ့ သိပ်နောက်ကျသွားပြီလေ၊ သူတို့မောင်နှမနှစ်ယောက် လုပ်ခဲ့တဲ့ အကုသိုလ်က နည်းတာမှ မဟုတ်တာ၊ တိုတိုပြောကြပါစို့ကွယ်၊ သူ့အစ်ကိုအတွက် စိတ်မကောင်းဖြစ်တဲ့စိတ်၊ သူတို့လုပ်ခဲ့တဲ့ အကုသိုလ် အလုပ်တွေအတွက် စိတ်မကောင်းမဖြစ်တဲ့စိတ်တွေနဲ့ ဦးစံမဲ့ မရှိတဲ့နောက် သိပ်မကြာဘူးတဲ့ အိပ်ရာထဲမှာ ဘုန်းဘုန်းလဲတော့တာဆိုပဲ။ ဆေးဆရာတွေပင့်ပြီး ကုပေမယ့် အကုသိုလ်တွေ ဖိစီးနေတော့ ဆေးက မတိုးဘူးပေါ့ကွယ်။ ဒါနဲ့ပဲ အသက် ၄၄ နှစ်မှာ မဖဲဝါ သေခဲ့ဟာ"

"အသက် သိပ်မကြီးသေးဘူးနော် အဘွား"

ကျုပ်က ဘွားတော် ဒေါ်မယ်ဆိုးကို ပြောလိုက်တာဗျ။

"အေးပေါ့ လူကလေးရဲ့၊ ၄၄ နှစ် ဆိုတဲ့ အသက်ဟာ ဘာကြီးလို့တုံး"

"ဟုတ်ကဲ့ အဘွား ဆက်ပြောပါဦးဗျ"

"အေး အေး၊ အဘွားပြောပြပါ့မယ်၊ မဖဲဝါက အင်းသူကြီး ဦးစံမဲ့ရဲ့ နှမပဲကွယ်၊ ချမ်းသာတာပေါ့၊ ဒီတော့ ခေါင်းစပ်



www.burmeseclassic.com

www.burmeseclassic.com



တာတောင် ကျွန်းပျဉ်အကောင်းစားနဲ့စပ်ပြီး ခေါင်းမှာလည်း မဖဲဝါ အသက် ၄၄ နှစ် ဆိုပြီး ကမ္ဗည်းသေသေချာချာထိုးပြီးမှ မြေမြှုပ်သင်္ဂြိုဟ်တာဆိုပဲ။ ဒါပေမဲ့ ရက်လည်တဲ့နေ့မှာပဲ တစ်နယ်လုံး အုတ်အော်သောင်းနင်း ဖြစ်ခဲ့ရတယ်တဲ့ဟော့"

"ဟင်...ဘာဖြစ်လို့တုံး အဘွားရဲ့"

"မဖဲဝါကို မြှုပ်ထားတဲ့ နေရာမှာ မြေပုံပွင့်ထွက်သွားပြီး ခေါင်းရော အလောင်းရော ပျောက်သွားလို့တဲ့ဟော့"

"ဟာ...ဟုတ်လား အဘွား"

"ဟုတ်တယ် မောင်တာတေ၊ ညဘက်ဆိုရင် ဟိုရွာဒီရွာတွေမှာ ဆံပင်ဖားလျားကြီးချလို့ ခေါင်းကြီးတစ်လုံး ပခုံးမှာထမ်းသွားနေတဲ့ မဖဲဝါကို တွေ့လိုက်ကြတယ်ဆိုပြီး သတင်းတွေထွက်လာတော့ တစ်နယ်လုံး အုတ်အော်သောင်းနင်း ဖြစ်ကြတော့တာပေါ့ကွယ်"

"မြှုပ်ထားတဲ့ မြေပုံကို တစ်ယောက်ယောက်ကလာပြီး တူးသွားတာလားမှ မသိတာ အဘွားရဲ့"

"မဟုတ်ဘူးတဲ့ကွဲ့၊ မြေပုံက သူ့အလိုလိုကို ပွင့်ထွက်သွားတာတဲ့ မောင်တာတေ"

"ဟာ...ဟုတ်လား အဘွား၊ ဒါဆိုရင် မဖဲဝါလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်ကို ဦးစံမဲလိုပဲ လူစင်စစ်ကနေ သရဲဖြစ်သွားတာ ထင်တယ်ဗျ"

"လူတိုင်းက ဒီလိုပဲ ပြောကြတာတဲ့ မောင်တာတေ၊ အဲဒီမှာတင် မဖဲဝါ သောင်းကြမ်းတော့တာတဲ့ဟေ့"

"ဟင် ဟုတ်လား အဘွား၊ ဘယ်လိုများ သောင်းကြမ်းတာတုံးဗျ"

"ဒီလိုတဲ့ဟေ့၊ ညဆိုရင် ရွာထဲဝင်ပြီး ဝိုင်းတစ်ဝိုင်းရှေ့မှာ အခုလိုပဲ မြေမြှုပ်ကဲ့ခေါင်းကြီး ချထားရောတဲ့၊ အဲဒီမှာတင် ဝိုင်းပိုင်ရှင်က အမဲသားရရ ကြက်သားရရ သေသေချာချာ ချက်ပြုတ်ပြီး ထမင်းထုပ် ထုပ်ရသတဲ့။ ပြီးရင် ခေါင်းကို ရွာပြင်က သုသာန်မှာ သွားထားပေးရတာတဲ့။ အဲဒီလို ထည့်မပေးဘဲ ခေါင်းကြီးပဲ သွားထားလို့ကတော့ တစ်ရက် နှစ်ရက်အတွင်းမှာကို အဲဒီအိမ်က လူတစ်ယောက် သေရောတဲ့ဟေ့"

"ဟာ ဟုတ်လား အဘွား၊ မဖဲဝါ တော်တော်ကြမ်းခဲ့တာကိုး"

"အေး...ဟုတ်တယ်၊ သူ အစားစားချင်လာရင် ခေါင်းကြီးထမ်းပြီး ဟိုရွာ ဒီရွာ လိုက်ချထားတာတဲ့ကွဲ၊ ဒီတုန်းကဆိုရင် လူတွေက မဖဲဝါကို တော်တော်ကြောက်ကြတာဆိုပဲ။ ရွာထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပရိုက်တွေရှုတ်လည်း မရဘူးတဲ့။ ညသန်းခေါင်လောက်မှာ ဆံပင်ဖားလျားကြီးချပြီး ခေါင်းကြီးထမ်းသွားနေတဲ့ မဖဲဝါကို ဟိုလူကတွေ့ ဒီလူကတွေ့နဲ့ဆိုတော့ ကြောက်တော့တာပေါ့ကွယ်"

"ဟာ…ဒါဆိုရင် အခုလည်း အဲဒီလို ပြန်လုပ်ပြန်ပြီထင်တယ် အဘွားရဲ့"

"အေး…အဘွားလည်း အဲဒီလို စဉ်းစားနေတာမောင်တာကေရဲ့၊ မဖဲဝါကို အဲဒီလို မလုပ်ရဘူးဆိုပြီး အထက်ပုဂ္ဂိုလ်ကြီးတွေက ဒဏ်ထမ်းခိုင်းခဲ့လို့ ဒီနေ့အထိ မြို့တွေ ရွာတွေထဲကိုတောင် မဝင်ရတော့ဘူးလို့ အဘွား ကြားဖူးတာကွဲ့၊ အခုဒီခေါင်းကြီးက လုံးကြည်တို့ဝိုင်းရှေ့ ရောက်နေတော့ စဉ်းစားရတော်တော်ခက်သွားတာကွဲ့၊ အဘွားလည်း အိမ်ပေါ်မတက်ခင်ခေါင်းကို သေသေချာချာ ကြည့်တယ်ကွဲ့၊ အဘွားတို့ ဘိုးဘွားတွေအစဉ်အဆက် ပြောခဲ့တဲ့ အဖြစ်အပျက်ထဲက ခေါင်းက ဒီခေါင်းပဲကွဲ့ မောင်တာတေရဲ့။ မင်းကတော့ မဖဲဝါအကြောင်းကို တော်တော်လေး သိလိမ့်မယ်ထင်တယ်၊ မဖဲဝါဟာ နှစ်ပေါင်းများစွာမလုပ်တော့တဲ့ ဒီအလုပ်ကို အခုလို ပြန်လုပ်တာ ဘာသဘောလို့ထင်တုံး မောင်တာတေ"

"ကျုပ်လည်း မထင်တတ်ဘူး အဘွားရဲ့၊ ဒါပေမဲ့ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထင်တော့ မဖဲ့ဝါဟာ ဒီလိုလုပ်ပြီး စားမယ့်သောက်မယ့်ပုံ မရှိဘူးဗျ၊ ဒါပေမဲ့ အရိုးလုံးကြည်တို့ပိုင်းရှေ့မှာကလည်း ခေါင်းကြီး ရောက်နေတော့ ခက်သားလားဗျာ"

"မောင်တာတေ စဉ်းစားပါဦးကွယ်၊ အဘွားတို့ ဘာ လုပ်ရင်ကောင်းမတုံး"

ကျုပ် စဉ်းစားကြည့်တယ်။ မဖဲ့ဝါအဆင့်ဟာ ဒီလိုလုပ်ရ မယ့်အဆင့် မဟုတ်ဘူးလို့ ကျုပ်ထင်တယ်။ ဒါပေမဲ့လည်း အရိုး လုံးကြည်တို့ပိုင်းရှေ့မှာ ရောက်နေတဲ့ ခေါင်းကြီးကလည်း မဖဲ့ဝါရဲ့ ခေါင်းလို့ ဘွားတော် ဒေါ်မယ်ဆိုးက ပြောနေပြန်ရောဗျ။

နောက်တော့ ကျုပ် အကြံရသွားတယ်ဗျို့။

"ကျုပ် အကြံရပြီ အဘွား"

"အေး...ပြော၊ မောင်တာတေ၊ ဒီခေါင်းကို ဘန့်ဘွေး ကုန်းသင်္ချိုင်းမှာ သွားထားမယ်၊ ပြီးတော့ ကျုပ်က မဖဲ့ဝါကို သပ်သပ်စားပွဲပေးပြီး ပင့်မယ်၊ မဖဲ့ဝါ ကြွလာရင် ဒီကိစ္စကို ပြောပြမယ်၊ ပြီးတော့ ဒီခေါင်းကို ပြလိုက်မယ်"

"ဟာ...တယ်ကောင်းတဲ့ အကြံပါလား မောင်တာတေ၊ နို့ မဖဲ့ဝါက မောင်တာတေ ပင့်လို့လာပါ့မလား"

"လာပါတယ် အဘွားရဲ့၊ နတ်ဝင်သည်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ လိုတာပေါ့ဗျာ"

"နတ်ဝင်သည် ဟုတ်လား၊ မနေ့ကတော့ မြို့က နတ်ဝင်သည်တစ်ယောက် ရောက်နေတယ်လို့ ပြောသံကြားတာပဲ။ ခုတော့ ပြန်သွားပြီလား မသိဘူး၊ ဟဲ့ လုံးကြည်၊ မိစိန်တို့အိမ်မှာ ရောက်နေတဲ့ နတ်ဝင်သည် ရှိသေးလား၊ ဒီမှာ မောင်တာတေက နတ်ဝင်သည် လိုတယ်လို့ ပြောလို့"

"မပြန်သေးဘူး ဘွားတော်ရေ၊ အဲဒါ ကျုပ် ခေါ်လာတာ တော့"

"ဟဲ့ ဒါ ဘယ်သူတုံး၊ လာလေ ဒီရှေ့ကို"

ဘွားတော် ခေါ်မယ်ဆိုးက ခပ်ငေါက်ငေါက် ခေါ်လိုက်တော့ စုထိုင်နေကြတဲ့ မိန်းမတွေထဲက အသက်သုံးဆယ်လောက်ရှိတဲ့ ခပ်ဝဝမိန်းမတစ်ယောက် ထွက်လာပြီး ဘွားတော်ရှေ့မှာ သွားယှိုင်တယ်ဗျ။

"ဟဲ့…ဒါ မြောက်ပိုင်းက စိန်ရှင့်သမီး လုံးတင်မို့လား၊ မြို့က နတ်ကတော်ကို ညည်းခေါ်လာတာလား"

"ဟုတ်တယ် ဘွားတော်ရဲ့၊ မေးချင်စမ်းချင်တဲ့သူတွေ မေးရအောင်ဆိုပြီး ခေါ်လာတာတော့"

"အေးပါ အေးပါ၊ နို့ အဲဒီနတ်ကတော်ရောဟဲ့ လုံးတင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့အိမ်မှာတော့၊ နတ်ပေါ့ပောနေတယ်"

"မလုံးတင် ခင်ဗျား နတ်ကတော်ကို အကူအညီတောင်း ပေးပါဗျာ၊ ကျုပ် ဒီည မဖဲဝါကို ပင့်မလို့၊ အဲဒါကူညီပေးပါလို့"

"ရပါတယ် တာတေရ၊ ငါပြောလိုက်ပါမယ်"

"ဟဲ့ လုံးတင်၊ နတ်ကတော်က နာမည်ဘယ်သူတဲ့တုံး၊ ဘယ်အရွယ် ရှိပြီလဲဟဲ့"

"ဘွားတော်ရေ၊ နာမည်က ဒေါ်တောက်၊ အသက်က ငါးဆယ်လောက် ရှိပြီတော့"

"သြော်..အေး၊ ကောင်းတယ်၊ ကောင်းတယ်၊ ဒီအရွယ် ဆိုတော့ အတွေ့အကြုံ ရှိတာပေါ့ဟယ်၊ ငယ်ငယ်ရွယ်ရွယ်ဆိုရင် မဖဲဝါ ဝင်ပူးမှာကို ဘွားတော်က စိတ်မချလို့ပါအေ၊ ကဲ မောင်တာ တေရေ၊ အားလုံးအဆင်ပြေပြီဟေ့၊ မင်းလုပ်စရာတွေ လုပ်ပေ တော့"

"မှတ်ကဲ့ အဘွား"

ကျုပ်နဲ့ ကိုကြီးစိန်သောင်းက ရွာထဲထွက်ပြီး ကြက်ဝယ်ဖို့ စုံစမ်းကြတယ်။ ဒီမှာတင် ကိုအောင်ဘော်နဲ့တွေ့လို့ သကောင်းတစ်ခု ရရောဗျ။

"တာတေ၊ အမဲသားရရင် ယူမလား"



www.burmeseclassic.com

www.burmeseclassic.com



လို့ ကိုအောင်ဘော်က ကျုပ်ကို မေးတယ်။

"ဟာ ကိုအောင်ဘော်ကဗျာ 'ရရင်ပိုကောင်းတာပေါ့၊ ဒါပေမဲ့ အမဲသားက မြို့သွားမှ ရမှာလေ၊ ဘယ်မီတော့မှာတုံး"

"မြို့မသွားရဘူးကွ တာတေရ၊ ဒီရွာမှာတင် ရမှာ၊ ထိန်ကုန်းက ငပေတို့ အမဲပေါ်လို့ တိတ်တိတ်လာပို့ထားတာ၊ မြောက်ပိုင်းက ကိုဝက်ကြီးအိမ်မှာ ရှိတယ်။ စောစောကတော့ နှစ်တွဲကျန်သေးတယ်၊ နှစ်ပိဿာကွာ၊ ငါသွားပေးမယ်။ စိန်သောင်း ငါ့ကို ပိုက်ဆံသာ ပေးလိုက်"

"ဘယ်ဈေးတဲ့တုံး"

ကိုကြီးစိန်သောင်းက မေးတာဗျ။

"တစ်ဆယ်ဈေးလို့ ပြောတယ်ကွ စိန်သောင်းရ"

ကိုစိန်သောင်းက ကိုအောင်ဘော်ကို ငွေနှစ်ဆယ် ထုတ်ပေးလိုက်တယ်။

ခဏကြာတော့ ငှက်ပျောဖက်နဲ့ ထုပ်ထားတဲ့ အထုပ်တစ်ထုပ်မပြီး ကိုအောင်ဘော် ပြန်ရောက်လာတယ်။ အရီးလုံးကြည်အိမ်မှာက လူသိပ်များနေလို့ ကိုအောင်ဘော်တို့အိမ်မှာပဲ ထမင်းဟင်းတွေ ချက်ကြတယ်။

ညကိုးနာရီထိုးတော့ ကျုပ်ရယ်၊ ကိုစိန်သောင်းရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ဘော်ရယ်၊ ရွာထဲက ကာလသားတွေရယ်၊ နတ်ကတော် ဒေါ်တောက်ရယ်၊ ဘန့်ဘွေးကုန်းသင်္ချိုင်းထဲကို ရောက်လာကြတယ်။ ထမင်းတောင်း ထမ်းတဲ့လူကထမ်း၊ မဖဲဝါရဲ့ခေါင်းကြီးကို ဝိုင်းပြီးထမ်းတဲ့လူကထမ်းပေါ့ဗျာ။ အမှတ်တမဲ့ မြင်လိုက်ရင်တော့ ကျုပ်တို့ အသုဘချလာတယ်လို့ ထင်မှာပေါ့ဗျာ။

သင်္ချိုင်းထဲရောက်တော့ မျက်နှာပြင်ညီတဲ့ ဂူကြီးတစ်လုံးကို ကျုပ်က ရွေးလိုက်တယ်။ ဂူကတော့ တော်တော်ဟောင်းနေပါပြီ။ ဂူပေါ်မှာ ကျုပ်က ထမင်းထုပ်ဖြည်ပြီး တင်လိုက်တယ်။ တစ်နေကုန် ချက်ထားတဲ့ အမဲသားက နူးအိပြီး မွှေးကြိုင်နေတာဗျ။ ဂူပေါ်မှာ ရေဖလားနဲ့ ရေတစ်ခွက် ချထားတယ်။ ဖယောင်းတိုင်တစ်တိုင်လည်း ထွန်းလိုက်တယ်။

နတ်ကတော် ဒေါ်တောက်ကတော့ ဆံပင်တွေကိုဖြည်ပြီး ဖားလျားချလိုက်တယ်။ လက်အုပ်ချီပြီး သူ့လိပ်ပြာကို သိပ်နေပုံပဲဗျ။

"အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါ့ကွန်၊ မြောက်ရုဝံအတွင်း ရောက်ရာအရပ် ရှိရာအရပ်ကနေ သင်္ချိုင်းရှင်မ မဖဲဝါ ဒီနေရာ ဒီဌာနသို့ မြန်မကြာ လှမ်းကာကြွခဲ့ပါခင်ဗျာ။ ထနောင်းကုန်းက တာတေက စားပွဲဖြင့် ကြိုဆိုပါတယ် မဖဲဝါ၊



www.burmeseclassic.com

www.burmeseclassic.com



ကြွပါ၊ ကြွပါ၊ ကြွပါ"

ကျုပ်က မျက်ကွင်းဆေး ကွင်းပြီးသားဗျ။ ပတ်ဝန်းကျင်ကို ကျုပ်ကြည့်တယ်။ ဘာမှ ထူးထူးခြားခြား မတွေ့ရဘူး။

"ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

ဟော ဒါ မဖဲဝါရဲ့ ခွေးကြီးအသံဗျ။ နက်ကျော်ကြီးအသံလေဗျာ။ ကျုပ် ကောင်းကောင်းမှတ်မိပါတယ်။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

ဟော နီးလာပြီဗျို့။ နက်ကျော်ကြီးအသံ တဖြည်းဖြည်းနီးလာပြီဗျို့။ နက်ကျော်ကြီးအကြောင်းကို ကျုပ်ရေးခဲ့ဖူးပါတယ်။ နွားပေါက်တစ်ကောင်လောက်ရှိတဲ့ ခွေးနက်ကြီးလေဗျာ။ 'မဖဲဝါစီးတဲ့ကျား' တို့ 'ငရဲဝူက တခွေ့ထောင်' တို့မှာ နက်ကျော်ကြီးအကြောင်းကို ကျုပ်ရေးခဲ့တယ်လေဗျာ။

ဟော လာပြီဗျို့။ မဖဲဝါ လာပြီ။ သချိုင်းဂူတွေအပေါ်ကကျော်ပြီး ရွှေ့လာတာဗျို့။ အရပ်ကြီး ဆယ်ပေကျော်လောက်ရှိတယ်ဗျ။ ဆံပင်ဖားလျားကြီးချလို့။ မျက်လုံးနီနီကြီးတွေကအကြမ်းပန်းကန်လုံးတွေလောက်ကို ရှိတာဗျာ။

ဟော၊ ကျုပ် စားပွဲပြင်ထားတဲ့နေရာကို လှမ်းကြည့်နေတယ်ဗျ။ ဟော ပြေးလာပြီဗျို့။ ရိပ်ကနဲ ဝင်ကပ်လိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တောက်ဆီကို ဝင်ကပ်လိုက်ပြီ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီ၊ အီ၊ အီ"

အကောင် မမြင်ရဘဲ အသံပဲ ကြားလိုက်ရတဲ့ မဖဲဝါရဲ့ ခွေးနက်ကြီးအူသံကြောင့် ကိုကြီးစိန်သောင်းရော ရှာကလိုက်လာတဲ့ ကာလသားတွေရော နောက်ကို တော်တော်ဝေးဝေးအထိ ဆုတ်သွားကြတယ်။ ကျုပ်ကတော့ ခွေးနက်ကြီးကို မြင်နေရတာပေါ့ဗျာ။ စားပွဲပြင်ထားတဲ့ ဝူနဲ့ မလှမ်းမကမ်းမှာ ထိုင်နေတာဗျ။

ဒေါ်တောက်က လက်တွေ ခြေတွေ ကွေးကောက်ပြီး ကိုရှိကားရားကြီးနဲ့ ဝူပေါ်ကို လွှားကနဲ ခုန်တက်သွားတယ်။

"ဟာ"

ဘန်ခွေးကုန်းက ကာလသားတွေ လန့်ပြီးအော်လိုက်ကြတာဗျ။ ကျုပ်က နောက်လှည့်ပြီး လက်ကာပြလိုက်တယ်။

မဖဲဝါက ဝူပေါ်မှာ ဒူးကြီးတစ်ဖက်ထောင်ပြီး ထိုင်ချလိုက်တယ်။ ယော စားပြီဗျို့၊ စားပြီ။ အမဲသားတုံးတွေကို အားရပါးရကို စားတာဗျာ။ ထမင်းပုံကြီးက ပြိုက်ကနဲ ပြိုက်ကနဲကို ကုန်သွားတာဗျ။ သူစားလို့ ဝတော့မှ ကျန်တဲ့ထမင်းလုံး ဟင်းတွေကို ငှက်ပျောဖက်ပါယူပြီး ခွေးနက်ကြီးဘက်ကို ပစ်ချလိုက်တယ်။

ဟာ...စားပြီဗျို့။ နက်ကျော်ကြီးလည်း အမဲသားတွေ



www.burmeseclassic.com

www.burmeseclassic.com



စားနေပြီဗျို့။ မဖဲဝါက ရေသောက်ရင်း ကျုပ်ကို လှမ်းကြည့်တယ်။

"ဒီလိုပါ မဖဲဝါ၊ ဘန့်ဘွေးကုန်းက အရီးမလုံးကြည်တို့ အိမ်ဝိုင်းရှေ့မှာ ဟောဒီခေါင်းကြီး ရောက်နေလို့ပါ၊ ရွာထဲကလူတွေလည်း ကြောက်နေကြပါတယ် မဖဲဝါ"

ကျုပ်က မြက်ခင်းထဲမှာ ချထားတဲ့ ခေါင်းကို လက်ညှိုးထိုးပြလိုက်တယ်။ ဒီတော့မှ မဖဲဝါက ခေါင်းကြီးကို မြင်သွားတာဗျ။ ခေါင်းကို မျက်လုံးပြူးကြီးနဲ့ ကြည့်နေတယ်။

"အီး...........အား၊ အီး.........."

မဖဲဝါ အော်လိုက်တဲ့ အသံကြီးက သချိုင်းတစ်ခုလုံး ကျော်ထွက်သွားတယ်ဗျ။ မဖဲဝါ တော်တော်ကို ဒေါသဖြစ်သွားတဲ့ ပုံပဲဗျို့။

ဟော...မဖဲဝါ သချိုင်းအနောက်ဘက်ကို လှမ်းကြည့်နေတယ်ဗျ။ ကျုပ်လည်း မဖဲဝါကြည့်တဲ့ဘက်ကို လိုက်ကြည့်လိုက်မိတာပေါ့ဗျာ။

ဟာ၊ လာပြီဗျို့။ လာပြီ။ မည်းမည်းအကောင်ကြီးဗျာ။ နည်းတဲ့အကောင်ကြီး မဟုတ်ဘူးဗျ။ ကျုပ်လည်း ကိုကြီးစိန်သောင်းတို့ လူစုဘက်ကို ခပ်သုတ်သုတ်ပြေးပြီး ကပ်လိုက်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဗျာ။

ဟော၊ မဖဲဝါ ဒေါ်တုတ်ကိုယ်ထဲကနေ ထွက်လိုက်ပြီဗျို့။ ဟာ အရပ်ဆယ်ပေကျော်လောက်ကြီး ပြန့်ဖြစ်သွားပြီဗျာ။ သင်္ချိုင်း အနောက်ဘက်က ဝင်လာတဲ့ မည်းမည်းအဟောင်ကြီးက ဆံပင် ဖားလျားကြီးနဲ့ဗျို့။ တစ်ကိုယ်လုံး အမွေးမည်းမည်းကြီးတွေ ဖုံးနေ တာဗျာ။ မျက်လုံးနီနီကြီးတွေနဲ့ ကျုပ်ကို တစ်ချက်လှမ်းကြည့် တယ်။

"အီး.........အား.........အီး"

မဖဲဝါက ဒေါသတကြီးနဲ့ အော်ပြန်ရောဗျာ။ ဒီတစ်ခါ အော်တာကိုတော့ ဘန့်ဘွေးကုန်းသားတွေ မကြားတော့ဘူးပေါ့ ဗျာ။ ကျုပ်ကတော့ မျက်ကွင်းဆေးကွင်းပြီး ကျန့်တာကို နားနှစ်ဖက် ပါ ပွတ်ထားတော့ ဒီဗွေသောတလို့ခေါ်တဲ့ အကြားအာရုံပါ ရတော့ တာပေါ့ဗျာ။

"ဟဲ့ ငမဲ၊ နင် ဒါ ဘာလုပ်တာတုံး၊ နင့်ကို ယုံကြည်လို့ မဖဲဝါရဲ့ တလားစောင့်တာဝန် ပေးထားတာ၊ ဒီတလားသာ မသမာ သူလက်ထဲ ရောက်သွားရင် ငါဘာဖြစ်မယ်ဆိုတာ နင်သိရက်သား နဲ့ အခု ဘာလုပ်တာတုံး"

"စား၊ စား၊ စား၊ စား"



www.burmeseclassic.com

www.burmeseclassic.com



ငမဲက စကားမပြောနိုင်ဘူးဗျ။ လက်ကို အစာစားသလို လုပ်ပြပြီး စား၊ စား၊ စားလို့ပဲ ပြောတာဗျ။

"နင့်အကုသိုလ်ကြောင့် နင်အစာ မစားရတာကို၊ နင် ဒီလိုလုပ်လို့ ရမလား ငမဲ"

မြန်လိုက်တဲ့ မဖဲဝါဗျာ၊ စကားဆုံးတာနဲ့ လေထဲမှာ ရိပ်ကနဲ ရွေ့သွားပြီး လက်ဝါးကြီး လေထဲမြောက်တက်သွားတယ် ဗျို့။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

"အီး.........."

ငမဲကြီးရဲ့ ကျောကုန်းကို မဖဲဝါက သူ့လက်ဝါးကြီးနဲ့ ဆက်တိုက်ရိုက်ချလိုက်တယ်။

'အီး......' ဆိုတာက ငမဲကြီး မချိမဆံ့အော်တဲ့ အသံ ကြီးပေါ့ဗျာ။

"နင် အခုချက်ချင်း ထွက်သွား၊ သချိုင်းရှင်မရဲ့ တလား စောင့်တာဝန်ဟာ နင်နဲ့ မတန်ဘူး၊ သွား"

ငမဲကြီး ပြေးတော့တာပဲဗျို့။ မဖဲဝါက သူ့ရဲ့ ခေါင်းကြီး ကို ကောက်ယူပြီး သူ့ပခုံးမှာ ထမ်းလိုက်တယ်။ ကျုပ်ကို တစ်ချက် လှည့်ကြည့်ပြီးတော့ ဝူတွေပေါ်ကနေ ရိပ်ကနဲ ရိပ်ကနဲ ရွေ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားရောဗျို့။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီ၊ အီ၊ အီ"

မဖဲ့ဝါရဲ့ ခွေးနက်ကြီးကလည်း မဖဲ့ဝါရဲ့နောက်ကနေ အပြေးအလွှား လိုက်သွားလေရဲ့။

ဒီတော့မှ ကျုပ်တို့လည်း ဂူပေါ်မှာ သတိလစ်နေတဲ့ ဒေါ်တောက်ကို ရေနဲ့တောက်ပြီး နှိုးရတော့တာပေါ့ဗျာ။

"ဝါး"

ဟော ဒေါ်တောက် သတိရလာပြီ။ တော်ပါသေးရဲ့ဗျာ။ ကျုပ်က အသင့်ပါလာတဲ့ ရေပုံးထဲကရေနဲ့ ဒေါ်တောက်ကို ပါးစပ်တွေ လက်တွေ ဆေးခိုင်းလိုက်တယ်။

"တာတေ၊ မဖဲ့ဝါရဲ့ခေါင်းကြီး ဒီနားမှာ ချထားတာ ပျောက်သွားပါရောလား၊ ဘယ်လိုဖြစ်လို့တုံးကွ"

ကိုကြီးစိန်သောင်းက ကျုပ်ကို တအံ့တသြ မေးတာပေါ့ ဗျာ။

"မဖဲ့ဝါ သူ့အခေါင်းကို သူပြန်သိမ်းသွားပြီဗျ၊ တလားစောင့်တာဝန်ပေးထားတဲ့ ငမဲဆိုတဲ့ သရဲကြီးက စားချင်သောက်ချင်လွန်းလို့ လုပ်လိုက်တာပါ၊ ငမဲကြီးကို မဖဲ့ဝါကိုယ်တိုင် ရိုက်ပြီး ဆုံးမလွှတ်လိုက်တာဗျို့။ ငမဲကြီးလည်း ပြေးတော့တာပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်၊ မင်း အဲဒါတွေ အကုန်မြင်ရတယ်၊ ဟုတ်လား တာတေ"

"ဟာ၊ ကိုကြီးစိန်သောင်းကလည်း ကျုပ်က မျက်ကွင်း ဆေး ကွင်းထားတာလေဗျာ၊ အားလုံး မြင်ရ ကြားရတာပေါ့"

ကျုပ်တို့တွေ ဘန့်ဒွေးကုန်းကို ပြန်ရောက်တော့ တစ်ရွာ လုံး ဘယ်သူမှ မအိပ်ဘဲ စောင့်နေကြတာဗျို့။ ကျုပ်က ဘွားတော် ကြီး ဒေါ်မယ်ဆိုးကို အကျိုးအကြောင်းတွေ ပြောပြပြီးတော့ ထနောင်းကုန်းကို ပြန်လာခဲ့တယ်။

ကိုကြီးစိန်သောင်းနဲ့ ကိုအောင်ဘော်က ကျုပ်ကို လိုက်ပို့ ကြတယ်လေဗျာ။ ကျုပ် ထနောင်းကုန်း ပြန်ရောက်တော့ သန်းခေါင် ကြက်တောင် တွန်နေပြီဗျ။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com



# မဖဲဝါထမ်းတဲ့ ခေါင်း

"တာတော၊ အရီးရောဟဲ့"

ကျုပ်တွေးနေတာဗျ။ မဖဲဝါ သေတုန်းက ထည့်ပြီးမြှုပ်တဲ့ ခေါင်းကြီး ဘန်ဒွေးကုန်းကို ရောက်လာခဲ့ပြီး တလားစေ့

**အရှေ့ဘက်တောင်းတင်**

www.burmeseclassic.com

www.burmeseclassic.com



ငမဲကြီးကို ကျုပ်ရှေ့မှာတင် မဖဲ၀ါက ရိုက်ပြီးဆုံးမခဲ့တယ်။ ပြီးတော့ မဖဲ၀ါက ငမဲကြီးကို ပြောခဲ့တယ်။

"သန်းချိုင်းရှင်မ မဖဲ၀ါရဲ့ တလားဟာ မသမာသူတွေ လက်ထဲရောက်သွားရင် ငါ့ဘာဖြစ်မယ်ဆိုတာ နင် မသိဘူးလား" တဲ့။

ဒါ ဘာကို ဆိုလိုတာတုံး။ ကျုပ်တွေးပေမယ့် နားမလည် ပါဘူးဗျာ။

ဒါပေမဲ့ တစ်ခု ကျုပ်သိသွားတယ်ဗျ။ အဲဒီတုန်းက မဖဲ၀ါ ဟာ သေတာမဟုတ်နိုင်ဘူး။ အရှင်လတ်လတ် ဘ၀ကူးနေတာ ဖြစ်လိမ့်မယ်။

"ဟဲ့ တာတေ"

"အောင်မယ်လေးဗျ"

"နင် ဘာတွေ ဒီလောက်တွေးနေတာတုန်း၊ ထွေးလေး ခေါ်နေတာတောင် မကြားပါလား"

"ဟိုတစ်လောက ဘန်ဘွေးကုန်းကို ရောက်လာတဲ့ မဖဲ၀ါ ရဲ့ ခေါင်းကြီးအကြောင်း တွေးနေတာ ထွေးလေးရဲ့"

"အေးဟယ်၊ အဲဒီကိစ္စကြီးကလည်း ကြောက်စရာကြီး ပါလား တာတေရယ်"

"ဟုတ်တယ် ထွေးလေးရေ၊ မဖဲ၀ါကြီး ရောက်လာပြီ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါင်းကို ပြန့်သိမ်းသွားလို့သာပေါ့ဗျာ၊ နို့မဟုတ်ရင် အဲဒီခေါင်း စောင့်တဲ့ ငမဲကြီးက ဘယ်လောက်များ မွှေဦးမလဲ မသိဘူးဗျ”

“အေးလေဟာယ်၊ နို့…အရီးရော တာတေ”

“မီးဖိုချောင်ထဲမှာဗျ၊ ထွေးလေးရ၊ ဘာတွေ လာပို့တာ တုံး”

“ကြက်သားပါဟယ်၊ အိမ်မှာ ကြက်သားချက်လို့၊ အရီး ကို တစ်ခြမ်းလာပို့တာပါ”

ပြောရင်းနဲ့ ထွေးလေးက အိမ်နောက်ဖေးကို ဝင်သွားရော ဗျ။

ဒီတော့မှ ကျုပ်လည်း ဆက်တွေးရတော့တာပေါ့ဗျာ။ မဖဲဝါဟာ အကုသိုလ်တွေ များလွန်းလို့ အရှင်လတ်လတ်ကနေ သရဲဘဝကူးတာ ဖြစ်မယ်ဗျ။ ကျုပ်တော့ မကြာမကြာ တွေ့ဖူး တယ်။ ခင်ဗျားရော တွေ့ဖူးသလား မပြောတတ်ဘူး။

သစ်ရွက်ထူထူကြီးတွေမှာ ဖောက်ဖတ်တွေ အိမ်ဖွဲ့ကြတာ လေဗျာ။ သူတို့ကိုယ်က ထွက်တဲ့ အစေးတွေကို ချည်မျှင်လို အမျှင်တွေဆွဲပြီး သစ်ရွက်မှာ အိမ်ဖွဲ့ကြတာဗျ။ အိမ်လား ဂူလား တော့ မသိဘူး။ ဝင်ပေါက် ထွက်ပေါက်လည်း မတွေ့ရဘူး။ လေဝင်ပေါက်တောင်မှ ရှိရဲ့လား မသိဘူးဗျ။ အဲဒီအထဲက ဖောက်ဖတ်က ဝင်အောင်းနေတာ ဘယ်လောက်ကြာတယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မသိဘူးဗျ။ ကျုပ်စိတ်ထင် ပြောရရင်တော့ တစ်လခွဲလောက်တော့ ရှိမယ်ထင်တယ်။ အထဲကနေ ရောင်စုံလိပ်ပြာဖြစ်ပြီး ထွက်လာတာဗျ။ ဖောက်ဖတ်မဟုတ်တော့ဘူး။

ကျုပ်သိတာတော့ ဒါဟာ အရှင်လတ်လတ် ဘဝကူးတာပဲဗျ။ မဖဝါလည်း အဲဒီလိုပဲ ဖြစ်လိမ့်မယ်ထင်တယ်။ သူကတော့ ခုနစ်ရက်လောက်နဲ့ ဘဝကူးသွားပုံပဲဗျ။

သူ့ကို မြှုပ်ထားတဲ့ မြေပုံကြီး 'ဝှန်း'ကနဲ ပွင့်ထွက်သွားပြီး သူ့ကို မြှုပ်ထားတဲ့ ခေါင်းကြီးပါ မြေပေါ်ကို မြောက်တက်လာတာ ဖြစ်မယ်ဗျ။

မဖဲဝါ အရှင်လတ်လတ် ဘဝကူးခဲ့တဲ့ ခေါင်းကြီးဟာ လွှတ်စွမ်းနေပုံပဲဗျ။ ဒီခေါင်းထဲမှာ ဝင်ပြီး အရှင်လတ်လတ်ကနေ ဘဝတစ်ခုပြီး တစ်ခု ထပ်ထပ်ပြီး ကူးသွားလို့ရတဲ့ပုံပဲဗျ။ အတတ်ပညာတွေတော့ လိုမှာပေါ့ဗျာ။ အဲဒီလို အတတ်ပညာတွေ တတ်ထားတဲ့လူတွေကလည်း မဖဲဝါရဲ့ ခေါင်းကြီးကို လိုချင်ကြမှာပဲဗျ။

ကျုပ်က ခနဖြူဒေါ်ရီ ကြေးမီးခြစ်ကလေးကို ခတ်ပြီး နဂါးဆေးပေါ့လိပ်ကို မီးညှိလိုက်တယ်။

"ဟဲ့ တာတေ၊ မဖဲဝါရဲ့ခေါင်းအကြောင်း တွေးလို့ပြီးပလား"

ထွေးလေးက ပြန်ကာနီး ကျုပ်ကို စနေသေးတာဗျ။

*

**အရှေ့ဘက်ကောင်းတော်**

www.burmeseclassic.com

www.burmeseclassic.com



ထွေးလေးဆိုတာက ကျုပ်တို့ဝိုင်းတောင်ဘက် တစ်ဝိုင်းကျော်က ဗျ။ နာမည်က 'မမြပို'တဲ့။ ကျုပ်တို့ကတော့ ထွေးလေးမြပိုလို့ ခေါ်ကြတယ်။ ထွေးလေးမြပိုက အမေ့ဆီ လွှတ်ခင်တာဗျ။ ဘာ ဟင်းကောင်းလေးချက်ချက် အမေ့ကို လာပို့တာ"

ဒီနေ့တော့ အဘက ဘုရားစင်ရှေ့မှာ ဘုရားရှိခိုးလို့ဗျ။ ရွာထဲမသွားသေးဘူး။ ဘုရားရှိခိုးပြီး ပရိတ်ဆယ့်တစ်သုတ် အကုန် ရွတ်တယ်။ ပြီးတော့ ပဋ္ဌာန်းနှစ်ဆယ့်လေးပစ္စည်းကို အပြန်အလှန် ရွတ်တယ်ဗျ။

ထမင်းစားချိန်ရောက်တော့ ထွေးလေးမြပို့ လာပို့တဲ့ ကြက်သားကို အမေက ဆီပြန်စပ်စပ်ကလေး ချက်လို့ဗျ။ မောင် မခေါ်ပဲကို ဆူးပုတ်ရွက်အုပ်ချက်ထားတယ်။ ပြီးတော့ ကျုပ်တို့ အညာရဲ့ ပင်တိုင်ဟင်းတစ်ခွက်ပေါ့ဗျာ။ ခရမ်းချဉ်သီးပန်တွေဖျော် လေဗျာ။ ကျုပ်ဖြင့် ထမင်းစားလို့ ကောင်းလိုက်တာဗျာ။

စားသောက်လို့လည်းပြီးရော ကျုပ်က ဝိုင်းထဲက မန်ကျည်းပင်ကြီးအောက်က သစ်သားကွပ်ပျစ်ပေါ်ကို ဆင်းလာခဲ့ တယ်။ ဆေးလိပ်ကလေး ထိုင်ဖွာရင်း ဝိုင်းထဲ ဟိုကြည့် သည်ကြည့် ကြည့်နေတယ်။

ခဏနေတော့ မျက်စိလေးလာတာနဲ့ ဝါးပိုးခြမ်းခေါင်းဦး ပေါ်မှာ ပုဆိုးဟောင်းလေးခေါက်ပြီး ခင်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်လေးနေတော့ ဝါးပိုးခြမ်းပေါ် ခေါင်းတင်လိုက်တာနဲ့ တစ်ခါတည်း အိပ်ပျော်သွားရောဗျို့။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

ကျုပ်နားထဲတော့ ကြားသားဗျ။ မျက်စိက ဖွင့်လို့မရဘူး ဖြစ်နေတယ်။ ဒါ ကျောက်ခဲအသံဗျ။

"ကိုကြီးတာတေ"

ဒီကောင်က ခေါင်းရင်းနဲ့ ကျုပ်အနား ရောက်လာရောဗျို့။ ဒီတော့မှ ကျုပ်ကလည်း မျက်စိဖွင့်လို့ ရသွားတာဗျ။

"ဟင်…ကျောက်ခဲပါလား"

"ကိုကြီးတာတေ၊ ဘာဟင်းကောင်းတွေစားပြီး ဒီလောက် အိပ်နေတုန်းဗျ"

"ဟေ…ထွေးလေးမြပို လာပို့တဲ့ ကြက်သားကွ ကျောက်ခဲရ၊ အမေ့ရဲ့ မောင်မခေါ်ပဲဟင်းနဲ့တော့ လိုက်သားကွ"

ကျောက်ခဲက သစ်သားကွပ်ပျစ်ပေါ်မှာ ဝင်ထိုင်တယ်။

"မင်းမလည်း နေ့ခင်းနေ့လည် တစ်ရေးတစ်မောလောက် ကို မအိပ်နိုင်ဘူး၊ ရွာထဲလျှောက်သွားနေတော့တာပဲလားကွ၊ ကျောက်ခဲရ"

"ဘန့်ဘွေးကုန်းက ပြန်လာတာဗျ"

"ဟေ…ဟုတ်လား၊ ထနောင်းကုန်းတင် မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဘန်ဒွေးကုန်းအထိတောင် ရောက်သွားရောလားဟ"

"လက်မခေါ်သွားလို့ ပါသွားတာဗျ၊ ဟိုမှာ ဂေါ်လီရိုက်တမ်း ကစားမယ်ဆိုလို့ ဟိုရောက်တော့လည်း မကစားဖြစ်ပါဘူးဗျာ၊ သချိုင်းကုန်းထဲသာ ရောက်သွားရောဗျ"

"ဘာ...သချိုင်းကုန်း ဟုတ်လား ကျောက်ခဲ"

"ဟုတ်တယ်ဗျ၊ ကိုကြီးတာတေရ၊ ဘန်ဒွေးကုန်းရောက်တော့ လက်မရဲ့ သူငယ်ချင်း ဝက်သိုးဆိုတဲ့ကောင်က ပြောသဗျ၊ ဘန်ဒွေးကုန်းက သချိုင်းကုန်းရေပ်ထဲမှာ ကုလားကြီးတစ်ယောက် ရောက်နေတယ်တဲ့ဗျ။ ပုံစံကြည့်ရတာ အောက်လမ်းဆရာကြီးလား မသိဘူးလို့ ပြောတာနဲ့ ကျုပ်သွားကြည့်တာ လက်မနဲ့ ဝက်သိုးလည်း ပါတယ်"

"တွေ့ခဲ့လားကွ ကျောက်ခဲရ"

"တွေ့တယ်ဗျ၊ ကုလားကြီးက ခေါင်းမှာ ဆံထုံးကြီးထုံးလို့ဗျ၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး အရှည်ကြီးဗျ။ လည်ပင်းမှာတော့ လက်မလောက်ရှိတဲ့ လူခေါင်းခွံလေးတွေကို ကြိုးနဲ့သီပြီး စိတ်ပုတီးလို ဆွဲထားတယ်ဗျ။ သူဝတ်ထားတဲ့ အင်္ကျီကလည်း ပွပွရှည်ရှည်ကြီးဗျ၊ ခါးမှာတော့ ခါးတောင်းကျိုက်ကုလားတွေလိုပဲ ခါးတောင်းကျိုက်ထားတယ်။ အင်္ကျီရော၊ ခါးတောင်းကျိုက်ပုဆိုးရောက ဝါဝါကြီးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော…ဟုတ်လား၊ မင်းတို့သွားတော့ သူ ဘာလုပ်နေတုန်းကွ"

"စောစောက ကျုပ်ပြောတဲ့ အရိုးခေါင်းသေးသေးလေးတွေနဲ့ လုပ်ထားတဲ့ ပုတီးကိုဖြုတ်ပြီး ပုတီးစိပ်လို့ဗျ။ ခဏနေတော့ ကျုပ်တို့ကို တွေ့သွားပြီး လှမ်းခေါ်တယ်၊ လက်မနဲ့ ဝက်သိုးကတော့ ကြောက်ပြီး ထွက်ပြေးသွားတယ်။ ကျုပ်ကတော့ သူ့အနားသွားပြီး ဘာကိစ္စရှိလို့တုံးလို့ မေးလိုက်တယ်"

"အေး…အဲဒီတော့ ဘာပြောတုံး"

"သူ့ကို အာလူးနဲ့ ကြက်သွန်နီ ဝယ်ပေးပါဆိုပြီး ပိုက်ဆံပေးတယ်၊ အာလူးတစ်ပိဿာ၊ ကြက်သွန်နီ ငါးဆယ်သားတဲ့ဗျ။ ဒါနဲ့ ကျုပ်လည်း ဘန်ဒွေးကုန်းရွာထဲက ခင်လှတို့ ကုန်စုံဆိုင်က နေဝယ်ပြီး သွားပို့ပေးလိုက်တယ်"

"နောက်တော့ ဘာပြောသေးတုံး"

"ကျုပ်က သူ့လက်ထဲမှာ ပုတီးလိုစိပ်နေတဲ့ အရိုးခေါင်းလေးတွေကို စိုက်ကြည့်နေတာ ကိုကြီးတာတေရဲ့၊ တကယ့်ကို လူခေါင်းခွံသေးသေးလေးတွေဗျ"

"ဟော…ဟုတ်လားကွ၊ လူခေါင်းခွံတော့ ဟုတ်မှာ မဟုတ်ပါဘူး"

"ဟုတ်တယ်ဗျ၊ ကိုကြီးတာတေရ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဟုတ်တာတုံးကွ"

"လူခေါင်းခွံလေးတွေဆိုတာ ဟုတ်တယ်လို့ ပြောတာဗျ။ ကျုပ်က အဲဒီခေါင်းခွံလေးတွေကိုပဲ စိုက်ကြည့်နေတော့ အဲဒီ ကုလားကြီးက ပြောတယ်ဗျ။ 'ကောင်လေး မင်း ဒီစိတ်ပုတီးကို စိတ်ဝင်စားလို့လား၊ ဒါ လူသေးသေးလေးတွေရဲ့ ခေါင်းခွံလေး တွေနဲ့ လုပ်ထားတာကွ၊ အမေဇုံကိုထဲမှာ လူဖြစ်ကာစ လူသေးသေး လေးတွေကွ၊ အဲဒါကို ငါ့ပညာနဲ့ ဆွဲထုတ်ပြီး စားပစ်လိုက်တာ ခေါင်းလေးတွေကျတော့ နေလှမ်းပြီး ခြောက်သွားတော့ စိတ်ပုတီး လုပ်လို့ရတာပေါ့ကွ"

လို့ ပြောတယ် ကိုကြီးတာတေရဲ့"

"ဟေ...ကြောက်စရာကြီးပါလားကွ ကျောက်ခဲရ"

"ဟုတ်ပါ့ဗျာ၊ ကျုပ်ဖြင့် အဲဒီကုလားကြီး ပြောတာကို နားထောင်ရင်း ကြက်သီးတွေ ထလာလိုက်တာ မပြောပါနဲ့တော့ ဗျာ၊ ဒီပုတီးက ဘယ်နှလုံးရှိတာတုံးလို့ ကျုပ်က ကြောက်ကြောက် နဲ့ စပ်စုလိုက်သေးတယ်ဗျ"

"ဟား၊ ဟား၊ တကယ့်ကောင်ပဲ၊ အေး အဲဒီတော့ ကုလားကြီးက ဘာပြောတုံးကွ"

"ကိုးဆယ့်ကိုးလုံးပုတီးတဲ့ဗျ"

"ဟာ...ဒါဆိုရင် မအေဇုံကိုထဲက သန္ဓေသားလေးတွေ



www.burmeseclassic.com

www.burmeseclassic.com


ကို သူ့ပညာနဲ့ နှိုက်ပြီးစားတာ ကိုးဆယ့်ကိုးယောက်တောင်ပေါ့ ကျော်ခဲ့ရာ"

"ဟာ မကဘူးဗျ ကိုကြီးတာတေရ၊ သူ့လွယ်အိတ်ကြီးထဲက လက်မလောက်ရှိတဲ့ လူခေါင်းခွံလေးတစ်ခုထုတ်ပြီး ကျုပ်ကို ပေးတယ်"

"ဟေ…ဟုတ်လား၊ မင်း ယူလာသလား"

"ဟာ…မယူပါဘူးဗျာ၊ ကျုပ် မယူချင်ဘူးလို့ပဲ ပြောလိုက်တယ်၊ သူကလည်း အတင်းပေးတာ မဟုတ်ပါဘူးဗျာ၊ လိုချင်ရင် ယူလို့ပဲ ပြောတာပါ၊ ဒါကို တွေးကြည့်ရင် ဒီကုလားကြီးဟာ သန္ဓေသားလေးတွေကို ဆက်ပြီးစားနေတုန်းပဲ ထင်တယ်ဗျ ကိုကြီးတာတေရ"

"ဟာ…ဒါဆိုရင်တော့ သေချာတာပေါ့ကွာ၊ ဒီအတိုင်းသာဆိုရင် ဘန်နဲ့ဘွေးကုန်းတို့၊ ငါတို့ထနောင်းကုန်းတို့က ကိုယ်ဝန်သည်တွေကိုတောင် စိတ်မချရတော့ဘူးကွ ကျော်ခဲ့ရ"

"ဟာ…မပူနဲ့ဗျ ကိုကြီးတာတေရ၊ ကျုပ်တို့ကိုယ်ဝန်သည်တွေက ဗိုက်ကြီးတွေ ပူကန်ထွက်နေကြတာ၊ ဒီကုလားကြီးက ဒါမျိုးစားတာ မဟုတ်ဘူးဗျ၊ လူဖြစ်ကာစ သေးသေးလေးတွေကို စားတာဗျ"

"ဒီလိုအောက်လမ်းမျိုး ငါတော့ တစ်ခါမှ မတွေ့ဖူးဘူး



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခဲရာ၊ ဘယ့်နှယ်ကွာ၊ မိခင်ဗိုက်ထဲက သန္ဓေသားလေးတွေကို နှိုက်စားရတယ်လို့ကွာ၊ တော်ရုံတန်ရုံ အောက်လမ်းမျိုးတော့ မဟုတ်ဘူးကွ"

"ကိုကြီးတာတေ၊ ဒါဆိုရင် ကျုပ်တို့ ဘယ်လိုလုပ်မတုံး"

"ဟေ…ဘယ်လိုလုပ်မလဲ ဟုတ်လား၊ မင်းရော ငါရောက အောက်လမ်းဆရာကြီးတွေကို နှိမ်နင်းနိုင်တဲ့ အထက်လမ်းဆရာကြီးတွေမှ မဟုတ်တာ၊ ဘယ်လိုလုပ်လို့ရမှာတုံးကွ"

ကျောက်ခဲလည်း မျက်နှာငေါ်ငေါ်ပျက်သွားတယ်ဗျ။ ဒီကောင်လေးကျောက်ခဲလည်း မဆိုးဘူးဗျ။ ကိုယ့်ရုပ်ကိုယ့်ရှာကိုစိုးရိမ်တတ် ပူပန်တတ်သားပဲ။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ၊ ကျောက်ခဲ ပြန်နှံသွားပြီလားဗျ"

"ဟေ…မပြန်သေးဘူးကွ၊ ဒီမှာရှိတယ်၊ လက်မလားလာလေကွာ၊ ဟိုတစ်ယောက်က ဘယ်သူတုံး၊ ခေါ်ခဲ့လေကွာ"

ဝိုင်းဝမှာ တွန့်ဆုတ် တွန့်ဆုတ်ဖြစ်နေတဲ့ ကောင်လေးကိုပါ ကျုပ်က ခေါ်နိုင်းလိုက်တာဗျ။

"ဟာ…လာမ လာလေ၊ ဝက်သိုးကိုပါ ခေါ်ခဲ့လေ"

"ခြော်…အဲဒါ ဝက်သိုးလား"

"ဟုတ်တယ်၊ ကိုကြီးတာတေ"



www.burmeseclassic.com

www.burmeseclassic.com



လက်မနဲ့ ဝက်သိုးပါ ကျုပ်ထိုင်နေတဲ့ သစ်သားကွပ်ပျစ်မှာ ဝင်ထိုင်လိုက်ကြတယ်။

"ဟော့ကောင်တွေ ဘာဖြစ်လာကြတာတုံး"

ကျောက်ခဲက သူ့ကောင်တွေကို မေးတာဗျ။

"ဟော့ကောင် ကျောက်ခဲ၊ ငါနဲ့ ဝက်သိုး ဟိုကုလားကြီးကို တစ်ခေါက်သွားကြည့်တာကွ"

"အေး၊ ဘာတွေ့ခဲ့လို့တုံး လက်မရဲ့"

"မြွေဟောက်ကြီးကွ၊ မြွေဟောက်ကြီးတစ်ကောင် ဇရပ်ပေါ် တက်လာတာ၊ ငါ့စိတ်ထင်တော့ အဲဒီမြွေဟောက်ကြီးနဲ့ ကုလားကြီးနဲ့ စကားပြောနေတယ် ထင်တယ်ကွ"

"ဟာ၊ မဟုတ်တာကွာ လက်မရာ၊ မြွေဟောက်ကြီးက ဘယ်လိုလုပ်ပြီး စကားပြောနိုင်မှာတုံးကွ"

"ငါထင်တာကို ပြောတာပါ ကျောက်ခဲရာ"

ကျုပ်က နဂါးဆေးပေါ့လိပ်ကလေး ဖွာရင်းနဲ့ တွေးနေတာဗျ။

"ကျောက်ခဲ၊ မင်းမြွေတွေကို လျှော့မတွက်နဲ့၊ မြွေနဲ့ သူနဲ့ဟာ စိတ်ချင်းစကားပြောလို့ရတယ်ကွ၊ အထူးသဖြင့် ပညာသယ်နဲ့ပေါ့ကွာ၊ ငါတွေးမိပြီကွ၊ ဒီမြွေဟောက်ကြီးဟာ အဲဒီ အောက်လမ်းဆရာ ကုလားကြီးရဲ့ အစေအပါးကြီးကွ၊ ဒီမြွေကြီး



www.burmeseclassic.com

www.burmeseclassic.com



က အဲဒီကုလားကြီးအတွက် ကံစ္စခုခုကို လိုက်စုံစမ်းပေးနေတာ ဖြစ်မယ်ကွ၊ သူတို့မြွေတွေက နေရာအနှံ့မှာရှိတော့ မြွေမြွေချင်း သတင်းထောက်လှမ်းလို့ ရတယ်ကွ”

“ဟာ…ဟုတ်လား၊ ကိုကြီးတာတေ”

“အေး…ဟုတ်တယ်၊ ဒီပုံစံဆိုရင်တော့ ဒီအောက်လမ်း ဆရာကြီးဟာ ဒီနယ်ကို ကိစ္စတစ်ခုအတွက် ရောက်လာပုံပဲကွ၊ တစ်ခုခုကို ကြိတ်ရှာနေတာကွ၊ မြွေတွေကို အောက်လမ်းဆရာကြီး တွေက ခိုင်းလို့ရတယ်၊ အခုလည်း သူသိချင်တဲ့ ကိစ္စကို မြွေတွေ ကို စုံစမ်းခိုင်းပုံရတယ်ကွ”

“ဟင်…ဟုတ်လား ကိုကြီးတာတေ၊ ထူးဆန်းလိုက်တာ ဗျာ”

လက်မက တအံ့တသြ ပြောတာဗျ။ ဝက်သိုးကတော့ ကျုပ်ပြောနေတာတွေကို ဘာမှနားလည်ပုံ မပေါ်ဘူးဗျ။ မျက်လုံး ပြူးပြူးကြီးနဲ့ ငေးပြီးနားထောင်နေတယ်။

“ကိုကြီးတာတေ ပြောသလိုဆိုရင် လက်မနဲ့ ဝက်သိုး တွေ့ခဲ့တဲ့ မြွေဟောက်ကြီးက ကုလားအောက်လမ်းဆရာကြီး လွှတ်ထားတဲ့ မြွေစုံထောက်ကြီးပေါ့၊ ဟုတ်လား ကိုကြီးတာတေ”

ကျောက်ခဲက ကျုပ်ကို မေးတာဗျ။

“သိပ်ဟုတ်တာပေါ့ ကျောက်ခဲရ၊ ဒီကုလားအောက်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဟာ ဘာကိစ္စနဲ့ ရောက်လာတယ်ဆိုတာ မကြာခင် သိလာမှာပေါ့ကွာ၊ ဒီတော့ ဒီလိုလုပ်ကွာ၊ ဝက်သိုးက ဘန့်ဘွေး ကုန်းကို ပြန်ရောက်ရင် မင်းသူငယ်ချင်းတွေဟဲက သတ္တိရှိတဲ့ ကောင် နှစ်ယောက် သုံးယောက်လောက် ရှာကွာ၊ ပြီးရင် အဲဒီ ကုလားကြီးကို တိတ်တိတ်ချောင်းပြီး အကဲခတ်ကွာ၊ တစ်ခုခုထူး ခြားရင်တော့ ချက်ချင်းသာ ပြေးလာခဲ့ပေတော့"

"ကိုကြီးတာဘော၊ ဒီအတွက် မပူနဲ့၊ ကျုပ် ဘန့်ဘွေးကုန်း ကို ပြန်လိုက်သွားမယ်၊ ဒီည ဟိုမှာပဲ အိပ်မယ်၊ လက်မက အိမ်ပြန်တော့၊ မင်းအိမ်က စိတ်ပူနေလိမ့်မယ်၊ ငါက သွားနေကျဆို တော့ ပြဿနာမရှိဘူး"

ကျုပ်လည်း ဘာပြောရမှန်း မသိတော့ဘူးပေါ့ဗျာ။ ဒီလူ ကြီးကို စောင့်ကြည့်ဖို့ လိုတာတော့ အမှန်ပဲဗျ။

နောက်ဆုံးတော့ လက်မက အိမ်ပြန်သွားတယ်။ ကျောက် ခဲက သူ့အိမ်ကို အကျိုးအကြောင်း သွားပြောပြီး ဝက်သိုးနဲ့ ဘန့်ဘွေးကုန်းကို လိုက်သွားတယ်။ ဒီကောင် ဒီည ဘန့်ဘွေးကုန်း မှာ အိပ်မှာဗျ။

ကျုပ်လည်း ဟိုတွေး သည်တွေးနဲ့ ညသန်းခေါင်လောက် ရောက်မှ အိပ်ပျော်သွားတယ်။ ဒီမှာတင် ဒီအိပ်မက်ကို ကျုပ် မက်တော့တာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲမှာ ကျုပ်က မီးလောင်ကုန်းက ပြန်လာတာဗျ။ မီးလောင်ကုန်းသချိုင်းကို ကွေ့သွားတဲ့လမ်းက တောလမ်းကလေးလေဗျာ။ 'မဖဲဝါနေတဲ့အိမ်' မှာ ကျုပ်ရေးခဲ့ဖူးပါတယ်။ မဖဲဝါရဲ့ ခွေးနက်ကြီးက ကျုပ်ကိုလာပြီး ခေါ်သွားတဲ့လမ်းကလေးလေဗျာ။

အိပ်မက်ထဲမှာ ကျုပ်က အဲဒီလမ်းကလေးအတိုင်း လျှောက်လာတာဗျ။ တောလမ်းကလေးဆုံးတော့ ယာကွက်ထဲကို ရောက်လာတာဗျ။ မီးလောင်ကုန်းသချိုင်းကို ကွေ့ပတ်သွားတဲ့လမ်းပေါ့ဗျာ။

ကျုပ် တုန့်ကနဲ ရပ်လိုက်တယ်။ ဒီလမ်းဆုံးရင် ယာကွက်ထဲကို ရောက်ရမှာကို ကျုပ်သိနေတာပဲ။ အခုလမ်းဆုံးတော့ အိမ်ဝိုင်းကြီးတစ်ခုထဲကို ကျုပ်ရောက်သွားတယ်။ အိမ်က တိုက်အိမ်ပျက်ကြီးဗျ။

ကျုပ်တစ်ကိုယ်လုံး ကြက်သီးတွေ ဖျန်းကနဲ ထသွားရောဗျာ။ ကျုပ် အိမ်ကြီးကို သေသေချာချာ ကြည့်လိုက်တယ်။ ကျုပ် တစ်ခါက ရောက်ခဲ့ဖူးတဲ့ မဖဲဝါရဲ့အိမ်နဲ့ ခပ်ဆင်ဆင်ပဲဗျ။ အဲဒီအိမ်တော့ မဟုတ်ဘူး။ ကျုပ်က အိမ်ကြီးရှေ့မှာ ဟိုကြည့် ဒီကြည့် ကြည့်နေတုန်း ရှိသေးတာဗျ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"



www.burmeseclassic.com

www.burmeseclassic.com



ဟာ၊ မဖဲပါရဲ့ ခွေးနက်ကြီး ယအူလိုက်တဲ့ အသံဗျ။ တချုပ်ဖြင့် တုန်တောင်သွားတယ်။

"ကျို၊ အိ၊ အိ၊ ကျို"

ဟာ၊ အိမ်ကံခါးကြီး ပွင့်သွားပြီဗျို့။ အိမ်ထဲမှာတော့ မီးအိမ်ထွန်းထားတယ်ဗျ။

"တာတေး ဝင်ခဲ့လေ"

ဒါ မဖဲဝါရဲ့ အသံဗျ။ ဒါဆိုရင်တော့ မဖဲဝါက သူ့ရဲ့ ဆယ်ပေကျော်လောက်ရှိတဲ့ အရုပ်ကြီးနဲ့ မဟုတ်ဘူးထင်တယ်။ သူ အမြဲဖန်ဆင်းပြလေ့ရှိတဲ့ ကျုပ်နဲ့ရွယ်တူ ကုလားဆင်ပုံကောင်မ လေးပုံစံ ဖြစ်လိမ့်မယ်။

ကျုပ်အိမ်ထဲကို ဝင်ချသွားလိုက်တယ်။ ကျုပ်ထင်တဲ့ အတိုင်းပဲဗျို့။ ကျုပ်နဲ့ ရွယ်တူကောင်မလေးဗျ။ ဆံပင်ဂုတ်ဝဲသာ သာလေးနဲ့။ ဘယ်ဘက်နားအပေါ်မှာ ပန်းအဝါလေးတစ်ပွင့် ပန် ထားတယ်။ ဒါကတော့ မဖဲဝါ ရုပ်ပြောင်းရင် အမြဲပန်လေ့ရှိတဲ့ အဝါရောင်ပန်းကလေးဗျ။ ဆယ့်နှစ်ရာသီအဝါပွင့်လေးလေဗျာ။

"ထိုင်လေ တာတေ"

သူက ခပ်လှမ်းလှမ်းက ကုလားထိုင်မည်းမည်းကြီး တစ်လုံးမှာ ထိုင်နေတယ်။ ကျုပ်က စာမရှိငှက်နှစ်ကောင်ပုံ ထွင်း ထားတဲ့ နောက်မှီနဲ့ ကုလားထိုင်အဟောင်းကြီးတစ်လုံးမှာ ဝင်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

ဘေးဘီကို လှည့်ကြည့်ပြီး အကဲခတ်လိုက်တယ်။ အခြေအနေမဟန်ရင် ထွက်ပြေးဖို့ အပေါက်ကိုလည်း ကျုပ် လှမ်းကြည့်ထားတယ်ဗျ။

ဒါပေမဲ့ ကျုပ် တော်တော်စိတ်ပျက်သွားတယ်။ တံခါးပေါက်ဝမှာ မဖဲဝါရဲ့ ခွေးနက်ကြီးက ငုတ်တုတ်ကြီးထိုင်ပြီး ကျုပ်တို့ကို ကြည့်နေတယ်ဗျ။

"တာတေ၊ ငါ့မှာ အန္တရာယ်ကြုံနေလို့ နင့်ကို ခေါ်ရတာပါ"

မဖဲဝါက ကျုပ်ကို စိုက်ကြည့်ပြီး ပြောတယ်။

"ဟုတ်ကဲ့ မဖဲဝါ၊ ပြောပါဗျာ၊ ကျုပ် ဘာလုပ်ပေးရမှာတုံး"

မဖဲဝါက ထိုင်နေတဲ့ ကုလားထိုင်မှာ ခပ်မှိုမှိုလေးလုပ်ပြီး မျက်စိမှိတ်ထားတယ်။ ပြီးတော့ သူ့လက်နှစ်ဖက်ကို ရှေ့ကို ဆန့်ထုတ်ပြီး လေထဲကို မြှောက်လိုက်တယ်ဗျ။ ခဏနေတော့ 'ဖြောင်း'ကနဲ လက်ခုပ်တစ်ချက် တီးလိုက်တယ်။

ဟာ၊ ကျုပ်ဖြင့် လန့်တောင်သွားတယ်ဗျာ။ ကြက်သီးတွေဆိုတာ ဖျန်းကနဲထပြီး ဆံပင်တွေတောင် ထောင်သွားတယ်။ အိမ်နောက်ဘက် အမှောင်ထုကြီးထဲကနေ မဖဲဝါရဲ့ ခေါင်းလောင်းလား

www.burmeseclassic.com

www.burmeseclassic.com



ဟား မဖဲဝါရဲ့ ခွေးနက်ကြီး သအူလိုက်တဲ့ အသံဗျ။ ကျုပ်ဖြင့် တုန်တောင်သွားတယ်။

"ကျွိ၊ အီး၊ အီး၊ ကျွိ"

ဟား၊ အိမ်တံခါးကြီး ပွင့်သွားပြီဗျို့။ အိမ်ထဲမှာတော့ မီးအိမ်ထွန်းထားတယ်ဗျ။

"တာတော၊ ဝင်ခဲ့လေ"

ဒါ မဖဲဝါရဲ့ အသံဗျ။ ဒါဆိုရင်တော့ မဖဲဝါက သူ့ရဲ့ ဆယ်ပေကျော်လောက်ရှိတဲ့ အရုပ်ကြီးနဲ့ မဟုတ်ဘူးထင်တယ်။ သူ့ အမြဲဖန်ဆင်းပြလေ့ရှိတဲ့ ကျုပ်နဲ့ရွယ်တူ ကုလားဆင်ပုံကောင်မလေးပုံစံ ဖြစ်လိမ့်မယ်။

ကျုပ်အိမ်ထဲကို ဝင်ချသွားလိုက်တယ်။ ကျုပ်ထင်တဲ့ အတိုင်းပဲဗျို့။ ကျုပ်နဲ့ ရွယ်တူကောင်မလေးဗျ။ ဆံပင်ဂုတ်ဝဲသာသာလေးနဲ့။ ဘယ်ဘက်နားအပေါ်မှာ ပန်းအဝါလေးတစ်ပွင့် ပန်ထားတယ်။ ဒါကတော့ မဖဲဝါ ရုပ်ပြောင်းရင် အမြဲပန်လေ့ရှိတဲ့ အဝါရောင်ပန်းကလေးဗျ။ ဆယ့်နှစ်ရာသီအဝါပွင့်လေးလေဗျာ။

"ထိုင်လေ တာတော"

သူက ခပ်လှမ်းလှမ်းက ကုလားထိုင်မည်းမည်းကြီး တစ်လုံးမှာ ထိုင်နေတယ်။ ကျုပ်က စာမရိုက်နှစ်ကောင်ပုံ ထွင်းထားတဲ့ နောက်မှီနဲ့ ကုလားထိုင်အပေါင်းကြီးတစ်လုံးမှာ ဝင်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



"ဟို…ကျုပ်ပြောချင်တာက အဲ ကျုပ်မသိလို့ မေး မေးချင်တာပါဗျာ၊ မဖဲဝါ ဘဝကူးတာ၊ ဟို ဖောက်ဖတ်တွေကနေ လိပ်ပြာဖြစ်သလို ကူးတာလား လို့ပါ"

"အေး၊ အေး ဟုတ်တယ်၊ အဲဒီသဘောမျိုးပဲ တာတေ၊ နင်က တော်တော်သိတာပဲကိုး"

"သိတာ မဟုတ်ပါဘူးဗျာ၊ ကျုပ် တွေးမိလို့ပါ"

"ဟုတ်တယ် တာတေ၊ ဟုတ်တယ်၊ အဲဒီမှာ ဒီပြဿနာ ကြုံရတော့တာပေါ့"

"ဗျာ…ဘာပြဿနာတုံးဗျ"

"ဟောဒီခေါင်းတလားဟာ မှော်ဝင်ပစ္စည်းတစ်မျိုး ဖြစ် သွားတယ် တာတေ၊ အောက်လမ်းပညာတွေကို နှံ့နှံ့စပ်စပ်တတ်တဲ့ လူဟာ ဒီခေါင်းထဲမှာဝင်ပြီး ခုနစ်ရက်တိတိ သေသလိုနေလိုက်ရုံနဲ့ နောက်တစ်ဘဝကို ဆက်ကူးနိုင်တယ်။ တစ်နည်းပြောရရင်တော့ အသက်ကိုရှည်အောင် ဆက်ဆက်ကူးပြီး နေသွားလို့ရတယ်"

"ဗျာ…ဟုတ်လား မဖဲဝါ၊ ဟာ ဒါဆိုရင် ဒီခေါင်း အကြောင်းကို သိသွားတဲ့လူက လိုက်ရှာနေမှာပဲပေါ့"

"မှန်တာပေါ့ တာတေ၊ ဒါကြောင့် ငါ့မှာ ဒီခေါင်းကို အမြဲဖွက်ထားရတယ်၊ အစောင့်အရှောက် အမြဲချထားရတာ"

"သြော်…ဒါကြောင့် ငမဲကြီး စောင့်ခဲ့ရတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"အေး…ဟုတ်တယ်၊ ဒါပေမဲ့ ငါ့တပည့် ငမဲရဲ့ မိုက်မဲမှုကြောင့် ဒီခေါင်းရဲ့သတင်းက အပြင်ကို ထွက်သွားပြီ တာတေ"

"ဟင်၊ ဟုတ်လား မဖဲဝါ"

"ဟုတ်တယ် တာတေ၊ အောက်လမ်းတွေက ဒီခေါင်းရဲ့ သတင်းကို အမြဲစုံစမ်းနေတာ၊ အခုတော့ အင်မတန်မှ အစွမ်းထက်တဲ့ အိန္ဒိယအောက်လမ်းကြီး ဘန့်ဘွေးကုန်းသချိုင်းမှာ ရောက်နေပြီ"

"ဟာ၊ ဟုတ်တယ် မဖဲဝါ၊ ကျုပ် အဲဒီသတင်း ကြားပြီးပြီ၊ ကျောက်ခဲ ကျုပ်ကိုပြောတာ၊ ကျုပ် ဒီလူ့အကြောင်း ကြားပြီးပြီဗျ။ ဒီအောက်လမ်းကြီးက တော်တော်ကို ကြောက်စရာကောင်းတာပဲဗျာ၊ မအေတွေရဲ့ ဗိုက်ထဲက သန္ဓေသားလေးတွေကို ထုတ်စားတာဆိုပဲ၊ ပြီးတော့ အဲဒီသန္ဓေသားလေးတွေရဲ့ ခေါင်းခွံလေးတွေသီပြီး ကိုးဆယ့်ကိုးလုံးပုတီး လုပ်ထားတယ်ဆိုပဲဗျာ"

"ဟုတ်တယ် တာတေ၊ အဲဒီသန္ဓေသားတစ်ယောက်ကို သူတို့ရဲ့ ပညာတွေနဲ့ မန်းမှုတ်ပြီး စားလိုက်တိုင်း သူတို့မှာ ပြောမပြနိုင်လောက်အောင်ကို အားအင်တွေ တိုးလာကြတာ၊ ဒါပေမဲ့ အဲဒီလိုအဆင့်မျိုးအထိ ပညာတတ်တဲ့ အောက်လမ်းကြီးတွေ သိပ်မရှိတော့ပါဘူး။ တစ်ကမ္ဘာလုံးမှာမှ ငါးယောက်လောက်ပဲ ရှိတော့တာပါ။ အဲဒီအထဲမှာ အခု ဘန့်ဘွေးကုန်းကို ရောက်နေတော့



www.burmeseclassic.com

www.burmeseclassic.com



အကောင်လည်း ပါတာပေါ့ တာတေ"

"ဟာ ဟုတ်လား မဖဲဝါ၊ ဒါဆိုရင် ဒီလူကြီးရဲ့ ပညာက ကမ္ဘာ့ထိပ်တန်းအဆင့် ရှိတာပေါ့၊ ဟုတ်လား မဖဲဝါ၊ နို့ နေပါဦးဗျ၊ ဒီလူ ဒီကို ဘာလာလုပ်တာတုံး၊ အိန္ဒိယကနေတောင် ရောက်လာတာဆိုတော့ တော်ရုံကိစ္စတော့ ဟုတ်မယ်မထင်ဘူးဗျ"

"ဒီလိုတာတေ၊ ငါ့ရဲ့ မှော်ဝင်တလားပေါ်လာတဲ့ သတင်းကို သူကြားသွားတယ်။ ဒီလူက ဗမာပြည်ထဲကိုလည်း အမြဲဝင်လိုက်ထွက်လိုက် လုပ်နေတာ၊ ဗမာစကားကိုလည်း ကောင်းကောင်းတတ်တယ်၊ ပြီးတော့ သူ့မှာ သူသွားလေရာပါတဲ့ မြွေဟောက်ကြီးတစ်ကောင် ရှိတယ်။ အဲဒီမြွေကြီးက သူ့ပညာနဲ့ လေ့ကျင့်မွေးမြူထားတဲ့ မြွေဟဲ့။ သူ့အမိန့်ဆိုရင် နည်းနည်းမှ သွေဖီတာမရှိဘူး။ မြွေတွေမှာက တော်တော်လေးထူးဆန်းတဲ့ အစွမ်းတွေရှိတယ်။ မြွေတွေ တစ်ကောင်နဲ့တစ်ကောင် အဝေးကြီးကို လှမ်းပြီးဆက်သွယ်နိုင်တယ်။ အဲဒီမြွေရဲ့ အစွမ်းနဲ့ ငါ့ခေါင်းတလားကြီးပေါ်လာတဲ့ သတင်းကို ဒီအကောင် ရသွားတာ တာတေ၊ ဒါကြောင့် ဒီကို ချက်ချင်းရောက်လာတာ"

"ဪ…ဒီလိုကိုး၊ အခုရော သူဘာလုပ်နိုင်လို့တုံးဗျ"

"လုပ်နိုင်တာပေါ့ တာတေရေ၊ ဒီအကောင်က ငါ့ကို အမိန့်ပြန်ထားတယ်၊ အခုလာမယ့် လကွယ်ည သန်းခေါင်ချိန်တိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ရဲ့ မှော်ဝင်ဘီလူးကို ငါကိုယ်တိုင်ထမ်းပြီး သူ့ဆီကို အရောက် ပို့ပေးရမယ်တဲ့ဟေ့"

"ဗျာ...ဟုတ်လား မဖဲဝါ"

"မဖဲဝါ သူ့ကို မယုံနိုင်ဘူးလား"

"ဘယ်လိုလုပ် ယုံနိုင်မှာတုံး တာတေရာ"

"ဒါဆိုရင် မဖဲဝါရဲ့ သခင်မကြီး မြောက်ဘက်ရှင်မရဲ့ အကူအညီကို ယူရင်ကောဗျာ"

"ဟာ မလွယ်ဘူး တာတေ၊ ဒီအောက်လမ်းကြီးက ကမ္ဘာမှာကို နံပါတ်တစ်အဆင့် ရှိတယ်ဟဲ့"

"ဟာ...ဟုတ်လား မဖဲဝါ၊ နောက်ဆုံးကျန်နေတဲ့ ကမ္ဘာပေါ်က အောက်လမ်းကြီးတွေထဲမှာ ဒီကုလားကြီးက နံပါတ်တစ် ဆိုတော့ သူ့ပညာတွေဟာ တွေးမကြည့်ရဲလောက်အောင်ကို ကြောက်စရာကောင်းတာပါလားဗျာ"

"ဟုတ်တယ် တာတေ၊ ဒါပေမဲ့ ငါကတော့ အလျှော့ပေး မှာတော့ မဟုတ်ဘူး၊ သူ့ကို သတ်နိုင်တဲ့ နည်းလမ်းကို ငါ ကြံစည်နေတာပဲ"

"နို့ နေပါဦးဗျ၊ ဒီတလားကို မဖဲဝါကိုယ်တိုင် လာပို့ရ မယ်ဆိုတာက ဘာသဘောတုံး"

"ဟဲ့ တာတေရဲ့၊ ဒီကောင်က ငါ့ရဲ့ မှော်ဝင်တလားကို



www.burmeseclassic.com

www.burmeseclassic.com



ယူရုံတင်မဟုတ်ဘူးဟဲ့၊ ငါ့ကိုပါ ဖမ်းပြီးခေါ်သွားမှာ၊ ပြီးတော့ ငါ့ကို တစ်သက်လုံး ခိုင်းစားဖို့ ကြံတာဟေ့"

"သြော်..ဒီလိုကိုး၊ တော်တော်ကို ကြောက်စရာကောင်းတဲ့ အောက်လမ်းကြီးပါလားဗျာ၊ ဒီမှာ မဖဲဝါ ကျုပ်ကတော့ သူဟာသူ ကမ္ဘာ့နံပါတ်တစ်ပဲဖြစ်ဖြစ်၊ နံပါတ်နှစ်ပဲဖြစ်ဖြစ် ဒီလို လူမျိုးကို အပီစိရောက်အောင် ပို့လိုက်ချင်စမ်းတယ်ဗျာ"

"ဟဲ့...တာတေ၊ နင် တကယ်ပြောတာလား၊ နင့်မှာ အဲဒီအောက်လမ်းကြီးကို ရင်ဆိုင်ရဲတဲ့ သတ္တိရော ရှိရဲ့လား"

"ဘာပြောတယ် မဖဲဝါ၊ ကျုပ်အကြောင်းတွေကို မဖဲဝါ လည်း သိနေတာပဲဗျာ၊ ကျုပ်က ကြောက်တယ်ဆိုတာ ဘာမှန်းကို သိတဲ့ကောင် မဟုတ်ဘူးဗျ"

"ဟား၊ ဟား၊ ဟား၊ ဟား"

မဖဲဝါက အားရပါးရကို ရယ်တော့တာဗျို့။ ကျုပ်တောင် ကြောင်တောင်တောင် ဖြစ်သွားတယ်။ မဖဲဝါ ဘာကိုသဘောကျ လို့ ဒီလောက်ရယ်နေမှန်း ကျုပ်မသိဘူးဗျ။ ကျုပ်ပြောလိုက်တဲ့ စကားထဲမှာ ဘာများရယ်စရာပါသွားလို့တုံးလို့ ကျုပ်က တွေး ကြည့်နေတာဗျ။

"တာတေ၊ ဒါဆိုရင် ဖြစ်ပြီဟဲ့"

"ဗျာ၊ ဘာတုံးဗျ၊ ဘာဖြစ်မှာတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကောင်ကြီးကို နင်နဲ့ငါ နှစ်ယောက်ပေါင်းပြီး သတ်လို့ရဂါယ်"

"ဟာ··ဟုတ်လား မဖဲဝါ၊ ဒါဆိုလည်း မြန်မြန်သွားပြီး သတ်လိုက်ကြရအောင်ဗျာ"

"ဘယ်မြစ်မှာတုံး ကာဘော၊ လက္ကယ်ညသန်းခေါင်မှာမှ ငါက တလားသွားပို့ရမှာ"

"ဩော် ဟုတ်သားပဲဗျာ၊ ဒါဆိုရင် ကျုပ်က ဘန့်ဘွေး ကုန်းသချိုင်းထဲက စောင့်နေရမှာလား"

"ဟာ မဟုတ်ဘူး ကာတော၊ နင့်ကို ငါ တံစူးဝါးတစ်လုံး ပေးမယ်၊ မနက်မိုးလင်းဘာနဲ့ နင်တို့ပိုင်းထဲမှာ ရောက်နေလိမ့် မယ်"

"မဖဲဝါကလည်းဗျာ၊ ကျုပ်မှာ သိမ်းထားတဲ့ ငါးပွးဝါး ရှိပါတယ်ဗျ"

"မတူဘူး ကာတော၊ အခု ငါပေးမယ့် တံစူးဝါးက အထက်လမ်းဆရာတစ်ယောက်ကို သင်္ဂြိုဟ်ထားတဲ့ တံစူးဝါးဟဲ့၊ အစွမ်းသတ္တိရှိတယ်၊ နင်က အဲဒီတံစူးဝါးကို တစ်တောင်လောက် ဖြတ်ပြီး သေသေချာချာ ချွန်ထား၊ ဒီဇါးက ဘယ်လောက်တောင် စွမ်းသလဲဆိုရင် အဲဒီအထက်လမ်းဆရာကြီးကို သင်္ဂြိုဟ်ခဲ့တာ အနှစ် နှစ်ဆယ်ရှိတာတောင် အခုထိ စိမ်းနေတုန်း၊ နည်းနည်းမှ



www.burmeseclassic.com

www.burmeseclassic.com



ခြောက်မသွားဘူး။ အပင်က အခုချက်ချင်းခုတ်လာတဲ့အတိုင်းပဲ။ အဲဒါကို နင် သေသေချာချာ ချွန်ထား။ လကွယ်နေ့ည သန်းခေါင်မတိုင်ခင် ဟောဒီမီးလောင်ကုန်းသင်္ချိုင်းထဲကို နင်အရောက်လာခဲ့။ နင်တစ်ယောက်တည်း လာနော်၊ ဘယ်သူမှလည်း မသိစေနဲ့ ကြားလား တာတေ"

"စိတ်ချ မဖဲဝါရေ၊ တာတေက ဒါမျိုးတွေ လုပ်ချင်လွန်းလို့ စောင့်နေခဲ့တာ ကြာပြီဗျ"

"အေး...ဒါဆိုရင် ဟန်ကျပြီပေါ့ဟယ်၊ နင်သာ ဆန္ဒမရှိရင် ငါက အတင်းခိုင်းခွင့်မရှိဘူး တာတေ၊ ဩော် နင်ချွန်ထားတဲ့ တံစူးဝါးလည်း ယူခဲ့နော်"

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကျုပ် ယူခဲ့မှာပါ"

"အေး...သန်းခေါင်ရောက်တာနဲ့ နင်က ငါ့ရဲ့ တလားကြီးထဲမှာဝင်ပြီး ပက်လက်လှန်နေပေတော့၊ တံစူးဝါးကို ရင်ဘတ်ပေါ်တင်ပြီး အဆင်သင့် ကိုင်ထားရမယ်၊ ငါက ဟောဒီမှော်ဝင်တလားကိုထမ်းပြီး ဘန့်ဘွေးကုန်းသင်္ချိုင်းကို သွားမယ်၊ ဟိုရောက်တာနဲ့ ငါက မှော်ဝင်တလားကို အပ်လိုက်မယ်။ ဒီအကောင်ကြီးက ဝမ်းသာအားရနဲ့ ခေါင်းတလားကြီးကို အဖုံးဖွင့်ကြည့်လိမ့်မယ်၊ ခေါင်းအဖုံးပွင့်တာနဲ့ နင်က သူ့ရင်ဘတ်ထဲကို တံစူးဝါး ထိုးသွင်းလိုက်ပေတော့။ အေး နင် သတိထားရမှာက ထိုးသွင်းသွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



တံစူးဝါးကို ကျွတ်ထွက်မသွားဖို့ပဲ တာတေရေ။ ကျွတ်သွားရင်တော့ ငါတို့ ရှုံးပြီ တာတေ၊ အဲဒီလိုဖြစ်ရင်တော့ နင်ရော ငါရောကို ဒီအကောင်ကြီးက သတ်ပစ်မှာပဲ”

“ဒီအတွက်တော့ မပူနဲ့ဗျာ၊ တံစူးဝါး လုံးဝကိုကျွတ်မထွက်အောင် ကျုပ်ထိုးထားမှာ။ နို့ နေပါဦးဗျ၊ ဒီလောက်အစွမ်းထက်တဲ့ အောက်လမ်းကြီးကို ဒီတံစူးဝါးနဲ့ ထိုးရုံနဲ့ သေပါ့မလားဗျ”

“အေး…နင်မေးတာ သဘာဝကျပါတယ်၊ ဒီကမ္ဘာမှာ ဒီအကောင်ကြီးရဲ့ လျှို့ဝှက်ချက်ကို သိထားတာ ငါပဲရှိတယ်တာတေ၊ တကယ်တော့ ဒီအကောင်ကြီးက ဖုတ်ကောင်ကြီးဟဲ့၊ လူအစစ်မဟုတ်ဘူး”

“ဗျာ…ဘယ်လို၊ ဘယ်လိုဗျ”

“ဒီအကောင်ကြီးက အင်ဒီးယန်း မဟုတ်ဘူး၊ အာဖရိကန်ကြီးဟဲ့၊ အထက်ပုဂ္ဂိုလ်ကြီးတစ်ယောက်ကို သွားပြီးစော်ကားလို့ ဟိုက သတ်ပစ်လိုက်တာ ဒီအာဖရိကန်ကြီး သေသွားပြီ။ အဲဒီအချိန်မှာ ဒီကောင်က ဗူဒူးမန္တန်ရွတ်ပြီး အင်ဒီးယန်းအောက်လမ်းဆရာရဲ့ ဝိညာဉ်ကို နှုတ်ပစ်လိုက်တယ်။ ပြီးတော့ အဲဒီအင်ဒီးယန်းရဲ့ ကိုယ်ထဲမှာ သူဝင်နေလိုက်တာ။ အာဖရိကန်အောက်လမ်းဆရာကြီးတွေက ဝိညာဉ်လဲတဲ့ပညာမှာ တကယ်တော်ကြတယ်။ ဖုတ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ဆိုတာ ရင်ဝကို အချွန်နဲ့ ထိုးသတ်ရင် သေတယ်ဟဲ့၊ တခြားဘယ်လိုသတ်လို့မှ မသေဘူး။ အေး ဒီအကောင်ကြီးက တော့ ရိုးရိုးအချွန်နဲ့ ထိုးသတ်ရင် သေချင်မှ သေမှာမို့ တံစူးဝါး အစွမ်းထက်ထက်နဲ့ နင့်ကို ထိုးခိုင်းတာ"

"ဩော် ဒီလိုလား၊ တွေ့ကြသေးတာပေါ့ ဖုတ်ကောင် ကြီးရာ"

ကျုပ်က ကြိမ်းဝါးလိုက်တယ်။

"ဒီကိစ္စကို ဘယ်သူမှ မသိဖို့လိုတယ် တာတေ၊ နင် တစ်ယောက်ကို ပြောလိုက်တာနဲ့ မြွေတစ်ကောင်က ကြားသွားပြီး အောက်လမ်းရဲ့ မြွေဟောက်ကြီးကို သတင်းပို့လိုက်လိမ့်မယ်၊ နင် သတိရှိဖို့ မမေ့နဲ့ တာတေ"

"စိတ်ချ မဖဲဝါ စိတ်ချ၊ ဒီကိစ္စက ကျုပ်အသက်ကိုရင်း ပြီး လုပ်ရမယ့် ကိစ္စပဲဗျာ၊ ပေါ့လို့ ဘယ်ဖြစ်ပါ့မလဲ"

"တုံ၊ တုံ၊ တုံ၊ တုံ၊ တုံ တုံ တုံ တုံ တုံ....."

ကျုပ် နိုးသွားတာနဲ့ နားထဲကို ဆရာတော့်ကျောင်းက တုံးမောင်းခေါက်သံ တန်းဝင်လာတာဗျ။ မီးဖိုချောင်ထဲမှာ အမေ ရေနွေးအိုးတည်တဲ့အသံလည်း ကြားနေရတယ်။

ကျုပ်က ကျုပ်မက်တဲ့ အိပ်မက်ကို ပြန်တွေးနေတယ်။ မဖဲဝါနဲ့ ကျုပ်နဲ့ တကယ်တွေ့တာရော ဟုတ်ရဲ့လားလို့ ကျုပ်တွေး



www.burmeseclassic.com

www.burmeseclassic.com



နေတာဗျ။

နေ့ခင်းက ကျောက်ခဲတို့၊ လက်မတို့၊ ဝက်သိုးတို့နဲ့ ပြောခဲ့တဲ့ ကိစ္စတွေကို စိတ်စွဲပြီး အိပ်မက် မက်တာများလားလို့ ကျုပ် တွေးလိုက်မိတယ်။

ခဏနေတော့ အရုဏ်တက်ပြီဗျ။ ဝိုင်းထဲမှာ အလင်းရောင်ဖျော့ဖျော့လေး ကျလာတယ်။ ကျုပ် ချက်ချင်းသတိရသွားတယ်။ တံခါးဖွင့်ပြီး ဝိုင်းထဲကို ဆင်းလာတယ်။ မဖဲဝါ ပို့လိုက်မယ်ဆိုတဲ့ တံစူးဝါးကို ကျုပ် လိုက်ရှာတာဗျ။

ဟော တွေ့ပြီဗျို့။ တမာပင်အောက်မှာ ချထားတာဗျို့။ တစ်ပိုင်းက မီးကျွမ်းနေပြီ၊ တစ်ပိုင်းကတော့ စိမ်းနေတာပဲဗျ။ ဟုတ်ပါ့ဗျာ၊ မဖဲဝါပြောတဲ့အတိုင်းပဲ အခုမှ အပင်က ခုတ်ထားတဲ့ ဝါးအတိုင်းပဲဗျာ။ ဒီဝါးက ခုတ်ထားတာ အနှစ် နှစ်ဆယ်ရှိပြီ ဆိုတာ ဘယ်သူ ယုံမှာတုံးဗျာ။

ဒါဆိုရင်တော့ ညက အိပ်မက်ဟာ ကျုပ်ကိုယ်ပွား ထွက်သွားပြီး မဖဲဝါဆီကို ရောက်သွားတာ သေချာနေတာပေါ့ဗျာ။

တံစူးဝါးကိုယူပြီး မန်ကျည်းပင်အောက်က သစ်သားကွပ်ပျစ်အောက်ကို ထိုးထားလိုက်တယ်။ လကွယ်ဖို့ နှစ်ရက်လိုသေးတယ်လေဗျာ။

နေ့လယ်ပိုင်း အဘနဲ့ အမေ ရွာထဲသွားတဲ့အချိန်မှာ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com


က တံစူးဝါးကို တစ်တောင်တိုင်ပြီး လွှနဲ့ဖြတ်တယ်။ ပြီးတော့ ဝါးချွန်လုပ်ရတာပေါ့ဗျာ။ တံစဉ်းတစ်လက်နဲ့ ကျုပ်လိုချင်တဲ့ပုံ ရအောင် လုပ်ယူလိုက်တယ်။ ညနေပိုင်းကျတော့ ကျောက်ခဲ ရောက်လာတယ်ဗျ။ ဘန့်ဘွေးကုန်းသချိုင်းထဲက ကုလားကြီးက မန္တန်တွေရွတ်ပြီး မန်းမှုတ်နေတယ်လို့ ပြောတယ်ဗျ။ ကုလားကြီး က မန္တန်တွေကို အသံနေအသံထားနဲ့ ရွတ်လိုက်ရင် သူ့တပည့် မြွေဟောက်ကြီးက ပါးပျဉ်းကြီး အကြီးကြီးခွက်ပြီး ကနေသတဲ့ဗျ။ ကျောက်ခဲတောင် ကြည့်ရင်း ကြောက်လာလို့ ထွက်ပြေးလာတာ ဆိုပဲ။

အင်းလေ၊ လကွယ်ညအတွက် သူလည်း ကြိုပြီးပြင်ဆင် နေတာနေမှာပေါ့ဗျာ။ ကျုပ်တောင်မှ တံစူးဝါးချွန်နေပြီပဲ။ နောက် တစ်နေ့ရောက်တော့ ကျုပ်က ကျုပ်ဆရာကြီးတွေ ကျုပ်ကိုပေးခဲ့ တဲ့ ဆေးတော်တွေကို နည်းနည်းစီသွေးပြီး တံစူးဝါးကြီးမှာ သုတ် လိုက်တယ်။ ဒီထဲမှာ ဆရာနွံဖပေးထားတဲ့ သစ်စုန်းဆေးတော် ကြီးလည်း ပါတာပေါ့ဗျာ။

ဒီအကြောင်းကို ကျုပ် ဘယ်သူ့ကိုမှ မပြောဘူးဗျ။ အမေ့ ကိုတော့ ကိစ္စရှိလို့ ဘန့်ဘွေးကုန်း သွားမယ်ပဲ ပြောခဲ့တာ။ ကျုပ် ကတိအတိုင်း လကွယ်ည သန်းခေါင်ကိုမတိုင်ခင် ကျုပ် တစ်ယောက်တည်း မီးလောင်ကုန်းသချိုင်းထဲကို ရောက်လာခဲ့


www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျုပ်လက်ထဲမှာတော့ အထက်ဆရာကြီးတွေရဲ့ ဆေးတော်တွေ လိမ်းကျံထားတဲ့ တံစူးဝါးအချွန်ကြီးကို ကျစ်ကျစ်ပါအောင် ဆုပ်လို့ပေါ့ဗျာ။ ကျုပ်က မျက်ကွင်းဆေးကွင်းပြီး နားကိုပါ သုတ်ထားလိုက်တယ်။ ဒါဆိုရင် မဖဲဝါရဲ့အသံကိုပါ ကျုပ်ကြားရမှာပေါ့ဗျာ။

"ဝူး၊ ဝူး၊ ဝူး၊ အိ၊ အိ၊ အိ"

ဟော မဖဲဝါ လာပြီဗျို့။ ခွေးနက်ကြီးရဲ့အသံက သချိုင်းဘက်နားက ထွက်လာတာဗျ။ ကျုပ်က ပတ်ဝန်းကျင်ကို လိုက်ကြည့်တယ်။

ဟာ လာပြီ၊ လာပြီ။ မဖဲဝါ ခေါင်းကြီးထမ်းပြီး ရောက်လာပြီဗျို့။ သူ့ခွေးနက်ကျော်ကြီးလည်း ပါလာတာပဲ။ ကေဿာဘန့်သွေးကုန်းကို နက်ကျော်ကြီးပါ လိုက်မယ်ထင်တယ်ဗျ။

မဖဲဝါက သူ့ရဲ့ မှော်ဝင်ခေါင်းတလားကြီးကို မြေကြီးမှာချလိုက်တယ်။ ပြီးတော့ အဖုံးကို ဖွင့်လိုက်တယ်။ မဖဲဝါ ကောင်းကင်ကို မော့ကြည့်ပြီး ပါးစပ်ကနေ တစ်ခုခုကို ပြောနေတယ်ဗျ။ ခဏနေတော့ ကျုပ်လက်ထဲက တံစူးဝါးကို သူလှမ်းကြည့်ပြီး ခေါင်းညိတ်တယ်။

"တာတေ၊ ခေါင်းထဲ ဝင်လိုက်တော့၊ အချိန်ကျပြီ"

မဖဲဝါအသံကို ကျုပ်ကြားရတယ်ဗျို့။



www.burmeseclassic.com

www.burmeseclassic.com



"အီ၊ အီ၊ အီ၊ အီ"

နက်ကျော်ကြီးကလည်း တအီအီလုပ်ပြီး ပြောနေတာဗျ။ ဘာတွေပြောနေမှန်းတော့ ကျုပ် မသိဘူး။

ကျုပ်က မဖဲဝါရဲ့ မော်ဝင်ခေါင်းကြီးထဲကိုဝင်ပြီး ပက်လက်လှန်ချလိုက်တယ်။ တံစူးဝါးကိုတော့ ရင်ဘတ်ပေါ်မှာတင်ပြီး အဆင်သင့်ကိုင်ထားလိုက်တယ်။ မဖဲဝါက ခေါင်းအဖုံးကို နှုတ်ခမ်းလေးတင်ပြီး ပိတ်လိုက်တယ်။ ကျုပ် အသက်ရှူလို့ ရနေတာပေါ့ဗျာ။ မဖဲဝါက ခေါင်းကို မ,မသေးဘူးဗျ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ဟော နက်ကျော်ကြီး အူပြီ။ ဒီတော့မှ မဖဲဝါက ခေါင်းကို ဆတ်ကနဲ မပြီး ပခုံးပေါ်မှာ ထမ်းလိုက်တာဗျ။ ဟော သွားပြီ၊ သွားပြီ။ မဖဲဝါ လေထဲကို မြောက်တက်သွားပြီး အရှေ့ကို ပြေးနေပြီ။

"အီ၊ အီ၊ အီ၊ အီ"

နက်ကျော်ကြီးရဲ့ တအီအီနဲ့ အော်သံကို ကျုပ်ကြားနေရတယ်။ မီးလောင်ကုန်းနဲ့ ဘန့်ဘွေးကုန်းဆိုတာ ဘာဝေးတာမှတ်လို့ဗျာ။ သိပ်မကြာခင် ရောက်သွားတာပေါ့။ မဖဲဝါ တုံ့ကနဲ ရပ်သွားတယ်။

"ဟား၊ ဟား၊ ဟား၊ ဟား မဖဲဝါဆိုတာကို အခုမှပဲ



www.burmeseclassic.com

www.burmeseclassic.com



မြင်ဖူးတော့တယ်၊ အင်မတန်မှ နာမည်ကြီးတဲ့ ဗမာသရဲမပဲ၊ အခုတော့ နင် ဘာတတ်နိုင်သေးလဲ၊ နင် အမြဲဖွက်ထားတဲ့ နင့်ရဲ့ ခေါင်းကြီးကို နင်ကိုယ်တိုင်ထမ်းပြီး လာပို့ရပြီမို့လား၊ ဟား၊ ဟား၊ ဟား၊ ဟား"

မဖဲဝါက ဘာမှမပြောဘဲ သူ့ရဲ့မှော်ဝင်ခေါင်းတလားကြီးကို စရပ်ပေါ်ကို တင်ပေးလိုက်တယ်။

"ဟား၊ ဟား၊ ဟား၊ ဟား ငါ့အမိန့်မရဘဲ နင် ဒီနေရာက ထွက်မသွားရဘူး မဖဲဝါ၊ အဲဒါ ငါ့အမိန့်ပဲ"

ကုလားသံကြီးပေါက်နေတာကလွဲရင် ဗမာစကားကို တော်တော်လေး ပီပီသသ ပြောနိုင်တဲ့ လူပဲဗျာ။

"ဟား၊ ဟား၊ ဟား၊ ဟား"

အောက်လမ်းကြီးက မဖဲဝါကို သတိမလစ်ဘဲ ခေါင်းအဖုံးကို ဆွဲဖွင့်လိုက်တယ်ဗျ။

"ဟင်"

အထဲမှာပါလာတဲ့ ကျုပ်ကို အောက်လမ်းကြီး မြင်သွားတယ်။ ဒါပေမဲ့ သူ သိပ်နောက်ကျသွားပြီ။

"ဖွပ်၊ ဖွပ်၊ ဖွပ်"

ကျုပ်လက်ထဲက တံစူးဝါးနဲ့ အောက်လမ်းရဲ့ ရင်ဘတ်တည့်တည့်ကို သုံးချက်ဆင့်ထိုးလိုက်ပြီး တံစူးဝါးကို ဖိသွင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျုပ် ခေါင်းထဲက ချက်ချင်းလိုမ့်ထွက်လိုက်ပြီး ရှေ့ကို ကုန်းကုန်းကြီးဖြစ်နေတဲ့ အောက်လမ်းကြီးရဲ့ ရင်ဘတ်ထဲက တံစူး ဝါးကြီး ကျွတ်မထွက်အောင် ဖိကပ်ထားလိုက်တယ်။ အောက်လမ်း ကုလားကြီးက ကြောက်စရာကောင်းတဲ့ မျက်လုံးကြီးနဲ့ ကျုပ်ကို အစိမ်းလိုက် ဝါးစားမလို ကြည့်နေတယ်ဗျ။ ပြီးတော့ သူ့ရင်ဘတ် ထဲကို ထိုးသွင်းထားတဲ့ တံစူးဝါးကို ဆွဲနှုတ်ဖို့ ကြိုးစားတယ်။ သူက ဆွဲနှုတ်ဖို့ ကြိုးစားလေ ကျုပ်က ဖိသွင်းလေနဲ့ တံစူးဝါးက ကုလားကြီးရဲ့ ရင်ဘတ်ထဲကို တော်တော်ကို နစ်ဝင်သွားပြီဗျ။ ဒီတုန်းမှာပဲ တံစူးဝါးထိုးထားတဲ့နေရာက မီးခိုးလိုလို အခိုးတွေ ထွက်လာရောဗျို့။ သွေးတော့ တစ်စက်မှ ထွက်မလာဘူးဗျ။

အောက်လမ်းကြီးက မျက်လုံးပြူးကြီးနဲ့ မဖဲဝါကို တစ်ချက် လှမ်းကြည့်ပြီးတော့ ပြောလိုက်တယ်ဗျ။

"ဗမာသရဲမ နင် တော်တော် လွယ်တဲ့ ကောင်မပဲ၊ အခုတော့ နင် ဦးသွားပြီပေါ့လေ"

"အီး၊ အီး..........."

အောက်လမ်းကြီးရဲ့ စကားမဆုံးခင်ပဲ မဖဲဝါရဲ့ အော်သံ ကြီး ထွက်လာရောဗျို့။ မဖဲဝါလည်း လေထဲကို ရိပ်ကနဲ ခုန်လိုက် ပြီး အောက်လမ်းရဲ့ ကျောကုန်းကြီးကို သူ့ရဲ့ သံမဏိလက်ဝါးကြီး နဲ့ ရိုက်ရောဗျို့။



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

"နင့်ကို ဖုတ်ကောင်ကြီးမှန်း ငါသိတယ်ဟဲ့၊ အောက်လမ်းရဲ့၊ ကဲဟာ ကဲဟာ"

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

ကုလားအောက်လမ်းဆရာကြီး မျက်လုံးကြီး အပေါ်လန်ပြီး ဇက်ကြိုးကျိုးကျသွားရောဗျို့။

"ခွီး၊ ခွီး၊ ခွီး၊ ခွီး"

ဟာ မြွေကြီး၊ မြွေကြီး၊ မြွေဟောက်ကြီးဗျာ။ ပါးပျဉ်းကြီးခွက်လို့။ ကျုပ်ဆီကို တန်းပြေးလာတာဗျ။ ကျုပ်ကလည်း ထိုးထားတဲ့ တံစူးဝါးကြီးကို ကိုင်ထားတာ မလွှတ်ရဲသေးဘူးဗျ။ အောက်လမ်းက တကယ်သေတာ ဟုတ်ချင်မှ ဟုတ်မှာ။

"ဝုန်း၊ ဝုန်း၊ ဝုန်း"

ဟာ နက်ကျော်ကြီးဗျာ။ ဇရပ်ပေါ်ကို လွှားကနဲ ခုန်တက်လာပြီး ပါးပျဉ်းထောင်နေတဲ့ မြွေဟောက်ကြီးရဲ့ လည်ပင်းကို ပြေးကိုက်တော့တာဗျို့။ မြွေဟောက်ကြီးက ရုန်းလေ နက်ကျော်က ကိုက်ပြီး ဆွဲခါလေနဲ့ဗျို့။ ဘန့်ဘွေးကုန်းသချိုင်းဇရပ်ပေါ်မှာ ရုန်းရင်းဆန်ခတ် ဖြစ်သွားတာကို ဘယ်သူမှ သိလိုက်မှာ မဟုတ်ဘူးဗျ။

"တာတေ ရပြီ၊ လွှတ်လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



မဖဲ့ဝါပြောတော့မှ ကျုပ်က တံစူးဝါးကို လွှတ်ရဲတာဗျို့။ ကုလားအောက်လမ်းကြီးက မျက်လုံးကြီးပြူးပြီး ပက်လက်လန် ကျသွားတယ်။ ရင်ဝမှာတော့ ကျုပ်ထိုးထားတဲ့ တံစူးဝါးကြီးက တန်းလန်းကြီးပေါ့ဗျာ။ သူ့ဘေးမှာတော့ နက်ကျော်ကိုက်သတ် ထားတဲ့ အောက်လမ်းဆရာကြီးရဲ့ မြွေဟောက်ကြီးက စင်းစင်း ကြီး သေလို့ဗျ။

"တာတေ၊ နင့်ကို ငါ ကျေးဇူးတင်တယ်"

လို့ မဖဲ့ဝါက ပြောရင်းနဲ့ သူ့ရဲ့ ခေါင်းတလားကြီးကို ကောက်ယူပြီး ပခုံးပေါ်မှာ ထမ်းလိုက်တယ်။

"အီ၊ အီ၊ အီ၊ အီ"

နက်ကျော်ကြီးကလည်း ကျုပ်ကိုကြည့်ပြီး တအီအီနဲ့ လုပ်နေတာဗျို့။ သူလည်း တစ်ခုခုပြောနေတဲ့ပုံပဲဗျ။ မဖဲ့ဝါက ခေါင်းကြီးထမ်းပြီး ဘာန္ဓဘွေးကုန်းဇရပ်ပေါ်က ဆင်းသွားတယ်။ ပြီးတော့ ဘာန္ဓဘွေးကုန်းသင်္ချိုင်းထဲက ထွက်သွားတယ်။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီ၊ အီ၊ အီ"

နက်ကျော်ကြီးရဲ့အသံ တဖြည်းဖြည်း ဝေးသွားပြီဗျို့။

"ဝုန်း"

"ဟာ"

ကျုပ်က ဟာကနဲ အော်လိုက်ပြီးတော့ ဇရပ်ပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ဆင်းပြေးလိုက်တယ်ဗျ။

အောက်လမ်းဆရာကြီးရဲ့ အလောင်းက မီးထတောက်တာဗျို့။ ဒါမျိုးတွေ ကျုပ်မြင်ခဲ့ဖူးပါပြီ။ အဝီစိကိုသွားမယ့် အောက်လမ်းကြီးတွေ၊ ကဝေကြီးတွေ သေရင် အခုလိုပဲ ငရဲမီးတောက်ကြီး ထတောက်တတ်တာပဲဗျ။

ဒါပေမဲ့ ငရဲမီးတောက်က သာမန်မီးထက် အဆပေါင်းများစွာပြင်းတော့ ခဏလေးအတွင်းမှာ ပြာမှုန်တောင် မကျန်ဘဲ အောက်လမ်းကြီး ပျောက်သွားတာဗျို့။

အုတ်ဇရပ်ကလေးပေါ်မှာတော့ ခွေးကိုက်သတ်ထားတဲ့ မြွေသေကောင်တစ်ကောင်ပဲ တွေ့ကြမှာပေါ့ဗျာ။ ကျုပ်လည်း ဘန့်ဘွေးကုန်းသချိုင်းက ထွက်ခဲ့တယ်။

"ကိုကြီးတာတေ"

"ဟေ..ဟာ ကျောက်ခဲပါလား၊ ဟင် လက်မနဲ့ ဝက်သိုးလည်း ပါတာကိုး၊ မင်းတို့ ဒီအချိန်ကြီး ဘာလာလုပ်ကြတာတုံး"

"ဝက်သိုးက ဒီည တစ်ခုခုထူးခြားမယ်ထင်တယ်၊ အောက်လမ်းကုလားကြီး ဇရပ်ပေါ်မှာ မီးတွေထွန်းပြီး ဘာတွေ လုပ်နေလဲ မသိဘူး။ ဂါထာတွေ ရွတ်နေတာလည်း အသံအကျယ်ကြီးလို့ လာပြောတာနဲ့ ကျုပ်နဲ့ လက်မ လိုက်ချလာတာဗျ။ ကျုပ်တို့ ကြည့်နေတုန်းမှာ ဟိုတစ်လောက ဘန့်ဘွေးကုန်းကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတဲ့ မဖဲဝါရဲ့ ခေါင်းကြီးက လေထဲကနေ ဘွားကနဲ ပေါ်လာပြီး အထဲက ကိုကြီးတာတေ ထွက်လာတာ တွေ့လိုက်တယ်။ ပြီးတော့ အောက်လမ်းကြီးကို တစ်ခုခုနဲ့ ထိုးလိုက်တာကို တွေ့လို့ ကျုပ်တို့ ဆက်ပြီးကြည့်နေတာဗျ"

ဟုတ်တာပေါ့ဗျာ။ ဒီကောင်တွေက မဖဲဝါနဲ့ သူ့ခွေးကြီးကိုတော့ ဘယ်မြင်ရမှာတုံး"

"နေပါဦး ကိုကြီးတာတေရဲ့၊ အောက်လမ်းရဲ့ မြွေ ဟောက်ကြီးက ကိုကြီးတာတေကို ပေါက်သတ်မလို့ လုပ်နေဘုန်း ချက်ချင်းသေသွားတာ ဘယ်လိုဖြစ်လို့တုံး"

"မင်းတို့ မမြင်ရတဲ့သူတွေ လုပ်လိုက်တာပေါ့ ကျောက်ခဲရ"

"ဩော် ကျုပ် သိပြီ၊ သိပြီ ကိုကြီးတာတေ၊ ဒါဆို ဒီခေါင်းကြီးကို ကျုပ်တို့ မမြင်ရတဲ့သူက သယ်လာတာပေါ့လေ၊ ဒါနဲ့ အောက်လမ်းကြီးက သူ့အလိုလို မီးတောက်ပြီး ဟုတ်ကနဲ လောင်သွားတာ၊ ဘာမှကို မတွေ့တော့ဘူးဗျ။ အဲဒါ ဘယ်သူ ရှို့လိုက်တာတုံး၊ စောစောက ကိုကြီးတာတေပြောတဲ့ မမြင်ရတဲ့သူ တွေ ရှို့လိုက်တာလား"

"ဟာ မဟုတ်ဘူးကွ၊ အဲဒါ ငရဲမီးတောက်လို့ ခေါ် တယ်၊ အကုသိုလ်သိပ်များတဲ့ အောက်လမ်းဆရာကြီးတွေ သေရင်



www.burmeseclassic.com

www.burmeseclassic.com



ရေမီးက အလိုလိုထတောက်တာကွ၊ လွှတ်ပူတဲ့မီးကွ ကျောက်ခဲရ၊ ဒါကြောင့် ငါ ဇရပ်အောက်ကို ဆင်းပြေးရတာ"

"ဒါဆိုတော့ အောက်လမ်းဆရာကြီးကို ရေပြည်က လာပြီးခေါ်သွားတဲ့ သဘောပေါ့၊ ဟုတ်လား ကိုကြီးတာတေ"

"ဟုတ်တာပေါ့ ကျောက်ခဲရာ၊ ဒီအောက်လမ်းကြီး အဝီစိကို ရောက်သွားပြီပေါ့ကွ"

ဒီကောင်တွေက သင်္ချိုင်းဇရပ်နဲ့ ခပ်လှမ်းလှမ်းက အပင်တွေနောက်မှာ ပုန်းပြီးကြည့်နေကြတာဗျ။

ဘန့်ဘွေးကုန်းက ဝက်သိုးကို အိမ်အထိ ပြန်ပို့ပြီးတော့ လက်မရယ်၊ ကျောက်ခဲရယ်၊ ကျုပ်ရယ် ထနောင်းကုန်းကို ပြန်ခဲ့ကြတယ်။

ကျုပ်တို့ ထနောင်းကုန်းကို ပြန်ရောက်ပြီးတော့ ဘိုး မကြာပါဘူးဗျာ လင်းကြက်တွန်တော့တာပါပဲ။


တာတေ

□□□

အရှေ့ဘက်တောင်းတင်

www.burmeseclassic.com

www.burmeseclassic.com



## ခေါင်းရောင်းတဲ့ဆိုင်

**အညာ**ဆောင်းတဲ့ဇျို။

ပြာသိုလေဇျာ။ လွတ်အေးတဲ့လပေါ့။ စောင်ဘယ်နှထပ် ခြုံမလဲ ခြုံစမ်းဇျာ။ အရိုးထဲကကို ချမ်းနေတာဇျ။ ဘယ်လိုမှ

**အရှေ့ဘက်တောင်းကောင်**

www.burmeseclassic.com

www.burmeseclassic.com



မရဘူး။ ဒါပေမဲ့ တာတေဆိုတဲ့ကောင်ကတော့ ဆောင်းကို စိန်ခေါ်ပုံသဗျ။ ဂုန်နီဖျင်ကို ဆက်ချုပ်ထားတဲ့ ဂုန်နီအိပ်စောင်ပေါ့ဗျာ။ အဲဒါကို အောက်ကတစ်ထပ်ခြုံ၊ ပြီးတော့မှ အညာစောင် ဖျင်ကြမ်းကို အပေါ်ကထပ်ခြုံ။ အဲဒါမှ နွေးတာဗျ။

ဒါတောင် ဒီအတိုင်းမရဘူး။ နေ့ခင်းဘက်မှာ စောင်တွေကို နေထုတ်လှမ်းထားရသေးတာဗျို့။ ဒါမှ ညဘက်နွေးတာ။ အဲဒီလောက်အေးတဲ့ ပြာသိုပါဗျာ။

ဒါပေမဲ့ ကျုပ်က ပြာသိုဆို ပိုတောင်ပျော်သေးတယ်ဗျ။ ညဦးမှာ ဝိုင်းတွေထဲ ပဲရိုး နှမ်းရိုးတွေ မီးရှို့ပြီး မီးလှုံကြ၊ စကားတွေ ဝိုင်းဖွဲ့ပြောကြ၊ အညာလေ့ စားစရာတွေစားကြ၊ ရေနွေးကြမ်းသောက်ကြ တယ်ပျော်စရာကောင်းတာဗျ။

ပြောရဦးမယ်ဗျို့။ ကျုပ်အမေက အညာသားကျောကုန်းလို့ခေါ်တဲ့ မုန့်လုပ်တာ နာမည်ကြီးဗျ။ အပေါ်က အုန်းသီးလေးဖြူးပေးလိုက်ရင် ကျောက်ခဲတို့၊ သံမဏိတို့၊ လက်မတို့၊ မျက်ပြူးတို့ အကြိုက်ပေါ့ဗျာ။ တစ်ခါ တစ်ခါကျတော့လည်း ရွာထဲကကောင်တွေက အမေ့ကို ရယ်စရာပြောကြသဗျ။

“အရီးရယ်၊ တခြားမုန့်လေး ပြောင်းလုပ်စမ်းပါဗျာ၊ အရီးလုပ်တဲ့မုန့်က စားလို့တော့ကောင်းပါရဲ့၊ ဒါပေမဲ့ ကိုယ့်ကျော



www.burmeseclassic.com

www.burmeseclassic.com


ကုန်းကိုကိုယ်ပြန်စားနေရသလို ဖြစ်နေလို့ဗျ”

လို့ပြောရင် အမေတို့ အဘတို့က ရယ်ကြတော့တာပေါ့ ဗျာ။ ညဘက် မီးလှုံလာကြရင် အမေက အညာသားကျောကုန်း လုပ်ကျွေးတာကိုဗျ။ အညာသားကျောကုန်းကလည်း လုပ်ရတာ တော်တော်လက်ဝင်သားဗျ။ ဒါပေမဲ့ ကျုပ်အမေကတော့ အပင်ပန်း ခံပြီးတော့ကို လုပ်ကျွေးတာဗျ။

ဒီညလည်း ကြည့်လေ။ အမေ အညာသားကျောကုန်း ကျွေးမယ်ဆိုလို့ ကျောက်ခဲတို့တင်မကပါဘူးဗျာ။ အရီးရွှေမြတို့၊ အရီးဘုမတို့၊ အရီးမပြားကြည်တို့၊ အရီးထယ်တို့ပါ ရောက်လာ ကြတာဗျ။ ကျုပ်အမေရဲ့ မိတ်ဆွေတွေလေဗျာ။

ဒီညတော့ ဝိုင်းထဲက မီးလှုံပွဲက ပျော်စရာကောင်းနေ တော့တာပေါ့ဗျာ။ အဲဒီထဲမှာ အရီးရွှေမြတို့ အရီးဘုမတို့ဆိုတာ ရှေ့မီနောက်မီ အဘွားကြီးတွေဗျ။ ကြားဖူးနားဝကလည်း လွှတ်ရှိ တာ။ သူတို့ပြောပြရင် ဘာပြောပြော နားထောင်လို့ တယ်ကောင်း တာဗျာ။

အခုလည်း အရီးရွှေမြက ပြောလိုက်၊ အရီးဘုမက ပြော လိုက်၊ အရီးထယ်က ဝင်ပြောလိုက်နဲ့ ကျောက်ခဲတို့အုပ်စုတွေဆို တာ ငြိမ်ပြီးနားထောင်နေလိုက်ကြတာဗျာ။ အသက်တောင် မှူရဲ့


www.burmeseclassic.com

www.burmeseclassic.com



လားမသိဘူးဗျ။ ပြောသာပြောတာ၊ ဒီအဘွားကြီးတွေ ပြောတာကို ကျုပ်လည်း စိတ်ဝင်စားသားဗျ။

"ဒီလောကကြီးကလည်း ဆန်းတော့ အဆန်းသားဟဲ့ ငွေစိန်ရဲ့၊ ရွှေအိုးရဲ့အဖေ ဘိုးငွေရကြီးရဲ့ အဖြစ်ကလည်း အံ့သြစရာဟဲ့"

"နေပါဦး အစ်မရွှေမြရဲ့၊ အစ်မနဲ့ ကိုရွှေအိုးနဲ့ ဘယ်သူက ကြီးတုံး"

"ဟဲ့ ပြားကြည်ရဲ့၊ ရွှေအိုးနဲ့ ငါနဲ့က မီးဝင်မီးထွက်တဲ့၊ သူက ငါ့ထက် ခုနစ်ရက် ကြီးတာပေါ့အေ"

"ဘိုးငွေရကြီးက ဒီအကြောင်း ဘယ်သူ့မှပြောတာ မဟုတ်ဘူးဟဲ့၊ သူမဆုံးခင် တစ်နှစ်လောက်ကမှ ငါ့ကို ပြောသွားတာ၊ ငါက သူ့ကို ဟင်းကောင်းလေးချက်တိုင်း သွားသွားပို့နေကြ ကိုး ပြားကြည်ရယ်"

"ဘယ်လိုအကြောင်းတုံး ရွှေမြရဲ့"

ကျုပ်အမေကလည်း အရီးရွှေမြ ပြောတာကို စိတ်ဝင်စားသွားပုံပဲဗျ။ အရီးရွှေမြကို မေးနေတယ်။ အရီးရွှေမြက အမေနဲ့ ရွယ်တူပဲဗျ။ စောစောက သူတို့ပြောတဲ့ ဘိုးရွှေအိုးဆိုတာက ကျုပ်သူငယ်ချင်းမ ပန်းအိရဲ့အဖေဗျ။ ကျုပ်အမေတို့နဲ့ကြတော့



www.burmeseclassic.com

www.burmeseclassic.com



ရှယ်တူ ဆော့ဖက် ကစားဖက်တွေပေါ့ဗျာ။

"ဒီလိုဟဲ့ ငွေစိန်ရဲ့၊ ဘိုးငွေရငယ်ငယ်က မြောက်ဘက် ထန်းတော ဟိုးဘက်က ယာကြီးထဲမှာသွားပြီး ယာထွန်ရင် ဝေလီဝေလင်း ထထသွားရတာတဲ့။ ယာထဲရောက်ရင် မိုးမလင်းသေးဘူးတဲ့။ ယာလေးတစ်ကြောင်း နှစ်ကြောင်းလောက် ထွန်ပြီးရင် ဘိုးငွေရက နဘူးချုံကြီးအောက်မှာ တစ်ရေးပြန်ပြီး အိပ်ရောဆိုပဲ အိပ်ရာက နိုးလာရင် မနက်ခုနစ်ရီ ရှစ်နာရီတောင် ရှိပြီဆိုပဲ။ နွားတွေက ထွန်တုံးတန်းလန်းနဲ့ ယာဟိုဘက်အစပ်မှာ ရောက်နေတာတဲ့။ ယာတစ်ကွက်လုံးလည်း ထွန်ပြီးနေပြီတဲ့ဟဲ့"

"ဟာ"

"ဘယ်လိုဖြစ်တာတုံး အရီးရဲ့"

ကျုပ်ကလည်း လွှတ်ကနဲ ဝင်မေးလိုက်မိသဗျ။ အရီးက ကျုပ်ကို လှည့်ကြည့်ပြီး…

"တစ္ဆေက ထွန်ပေးကာတဲ့ဟေ့"

"ဗျာ၊ တစ္ဆေထွန်ပေးတာ ဟုတ်လား အရီး"

ဒီတစ်ခါတော့ ကျုပ်က မနေနိုင်တော့ဘူးဗျို့။ ခွတ်ဝင် မေးလိုက်တော့တာဗျ။

"ဟုတ်ပ ပါ့ တာတေရေ၊ တစ္ဆေက ထွန်ပေးတာတဲ့၊ အဲ



www.burmeseclassic.com

www.burmeseclassic.com



တာ့ ဘိုးငွေရလည်း တော်တော်အုံသြပြီး ကြောက်လည်း ကြာက်သွားတာတဲ့ပော့၊ တစ္ဆေကို ထင်ထင်ရှားရှား တွေ့ရတာ ည်း မဟုတ်ဘူးတဲ့။ ခပ်ဝါးဝါးလေး ရိုးတိုးရိပ်တိတ်လောက်ပဲ တွေ့ရတာဆိုပဲ။

ဘိုးငွေရကလည်း စေတနာလွှတ်ကောင်းတဲ့သူမို့လား ာယ်၊ သူမှာပါသွားတဲ့ ထမင်းထုပ်ကို နည်းနည်းချန်ထားပြီး ာစ္ဆေကို အကုန်ကျွေးလိုက်တာတဲ့။ ခပ်လှမ်းလှမ်းက ဘန့်ဘွေး င်အောက်မှာ ဖက်နဲ့ သေသေချာချာခင်းပြီး ကျွေးတာတဲ့။ ရေနွေး ကြမ်းလည်း တိုက်တယ်ဆိုပဲ။ တော်တော်ကြာတော့ သွားကြည့် လိုက်တဲ့အခါ ဘာမှကို မရှိတော့တာတဲ့။ ရေနွေးကြမ်းလည်း ာစ္ဆေက သောက်တယ်ဆိုပဲ။ အဲဒီနေ့ကစပြီး ယာထဲဆင်းရင် ဘိုးငွေရက ထမင်းတစ်ထုပ် ပိုပိုထုပ်သွားသတဲ့။ သူတစ်ထုပ်၊ ာစ္ဆေတစ်ထုပ်ပေါ့၊ စောစောသွားပြီး ဘိုးငွေရက တစ်ကြောင်း နှစ်ကြောင်းထွန်ပြီး မြယာချုံးသွားပြီး အိပ်ချင်ယောင်ဆောင် နေလိုက်တော့တာတဲ့။ ဒါဆိုရင် တစ္ဆေက ထိန်ပင်ကြီးပေါ်က ဆင်းလာပြီး ယာထွန်တော့တာပဲတဲ့ပော့။ ယာတစ်ခင်းများ သိပ် မကြာဘူးတဲ့ဟဲ့၊ ယာတစ်ခင်းထွန်ပြီးရင် နောက်တစ်ခင်း ထွန်တာ ပဲတဲ့၊ မိုးလင်းပြီဆိုရင်တော့ ဆက်မထွန်တော့ဘူးတဲ့ပော့၊ ရောက်တဲ့



www.burmeseclassic.com

www.burmeseclassic.com


နေရာမှာ နှုားရပ်ထားခဲ့တော့တာပဲတဲ့။ သူယာထွန်နေတုန်း ဘိုးငွေရ
က သူနေတဲ့ ထိန်ပင်အောက်မှာ သူ့အတွက် ထမင်းအဆင်သင့်
ပြင်ပေးထားလိုက်ရောတဲ့။ ယာထွန်ပြီးရင် တခွေးက ထမင်းစား
စားသွားတာတဲ့။ ဒီအကြောင်းကို ဘိုးငွေရက ဘယ်သူ့ကိုမှ မပြော
ဘူးတဲ့ဟေ့။

နောက်တော့ နှမ်းတွေနှုတ်ပြီး နှမ်းထောင်စောင့်ရတဲ့
အချိန်ကျရင် ဘိုးငွေရက ထန်းလက်တဲလေးထိုးပြီး စောင့်ရတာ
တဲ့။ ညစာလည်း သူစားရင် တခွေးကို တစ်ထုပ်ကျွေးလိုက်သတဲ့။
ညဆိုရင် ဘိုးငွေရ အိပ်ချင်သလောက်သာ အိပ်တော့ နှမ်းတစ်ပင်
တောင် မပျောက်ဘူးတဲ့၊ တခွေးက နှမ်းထောင်စောင့်ပေးတာတဲ့
ဟေ့။ နှမ်းထောင်တွေ ကပ်လာတဲ့ကောင်တွေ့ရင် တခွေးက မြေ
စိုင်ခဲနဲ့ ပစ်လွှတ်တာတဲ့။ ဘိုးငွေရယာမှာ သရဲခြောက်တယ်ဆိုပြီး
ဘယ်သူမှကို အနားမကပ်ရဲတာဆိုပဲ။ နောက်တော့ တခွေးက
ဟိုအဝေးကြီးက ယာတွေဆီသွားပြီး နှမ်းထောင်တွေ ယူယူလာ
ပေးတာဆိုပဲ၊ မနက်မိုးလင်းလို့ အိပ်ရာထရင် ယာထဲမှာ နှမ်း
ထောင်တွေ အများကြီးတိုးနေရောတဲ့။ ဒီတော့မှ ဘိုးငွေရက
လန့်သွားပြီး တခွေးကို ပြောရသတဲ့။

'သူများပစ္စည်းကို မခိုးရဘူး၊ သူ့ခမျာ တပင်တပမ်းစိုက်


www.burmeseclassic.com

www.burmeseclassic.com



ဖိုးထားရတာ မယူပါနဲ့၊ ဒီလိုပစ္စည်းမျိုးကို သူမလိုချင်ပါဘူး ပြန်ပို့ပေးပါ' လို့ ပြောတော့ နောက်နေ့မနက်ဆိုရင် မရှိတော့ဘူး ဆိုပဲ၊ တစ္ဆေက ပြန်ပို့လိုက်ရောတဲ့"

"ဟာ...ဒါဆိုရင် ဒီတစ္ဆေက ဘိုးငွေရကို တော်တော် ခင်တာပဲ အရီးရဲ့၊ ဘိုးငွေရ စကားကိုလည်း နားထောင်တာပေါ့"

ကျုပ်က အရီးရွှေမြကို ပြောလိုက်တော့ အရီးရွှေမြက အမေ့လက်ရာ အညာသားကျောကုန်းတစ်တုံးကို ဖွန်းနဲ့ခပ်စားရင်း စကားဆက်ပြောတယ်။

"ဟဲ၊ တော်တော်နားထောင်တာပဲ့၊ ဘိုးငွေရကလည်း သူတတ်သလောက် မှတ်သလောက် တရားတွေကို ထိန်ပင် အောက်သွားပြီး တစ္ဆေကို ဟောပြတယ်။ ဘိုးငွေရက လူပျိုတော် လေ၊ ဟောတတ် ပြောတတ်တာပေါ့"

"ဟင်..လူပျိုတော်ဆိုတာ ဘာကိုပြောတာတုံး အရီးရဲ့"

ကျောက်ခဲက ဝင်မေးတာဗျ။

"ဟဲ့ ဒါတောင်မသိဘူးလား ကျောက်ခဲရဲ့၊ လူပျိုတော်ဆို တာ ဘုန်းကြီးလူထွက်ကို ပြောတာပဲ့"

"ဪ...ဒါဆိုတော့ ဘိုးငွေရက စာတတ်ပေတတ်ကြီး ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့၊ ဟုတ်ပါ့၊ နင်တို့က ဘိုးငွေရကို ကော
ကောင်းမသိလိုက်ကြလို့ မသိကြတာ၊ ရပ်ထဲရွာထဲ အသုဘရှိ
အလှူမင်္ဂလာရှိရင် ဘိုးငွေရတို့က ခေါင်းရင်းခေါင်းဖျားမှာ ထို
တဲ့လူပေါ့။ ပြီးရင် ဟောတော့ ပြောတော့တာပဲဟေ့၊ လူတွေ
လည်း ဘိုးငွေရ ပြောတာဟောတာ အားကြီးသဘောကျကြတာ"

"ဒါဆို ထိန်ပင်က တစ္ဆေလည်း ကြိုက်မှာပဲ အရီးရဲ့"

လက်မကလည်း မခေဘူးဗျ။ အရီးကို ဝင်ပြီးထောက်
လိုက်တယ်။

"ဟဲ့...ဒါပေမဲ့ ဟောကာစ ပြောကာစက တစ္ဆေက
မကြိုက်ဘူးဆိုပဲ၊ သစ်ကိုင်းတွေ တဝုန်းဝုန်းနဲ့ လုပ်ပြတယ်တဲ့
နောက်တော့ ဘိုးငွေရက ချော့မော့ဖျောင်းဖျပြီး ပြောပြတော့
တဖြည်းဖြည်း နားထောင်တာဆိုပဲ။ အဲဒီလို ဟောရင်းပြောရင်း
တစ္ဆေက ကျွတ်ဖို့အချိန်ရောက်သွားရောတဲ့ဟေ့။ တစ်ညမှာ နှ
ထောင်စောင့်နေတဲ့ ဘိုးငွေရကို အိပ်မက်ပေးသတဲ့။ အိပ်မက်ထဲမှ
တွေ့ရတာက သျှောင်ထုံးနဲ့ လူကြီးတစ်ယောက်တဲ့၊ ရုပ်ရည်လည်း
သန့်သန့်ပြန့်ပြန့် ရှိပါတယ်တဲ့။ ဒီတော့ ဘိုးငွေရက 'ဘိုးရယ
ဘိုးကိုကြည့်ရတာ ရုပ်ရည်ကလည်း ခန့်ခန့်ညားညား ရှိလိုက်တာ
ဘယ်လိုကြောင့် တစ္ဆေဘဝကို ရောက်ရတာတုံး' လို့ မေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုပဲ။ ဒီတော့ တစ္ဆေအဘိုးကြီးက ပြန်ပြောသတဲ့။ 'ငွေရ ငါက မင်းလိုပဲ တောင်သူတစ်ယောက်ပါ၊ ဒါပေမဲ့ မင်းလို မဟုတ်ဘူးကွ၊ ငါက သုံးမွေခံရတဲ့လူ၊ ငါ့မှာ အမွေရတဲ့ ရွှေတွေ အများကြီးရှိတယ်၊ ငါက အိမ်ထောင်ရက်သားလည်း မရှိဘူး၊ ပြီးတော့ ငါက ဒီပစ္စည်းတွေကို မလှူရက် မတန်းရက်ဘူးလေ။ အခု ငါနေတဲ့ ထိန်ပင်အောက်မှာ အဲဒီရွှေတွေကို အိုးနဲ့ထည့်ပြီး ငါမြှုပ်ထားခဲ့တာ ဘယ်သူမှ မသိဘူးကွ။ နောက်တော့ ခေတ် ပျက်ရောပေါ့။ အဲဒီအချိန်မှာ ငါ့ကို ဓားပြတိုက်တယ်၊ ငါ အမွေ ရထားတဲ့ ရွှေတွေကို တောင်းတယ်၊ ငါက မရှိတော့ဘူး ကုန်ပြီလို့ ပြောတော့ ဓားပြက ငါ့ကို စိန်လည်ကြာလှည့်ပြီးစစ်တယ်၊ ငါ တော်တော်ကို ခံရတာပေါ့ကွာ' လို့ တစ္ဆေက အိပ်မက်ထဲမှာ ပြောသတဲ့"

"အရီး၊ အရီးပြောတဲ့ စိန်လည်ကြာဆိုတာ ဘာကိုပြော တာတုံးဗျ"

ကျောက်ခဲက မျက်မှောင်ကြီးကြုတ်ပြီး မေးတယ်ဗျ။

"ဟဲ့ ဒီကလေးတွေလည်း ခက်ပေါ့၊ ဗဟုသုတကလည်း နည်းကုန်ပါကောလား ငွေစိန်ရေ၊ စိန်လည်ကြာဆိုတာ ဆန်ပြာတဲ့ စကောကို အလယ်ကနေ အပေါက်ဖောက်ပြီး လည်ပင်းကိုစွပ်



www.burmeseclassic.com

www.burmeseclassic.com



လှည့်တော့ မနှာဘဲနေမလားဟယ်၊ သွေးချင်းချင်းနီနေတော့တာ ပေါ့၊ ဒီတော့ အစစ်ခံရတဲ့လူက နာလွန်းတော့ အကုန်ပြောရတော့ တာပေါ့"

"ဩော်…တော်တော်ရက်စက်တဲ့ ခားပြတွေပါလား အရီးရယ်"

"အေး…အဲဒီလို မေးတာတောင် ထိန်ပင်မှာ တစ္ဆေဖြစ် နေတဲ့ အဘိုးကြီးက သူ့ရွှေတွေ ဘယ်မှာမြှုပ်ထားတယ်ဆိုတာ မပြောဘူးတဲ့ဟေ့။ နောက်ဆုံးတော့ ခားပြက စိတ်ဆိုးပြီး သတ် ပစ်ခဲ့ရောတဲ့။ ဒါနဲ့ ထိန်ပင်မှာ တစ္ဆေလာဖြစ်တာတဲ့။ သူမြှုပ်ထား တဲ့ ရွှေအိုးကိုစွဲပြီး တစ္ဆေဖြစ်တော့တာပေါ့ဟယ်၊ လူ့ဘဝတုန်းက သူက တော်တော်ကို နှမြောတွန့်တိုတာဆိုပဲ၊ ဒီတော့ တစ္ဆေဖြစ်တဲ့ ဘဝမှာ စားစရာ သောက်စရာ ဘာမှကို မရတာတဲ့။ ဘိုးငွေရရဲ့ ခင်မင်တော့မှ ဘိုးငွေရက သူ့ကို အမြဲလို ကျွေးမွေးလို့ သူစားရ သောက်ရတာဆိုပဲ။ ပြီးတော့ ဘိုးငွေရက သူ့ကို သနားပြီး တရားဓမ္မတွေ ဟောပြောပြလို့ အခုဆိုရင် သူ ဒီဘဝက ကျွတ် လွတ်တော့မှာတဲ့။ ဒီတော့ ဘိုးငွေရကို ပြောသတဲ့။

'ငွေရရေ၊ ငါတော့ ရွှေအိုးအစွဲလည်း မရှိတော့ဘူးကွာ၊ အဲဒီရွှေအိုးကို မင်းပဲတူးပြီး ယူလိုက်ပေတော့၊ ပစ္စည်းတွေ ရသွား



www.burmeseclassic.com

www.burmeseclassic.com



ရှင် ငါ့လို မလှူရက် မတန်းရက် မလုပ်နဲ့၊ လှူသင့်တာလှူ၊ ပေးသင့်တာပေးပါ၊ ငါ့ကိုလည်း အလှူအတန်းပြုတိုင်း မှတ်မှတ်ရရ အမျှဝေပါကွာ’ လို့ ပြောပြီး ရွှေအိုးမြှုပ်ထားတဲ့ နေရာကို အိပ်မက်ထဲမှာ သေသေချာချာ ပြတယ်ဆိုပဲ။ ဘိုးငွေရကတော့ သူပြုနေကျအတိုင်း တစ္ဆေကို ထမင်းထုပ်ကလေးဖြည့်ပြီး သွားကျွေးသတဲ့။ ဒါပေမဲ့ ခါတိုင်းလို ထမင်းမစားတော့ဘူးတဲ့။ ပြီးတော့ ခါတိုင်းလို သွားတာလာတာကို ရိုးကနဲ ရိပ်ကနဲ မတွေ့ရတော့ဘူးတဲ့။ ဒီတော့မှ ဘိုးငွေရက တစ္ဆေအဘိုးကြီး ကျွတ်သွားပြီဆိုတာ သိသွားသတဲ့။ တစ်ညမှာ သူပြခဲ့တဲ့ ထိန်ပင်အောက်က နေရာမှာ တူးကြည့်သတဲ့၊ တော်တော်လေးနက်အောင် တူးမိတော့ တစ္ဆေပြောခဲ့တဲ့အတိုင်း စဉ့်အိုးလေးသုံးအိုး သွားတွေ့သတဲ့ဟေ့။ အိုးလေးတွေက ရှယ်တူလေးတွေတဲ့၊ ငါးပိအိုးအရွယ်လောက် ရှိသတဲ့။ အထဲကို ဖွင့်ကြည့်တော့ ရွှေဒင်္ဂါးပြားတွေမှ ရာနဲ့ချီနေတာဆိုပဲ။ ရှေးခေတ်လက်ရာ ခြေကျင်းတွေ၊ နားတောင်းကြီးတွေ၊ လက်ကောက်ကြီးတွေလည်း ပါတယ်ဆိုပဲ။ အဲဒီပစ္စည်းတွေ တစ်ချို့တစ်ဝက် ထုခွဲပြီး ရွာဦးကျောင်းမှာ တိုက်ကျောင်းကြီးဆောက်ပြီး လှူလိုက်သတဲ့။ တစ္ဆေကြီးကိုလည်း ရည်စူးပြီး အမျှသေသေချာချာ ဝေတယ်ဆိုပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...ရွာဦးကျောင်းမှာ ဒါကြောင့် ဦးငွေရ၊ ဒေါ်စိ
မိသားစုကောင်းမှု ဆိုတဲ့ တိုက်ကျောင်းကြီး ဖြစ်လာတာကိုး"

ကျုပ်က သဘောပေါက်ပြီး ပြောလိုက်တာဗျ။

"အဲဒီရွှေအိုးတွေရပြီး တစ်ပတ်ကြာတော့ အရီးမစိန်က
သားယောကျ်ားလေး မွေးဆိုပဲ၊ ဒါနဲ့ ရွှေအိုးလို့ နာမည်ပေးလိုက်
တာတဲ့၊ ဘိုးငွေရကတော့ မသေခင်မှာ အလှူအတန်းတွေ တော
တော်လုပ်သွားတာဟေ့ ပြားကြည်မရေ"

"ဟုတ်တယ် အရီးရဲ့၊ တစ္ဆေကြီးပေးခဲ့တဲ့ ရွှေအိုးလည်း
တစ္ဆေကြီးလို ဖြစ်မှာလည်း ကြောက်သွားလို့ရှိမှာပေါ့တော်"

"ဒါဆိုတော့ လူကိုကောင်းကျိုးပြုတဲ့ တစ္ဆေတွေလည်
ရှိတာပေါ့နော် အရီး"

"ဟဲ့ ရှိတာပေါ့ဟဲ့၊ တစ္ဆေဖြစ်တိုင်း မကောင်းတာ
မဟုတ်တာ၊ စိတ်အစွဲအလမ်းကြောင့်ဖြစ်တဲ့ တစ္ဆေတွေလည်
ရှိတာပဲ။ ဘုန်းကြီးရဟန်းတွေတောင်မှ ပုံလွန်တော်မူကာနီးကျော
တွေဘာတွေ စိတ်ကစွဲသွားရင် မကျွတ်မလွတ်ဖြစ်ကြတာဆို
ကျောက်ခဲရဲ့"

"ဒါကြောင့် ပြောတာပေါ့တော့၊ ဘုန်းကြီးတစ္ဆေ သ
မကြောက်လို့"



www.burmeseclassic.com

www.burmeseclassic.com



အရီးဘုမက ပြောလိုက်တာဗျ။

"ဘယ်လိုမကြောက်တာတုံး အရီးဘုမရဲ့၊ ပြောပြပါဦး ဗျ"

ကျုပ်က အရီးဘုမကို မေးလိုက်တာဗျ။

"ဟိုတုန်းက ရွာတစ်ရွာက ဘုန်းကြီးတစ်ပါး ပျံတော်မူ ကာနီးမှာ သူ့ကျောင်းတွေ၊ သူ့ကျောင်းဝိုင်းထဲက သစ်ပင်တွေ လှူဒါန်းထားတဲ့ ပစ္စည်းတွေကို စိတ်ကစွဲပြီး ပျံတော်မူတော့ မကျွတ်တော့ဘူးဆိုပဲ။ သူ့ကျောင်းမှာလာပြီး တည်းတဲ့ခိုတဲ့ အာဂန္တု ဘုန်းကြီးတွေ၊ လူတွေကို အမြဲတမ်း ခြောက်လှန့်လွှတ်လို့ ဘယ်သူ မှကို သူ့ကျောင်းမှာ ညအိပ်ညနေ မတည်းခိုရဲကြဘူးတဲ့ဟေ့။ ခြောက်တာကလည်း တော်တော်ကြမ်းတာဆိုပဲ။ ညအိပ်လာတဲ့ အာဂန္တုရဟန်းတွေကို စောင်တွေဆွဲခွာ၊ ကုတင်ပေါ်ကနေဆွဲချ၊ ရေနဲ့ပက် လုပ်တာဆိုပဲ၊ ညအချိန်မတော်ကြီး ထွက်ထွက်ပြေးကြရ တာဆိုပဲ။ နောက်တော့ သူ့ကျောင်းကို ဘယ်သူမှ မသွားရဲတော့ ဘူးပေါ့။

ကျောင်းမှာနေတဲ့ သူ့တပည့်ကိုရင်လေးတွေ စာအံရင် သူက ရှေ့ကနေ ကျော်ဆိုတာတဲ့။ ကိုရင်တွေက ပျံတော်မူသွားတဲ့ ဘုန်းကြီးရဲ့ အသံကြီးကို ကျက်သရေခန်းထဲက ထွက်လာတာကို



www.burmeseclassic.com

www.burmeseclassic.com



ကြားနေရတော့ လန့်ပြီးထွက်ပြေးကြရတာဆိုပဲ။ တစ်ခါတော့ ဦးပဉ္စင်းတစ်ပါးက သမ္ဗုဒ္ဓေ ရွတ်ရင်တော့ ဒီတစ္ဆေပြေးမှာပဲဆိုပြီး ကျောင်းမှာရှိတဲ့ သံဃာတွေစုပြီး သမ္ဗုဒ္ဓေကို ညီညီညာညာ ရွတ်ကြသတဲ့။ ဒါပေမဲ့ သူတို့ရှေ့ကနေ ဦးဆောင်ပြီး ဘုန်းကြီးတစ္ဆေကချည်း ရွတ်တော့တာတဲ့ဟော့။ ဒါနဲ့ ကိုယ်တော်တွေလည်း လက်လျှော့လိုက်ကြရတယ်ဆိုပဲ။ အဲဒီကတည်းကစပြီး ဘုန်းကြီးတစ္ဆေ သမ္ဗုဒ္ဓေမကြောက် ဆိုတဲ့စကား ပေါ်လာတော့တာဟော့"

"ဟား၊ ဟား၊ ဟား၊ ဟား"

ကျောက်ခဲတို့တွေ သဘောကျပြီး ရယ်လိုက်ကြတာဗျာ။

အရီးရွှေမြတို့တွေလည်း ဘိုးငွေရအကြောင်း ပြောရင်းကနေပြီး တစ္ဆေတွေအကြောင်း ရောက်ကုန်ရောဗျို့။ လက်ဖွဲ့သမားကို ဝင်ပူးပြီး လက်ဖွဲ့ထိုးပေးတဲ့ လက်ဖွဲ့သမားသေပြီး တစ္ဆေဖြစ်တဲ့ လူအကြောင်း၊ ဘောလုံးပွဲနိုင်အောင် ဝင်ကန်ပေးတဲ့ ဘောလုံးသမားတစ္ဆေအကြောင်း၊ ကားလမ်းမမှာ ကားလာတာတွေ့ရင် ရှေ့တည့်တည့်က ပိတ်ရပ်ပြီး ကားတိုက်ခံတဲ့ တစ္ဆေအကြောင်း၊ အို စုံလို့ပါဗျာ။ အဲဒီညက တော်တော်ညဉ့်နက်မှ အသွားကြီးတွေ ပြန်သွားကြတာဗျို့။ ဒီတော့မှ ကျုပ်လည်း မီးဇွေ့သေသေချာချာငြိမ်းပြီး အိပ်ရာဝင်ခဲ့ရတာပေါ့ဗျာ။

•



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခဲတို့အုပ်စုကတော့ တော်တော်ကို သဘောကျ သွားတာဗျ။ အဘွားကြီးတွေပြောတဲ့ တစ္ဆေတွေအကြောင်းကို နားထောင်ကြတာ အသက်တောင် ရှူကြရဲ့လား မသိပါဘူးဗျာ။ ဒီကောင်တွေ ငြိမ်ပြီး နားထောင်နေတာဗျို့။

နောက်တစ်နေ့ အိပ်ရာထတော့ အမဲခြောက်ဖုတ်ဆီဆမ်းထားတာလေးနဲ့ ကျုပ်ထမင်းကြမ်းစားနေတာဗျ။

"တာတေရေ၊ တာတေ ရှိလား အရီး"

"အေး...ရှိတယ်ဟေ့၊ ရှိတယ်၊ ဘယ်သူတုံးဟဲ့"

"အရီးရေ၊ ဖိုးထောင်ဗျို့၊ သူကြီး လွှတ်လိုက်လို့ အရီးရေ"

"ဟဲ့ လာလေ ဖိုးထောင်၊ နင်ကလည်း ညှိသည်မို့လို့လား"

ကိုဖိုးထောင်ကြီးက အိမ်ပေါ်တက်လာရောဗျ။

"ကိုဖိုးထောင် လာလေ၊ ကျုပ်ရှိပါတယ်၊ လာ ထမင်းကြမ်းစားရအောင်"

"ဟာ၊ စား စား တာတေရေ၊ ငါစားခဲ့ပြီးပြီ"

ကိုဖိုးထောင်ဆိုတာ ကျုပ်ရေးခဲ့ဖူးတဲ့ 'ကိုးသချိုင်းပုဆိန်' ဝတ္ထုထဲက တောင်ပေါ်မှာ အိမ်တိုင်သွားခုတ်တာလေဗျာ။ သရဲမ



www.burmeseclassic.com

www.burmeseclassic.com



သားလေးကို ခုတ်လိုက်မိလို့ သရဲမက ဝုန်းဒိုင်းကြဲပြီး သောင်းကျန်းခဲ့တာလေဗျာ။ အခု ကျုပ်ဆီကို မနက်စောစောစီးစီး ရောက်လာတာ အဲဒီ ကိုဖိုးထောင်ပေါ့ဗျာ။

ကျုပ်ထမင်းစားပြီးတော့ ကိုဖိုးထောင်ကို နဂါးဆေးပေါ့လိပ်ကလေး တည်တယ်။ ကျုပ်က တစ်လိပ်၊ သူက တစ်လိပ်ပေါ့ဗျာ။

"တာတေ၊ ငါ့ကို သူကြီးလွှတ်လိုက်လို့ကွ"

"ဘယ်ကိုသွားဖို့ လွှတ်လိုက်တာတုံးဗျ"

"ဟကောင်ရ၊ မင်းဆီကိုလေ၊ မင်းကို ချက်ချင်းခေါ်ခဲ့ပါဆိုလို့ ငါလာခေါ်ရတာကွ"

ကျုပ် ကပျာကယာထပြီး အဝတ်လဲလိုက်တယ်။ ကျုပ်တို့ထနောင်းကုန်းသူကြီး ဦးဘိုးထင်ဆိုတာ လူပုသလောက် လွှတ်စိတ်တိုတဲ့သူကြီးဗျ။ ကျုပ်တို့ငယ်ငယ်က ရွာထဲမှာ ရန်တွေဘာတွေဖြစ်ရင် တစ်ခါတည်း ထိပ်တုံးခတ်ထားတာဗျ။

တကယ်ကတော့ နောက်ကို ရန်မဖြစ်အောင် ချောက်တာပေါ့ဗျာ။ ရွာဘုံအလှူလုပ်တဲ့အခါ ကျုပ်ကို ခိုင်းစရာရှိလို့ 'တာတေ' လို့ လှမ်းခေါ်လိုက်လို့ကတော့ သွားမထူးနဲ့ဗျို့။ သူ့အနားကိုသာ ရောက်အောင် အပြေးသွားပေတော့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ၊ လာပြီ သူကြီး' လို့ ထူးလိုက်လို့ကတော့…

'လာပြီဆိုပြီး ဘာလုပ်နေတာတုံး' လို့ ပြန်အော်ပြီး တစ်ခုခုနဲ့ ကောက်ပေါက်တော့တာဗျို့။ ကျုပ်တို့သူကြီးအကြောင်း ကျုပ်က သိပြီးသားဗျ။ ဒါကြောင့်လည်း ကိုဖိုးထောင်ပြောတာနဲ့ အဝတ် ကပျာကယာ ထလဲရတာဗျို့။

ကိုဖိုးထောင်နဲ့ ကျုပ် သူကြီးအိမ်ရောက်တော့ သူကြီးက အိမ်ပေါ်ကနေ ဆီးပြောသဗျ။

"တာတေ လာဟေ့၊ ဟောဒီမှာ မြို့ကလူကြီးတွေ လွှတ်လိုက်လို့ မင်းကို လာပင့်ကြတယ်"

ကျုပ်က အိမ်ပေါ်တက်ရင်း လှမ်းကြည့်လိုက်တယ်။ လူရွယ်ရွယ်နှစ်ယောက်ဗျ။ တစ်ယောက်က အသက်သုံးဆယ် လောက်၊ တစ်ယောက်က အသက်လေးဆယ်ကျော်လောက်ဗျ။

"ဆရာတော်ကို ပင့်ပေးရမှာလား သူကြီး"

"ဟေ…ဆရာတော်ကို ဘာလို့ပင့်ရမှာတုံး၊ မင်းကို လာပင့်တာလေကွာ၊ မင်းလိုက်သွားပေါ့"

"ဟာ…သူကြီးကလည်း ကျုပ်က ဆရာမှ မဟုတ်တာ၊ ပင့်ဖို့မလိုပါဘူး"

ကျုပ်က ခပ်တည်တည်နဲ့ ပြန်ပြောလိုက်တော့ မြို့ကလာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ညွှဲ့သည်နှစ်ယောက်က ရယ်နေကြတယ်ဗျ။ ပြီးတော့မှ မျက်ပျက်ပျက်နဲ့ သူကြီးကို မေးတယ်။

"ဆရာတာတေဆိုတာ ဒီညီလေးလား သူကြီးရဲ့၊ လူတွေ ဘာတွေ မှားတာတော့ မဟုတ်ပါဘူးနော် သူကြီး"

မြို့ကလာတဲ့ ညွှဲ့သည်နှစ်ယောက်က ကျုပ်ကိုကြည့်ပြီး တအံ့တဩ ပြောလိုက်တာဗျ။

"ဟာ၊ မမှားပါဘူးဗျ၊ ဒီရွာမှာ တာတေဆိုတာ သူ တစ်ယောက်တည်းပဲ ရှိတာပါ"

"ဟို…ကျုပ်တို့ကို မြို့ပိုင်ကြီး ပြောလိုက်တာက ဆရာ ကြီးတာတေကို သေသေချာချာ ပင့်ခဲ့ဖို့၊ လမ်းမှာလည်း ဆရာကြီး ကို ဂရုတစိုက်ရှိဖို့တွေ မှာလိုက်တာဗျ၊ ဒီတော့ ကျုပ်တို့စိတ်ထဲမှာ က ဆရာတာတေဆိုတာ အသက်ကြီးကြီး ဆရာကြီးတစ်ယောက် လို့ ထင်ထားတာဗျ သူကြီးရဲ့"

"ဟာ ဒါဆိုရင်တော့ မြို့ပိုင်ကြီး မှားပြောလိုက်တာရှိ မှာ၊ ကျုပ်တို့ထနောင်းကုန်းမှာပော့ ပယောဂဆရာကြီးတွေ၊ အထက်လမ်းဆရာကြီးတွေနဲ့ အမြဲလိုက်နေကျ တာတေဆိုတာ သူပဲကွဲ့"

"အထက်လမ်းဆရာကြီးတွေနဲ့ အမြဲလိုက်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား သူကြီး၊ ဒါဆိုရင်တော့ လူမမှားလောက်ဘူးဗျ၊ မြို့ပိုင်ကြီးက ဆရာတာတေဆိုတော့ အသက်ကြီးကြီးလို့ထင်ပြီး မှားလိုက်ဖြစ်မယ်၊ သူ့ကိုပြောတဲ့သူက အသက်အရွယ်တွေဘာတွေ ပြောမပြလို့ဖြစ်မှာ"

"နို့ နေပါဦးကွဲ့၊ မောင်ရင်တို့ မြို့ပိုင်ကြီးက ဘာအတွက် ယောဒီမောင်တာတေကို လာခေါ်ရတာတုံး၊ ဘယ်လိုကိစ္စရှိလို့တုံးကွဲ့"

"ဟာ သူကြီး၊ အဲဒါတော့ ကျုပ်တို့ပြောလို့ မဖြစ်ဘူးဗျ၊ အရေးကြီးတဲ့ကိစ္စတစ်ခု ရှိနေလို့ ယောဒီမောင်တာတေကို တိုးတိုးတိတ်တိတ် ခေါ်ခိုင်းတာဗျ"

"ကဲ ဒါဆိုလည်း မောင်တာတေ၊ မြို့ပိုင်ကြီးဆီကို လိုက်သွားတော့ကွယ်၊ မင်းလိုအပ်တာလေးတွေ အိမ်ပြန်ပြီး ယူလိုက်ပေတော့၊ ဖိုးထောင် မင်းပါ ပြန်လိုက်သွားကွာ၊ မောင်တာတေရဲ့ အိတ်ကလေးဘာလေး ကူဆွဲခဲ့ပေါ့၊ ယောဒီက ဧည့်သည်တွေမှာ ကားပါလာပါတယ်"

ဆေးလွယ်အိတ်ကို စလွယ်သိုင်းလွယ်ပြီး ကျုပ် မြို့ကို လိုက်သွားတယ်။ ကျုပ်ကို ဂျစ်ကားလေးတစ်စီးနဲ့ ခေါ်သွားကြတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



မြို့ပိုင်ကြီးက အရေပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါးဗျ။ ကျွဲကော်ကိုင်းမျက်မှန် တပ်ထားတယ်။ ကျုပ်ကိုတွေ့တော့ အံ့ဩပြီး…

"ဟော့…လက်ထောက်မြို့ပိုင်၊ ဦးဖိုးခိုင်ကို သွားခေါ်စမ်း မြန်မြန်"

ခဏနေတော့ ဦးဖိုးခိုင် ဆိုတဲ့လူကြီး မြို့ပိုင်အခန်းထဲကို ဝင်လာတယ်။

"ကိုဖိုးခိုင်၊ ဆရာတာတေဆိုတာ ကလေးသာသာပဲ ရှိသေးပါလားဗျ၊ ခင်ဗျားပြောတာ ဟုတ်ရဲ့လား"

ကျုပ်ကို မေးငေါ့ပြပြီး မြို့ပိုင်ကြီးက ပြောတယ်ဗျ။ လက်ထောက်မြို့ပိုင်ဆိုတဲ့ ဦးဖိုးခိုင်က ကျုပ်ကို တစ်ချက်ကြည့်ပြီး မေးတယ်။

"ထနောင်းကုန်းက တာတေဆိုတာ မင်းဟုတ်ပါတယ် နော်"

"ဟုတ်ပါတယ်၊ ကျုပ်ပါ"

"မင်း ဘိုးလူပေကို သိလား"

"ဟုတ်ကဲ့ သိပါတယ်၊ ဘိုးလူပေက ကျုပ်ဆရာကြီးပါ"

"ဒါဆို ဆရာကြီး စိုင်းနွံဖကိုရော သိသလားကွဲ့"

"ဟုတ်ကဲ့ သိပါတယ်၊ ဆရာကြီး စိုင်းနွံဖလည်း ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆရာပါပဲ"

"မောင်တာတေ၊ ဦးတို့ကို အမေးအမြန်းထူတယ်လို့တော့ မထင်ပါနဲ့ကွယ်၊ ဦးတို့မှာ တော်တော်ကလေး အရေးကြီးတဲ့ကိစ္စနဲ့ ကြုံနေရလို့ပါ၊ သေချာအောင် မေးတဲ့သဘောပါ မောင်တာတေ"

"ဟုတ်ကဲ့ မေးပါ"

ဦးဖိုးခိုင်က တစ်ခုခုကို ချိန်ဆနေသလိုပဲဗျ။ မြို့ပိုင်ကြီးဘက်ကို တစ်ချက်လှည့်ကြည့်ပြီး အကဲခတ်လိုက်သေးတယ်။ မြို့ပိုင်ကြီးကတော့ ဘာမှမပြောဘဲ ဦးဖိုးခိုင် ပြောတာကိုသာ ငြိမ်ပြီး နားထောင်နေတာဗျ။

"မောင်တာတေ၊ ဒါဆိုရင်တော့ အရေးအကြီးဆုံးတစ်ခု မေးချင်တယ်ကွယ်"

"မေးပါ ဦး၊ မေးပါဗျာ"

"မောင်တာတေ မဖဲဝါနဲ့ ရင်းနှီးတယ်ဆိုတာ ဟုတ်လားကွဲ့"

ကျုပ်က ခေါင်းကို ဆတ်ကနဲညိတ်ပြလိုက်ပြီး ပြောလိုက်တယ်။

"ဟုတ်ပါတယ် ဦး၊ ကျုပ်နဲ့ မဖဲဝါ ရင်းနှီးပါတယ်"

"ဟော"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ 'ယော' ဆိုပြီး အော်လိုက်တာက မြို့ပိုင်ကြီးဗျ။ ကျုပ်ကိုလည်း အံ့ဩတဲ့အမူအရာနဲ့ မျက်လုံးကြီး ပြူးကြည့်နေရောဗျို့။

"မောင်တာတေ၊ မဖဲ့ဝါဆိုတာ တကယ်ရော ရှိလို့လားကွဲ့"

မြို့ပိုင်ကြီးက ကျုပ်ကို သေသေချာချာကြည့်ပြီး မေးတာဗျ။

"တကယ်ရှိပါတယ် မြို့ပိုင်ကြီး"

"ဒါဆိုရင် မောင်တာတေ မြင်ဖူးလားကွဲ့"

"မြင်ဖူးပါတယ်"

"ဒါဆို ဘယ်လိုပုံစံမျိုးတဲ့"

"အရပ်ဆယ်ပေကျော်ကျော်လောက် ရှိတယ်ဗျ၊ ဆံပင်ဖားလျားကြီးချထားတာ၊ တကောက်ကွေးလောက်ရှိတယ်၊ မျက်လုံးတွေက ရေနွေးကြမ်းပန်းကန်လောက်ရှိပြီး နီရဲနေတယ်"

"ဟာ တော်…တော်ပါတော့ မောင်တာတေရယ်၊ မင်းပြောတာကြားရုံနဲ့ ကျုပ်မှာ ကြက်သီးတွေတောင် ထကုန်ပြီကွဲ့"

မြို့ပိုင်ကြီးက တော်တော်ကို ရှီးသားပွင့်လင်းတဲ့ပုံပဲဗျ။

"မောင်တာတေက ဘယ်လိုကြောင့် မဖဲ့ဝါကို မြင်ရတာ



www.burmeseclassic.com

www.burmeseclassic.com



တုံးကွဲ၊ မွေးကတည်းက ပါလာတဲ့ ပါရမီကြောင့်လား"

လက်ထောက်မြို့ပိုင် ဦးဖိုးခိုင်က မေးတာဗျ။

"ဟာ မဟုတ်ပါဘူး ဦးရဲ့၊ ဆရာကြီး စိုင်းနွံဖ ပေးထားတဲ့ မျက်ကွင်းဆေး ကွင်းကြည့်လို့ပါ"

"ယော…မျက်ကွင်းဆေး ပဲ့ဟုတ်လားကွဲ့၊ ဘယ်လိုမျိုးလဲ မောင်တာတေရဲ့"

"အမည်းရောင် ကျောက်တုံးလေးပါ ဦး၊ အဲဒါကို ရေနဲ့ သွေးပြီး မျက်လုံးမှာ ကွင်းလိုက်ရင် နာနာဘာဝတွေကို မြင်နိုင်ပါတယ်။ ပြီးရင် 'ဝ' ကွင်းတဲ့ ဆန့်ကျင်ဖြူအမြစ်ကို သွေးပြီးလိမ်းလိုက်ရင် ပျက်သွားတယ်ဗျ။ နားကိုပါ လိမ်းထားရင် နာနာဘာဝတွေရဲ့ အသံကိုပါ ကြားရပါတယ်"

"ဩော်…ဒါထက် အခု မောင်တာတေ ဒီကိုလာတော့ အဲဒီဆေးဝါးတွေ ပါလာခဲ့ရဲ့လားကွဲ့"

"ဟုတ်ကဲ့၊ အားလုံးပါလာပါတယ် မြို့ပိုင်ကြီး"

"အင်း…ဒါဆိုရင် ကျုပ်တို့ လူမမှားပါဘူး ကိုဖိုးခိုင် မောင်တာတေကို ကျုပ်တို့ဆီမှာ ဖြစ်နေတာတွေကို အားလုံးပြောပြပြီး အကူအညီတောင်းပေတော့ဗျာ"

မြို့ပိုင်ကြီးက အဲဒ်လိုပြောတော့မှ ဦးဖိုးခိုင်က သူထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကုလားထိုင်ကို ကျုပ်ဘက် နည်းနည်းတိုးလိုက်ပြီးမှ လေသံ ခပ်တိုးတိုးနဲ့ ပြောတာဗျို့။

"ဒီလိုကွဲ့ မောင်တာတေရဲ့၊ ဦးတို့မြို့မှာ ထူးထူးဆန်းဆန်း ကိစ္စတစ်ခု ဖြစ်နေလို့ကွဲ့၊ ဦးတို့ ယောဒီမြို့မှာ လူအသေအပျောက် နှုန်းက ခါတိုင်းဆိုရင် တစ်ပတ်တစ်ယောက် နှစ်ပတ် သုံးပတ်မှာ တစ်ယောက်လောက်ပဲ ရှိတာကွဲ့၊ အခုတလော တစ်နေ့ကို ငါး ယောက် ခြောက်ယောက်လောက် နေ့တိုင်းကို သေနေတယ်။ ဘာရောဂါမှလည်း မည်မည်ရရပြလို့ မရဘူးကွဲ့၊ ပြီးတော့ ညည ဆိုရင် မြို့ထဲလမ်းတွေထဲမှာ မည်းမည်းအကောင်ကြီးတစ်ကောင် ရိပ်ကနဲ ရိပ်ကနဲ သွားလာနေတာ တွေ့ရတဲ့သူက တွေ့ရတယ် ဆိုပြီး တိုးတိုးတိတ်တိတ် သတင်းတွေကလည်း ထွက်နေတယ် ကွဲ့။ တစ်ချို့လမ်းတွေမှာဆိုရင် ဘုန်းကြီးတွေပင့်ပြီး ပရိတ်ရွတ် တာမျိုးတွေတောင် လုပ်နေကြပြီ။ ပြောရရင်တော့ မြို့လန့်နေတဲ့ သဘောပေါ့ကွယ်၊ လူတွေ စုစု စုစု တိုးတိုး တိုးတိုးနဲ့ ဒီအကြောင်း ပဲ ပြောနေကြပြီကွဲ့၊ ကြာရင် ဒီသတင်းက တခြားဒေသတွေကိုပါ ပြန့်သွားရင် မကောင်းဘူးပေါ့ကွယ်။ အဲဒီကိစ္စကို မောင်တာတေ စုံစမ်းပြီး လုပ်သင့်တာ လုပ်ပေးဖို့ အကူအညီတောင်းတာပါကွယ်"

"ဟုတ်ကဲ့၊ ကျုပ် ဒီညကစပြီး လုပ်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဒါဆိုရင် မောင်တာတောကို ဘိုတဲကို ခေါ်သွားဗျာ၊ အဲဒီမှာ လွတ်လွတ်လပ်လပ်နေဖို့ အခန်းကောင်းကောင်း ပေးလိုက်ပါ ကိုဖိုးခိုင်၊ ပြီးတော့ စားရေးသောက်ရေးအားလုံး စီစဉ်ပေးလိုက်ပါဗျာ။ သူလိုအပ်တဲ့အရာတွေလည်း အားလုံးစီးစဉ်ပေးပါ၊ ကုန်ကျစရိတ်အားလုံးကို ကျုပ်တို့ရုံးက ကျခံမယ် ကိုဖိုးခိုင်"

"စိတ်ချပါ မြို့ပိုင်ကြီး၊ ကျုပ်က လူလွတ်ပဲဗျာ၊ ကျုပ်ပါ ဘိုတဲမှာ လိုက်နေပြီး လိုတာအားလုံး လုပ်ပေးလိုက်ပါ့မယ်"

ဘိုတဲဆိုတာက အင်္ဂလိပ်ခေတ်က အခေါ်အဝေါ်ပေါ့ဗျာ။ နယ်မြို့တွေမှာ အင်္ဂလိပ်တွေ ဆောက်သွားတဲ့ အုတ်ခံသစ်သားအိမ်မည်းမည်းကြီးတွေဗျ။ အရေးပိုင်တို့၊ နယ်ပိုင်တို့ ရောက်လာရင် တည်းခိုတဲ့ အိမ်ကြီးတွေလေဗျာ။ ဟိုတုန်းက အရေးပိုင်တို့၊ နယ်ပိုင်တို့ ဆိုတာက အင်္ဂလိပ်ကြီးတွေလေ၊ သူတို့ကို ကျုပ်တို့ ဗမာတွေက ဘိုတွေလို့ ခေါ်တာကိုး။ ဒါကြောင့် ဘိုတွေတည်းတဲ့ အိမ်ကြီးတွေမို့လို့ ဘိုတဲလို့ ခေါ်ကြတာဗျ။ ဒီဘက်ခေတ်ရောက်တော့ ဗမာအရာရှိတွေ တည်းကြတာပေါ့ဗျာ။

ကျုပ်ကို အဲဒီဘိုတဲမှာ တည်းခိုင်းတာဗျ။ ညရောက်တော့ မျက်ကွင်းဆေးကွင်းပြီး ကျုပ်က မြို့ထဲကိုထွက်တယ်။ ဦးဖိုးခိုင်ကိုယ်တိုင် စက်ဘီးနင်းပြီး လိုက်ပို့တာဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ ဝူး"

"ဦး အဲဒီခွေးကြီး ဆွဲဆွဲငင်ငင်နဲ့ အူနေတဲ့နေရာကို ကျုပ်ကို ပို့ပေးပါဗျာ"

ကျုပ်ကပြောလိုက်တော့ ဦးဖိုးခိုင်က ခွေးအူသံကို မှန်းပြီး စက်ဘီးကို နင်းသွားတယ်။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

"ကဲ ဦး၊ ဟိုလမ်းဘေးက သောက်ရေအိုးစင်လေးနောက်မှာ ဝင်ပြီးကြည့်ရအောင်ဗျာ"

ဦးဖိုးခိုင်ကတော့ ကျုပ်ပြောတဲ့အတိုင်း လုပ်ပေးတာပဲဗျ။ သောက်ရေအိုး သုံးလုံးတင်တဲ့ အုတ်ရေအိုးစင်ကလေးနောက်ကို စက်ဘီးတွန်းသွားပြီး ကျုပ်တို့နှစ်ယောက် ငြိမ်နေလိုက်ကြတယ်။ အချိန်ကတော့ သန်းခေါင်တည့်တည့်ပဲဗျ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ဟော ခွေးကြီးကတော့ ဆွဲဆွဲငင်ငင်ကို အူနေတာဗျို့။ အမှတ်တမဲ့ နားထောင်လိုက်ရင် လူတစ်ယောက် အော်နေသလားတောင် ထင်ရတာ။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

ခြေသံကြီးဗျ။ ကျုပ်တို့ ပုန်းနေတဲ့ ရေအိုးစင်ရှိတဲ့လမ်း



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း လျှောက်လာတဲ့ အသံပဲ။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

ကျုပ်က ဦးဖိုးခိုင်ကို ငြိမ်နေဖို့ လက်နဲ့ပြပြီး ရေအိုးစင်ဘေးကို ချောင်းကြည့်လိုက်တယ်။

"ဟာ"

ကျုပ်ပါးစပ်က လွှတ်ကနဲ အသံထွက်သွားတာဗျို့။

"မောင်တာတေ ဘာမြင်လို့တုံး"

ဦးဖိုးခိုင်က ကျုပ်ကို လေသံလေးနဲ့ မေးတာဗျ။ ကျုပ်က ဦးဖိုးခိုင်ကို လက်ကာပြပြီး ဆက်ကြည့်နေလိုက်တယ်။ မည်းမည်းအကောင်ကြီးက နဲတာကြီးမဟုတ်ဘူးဗျာ။ ဓာတ်တိုင်ထက်စောင် ခေါင်းကြီးက ကျော်နေတာ၊ တစ်ကိုယ်လုံး အမွေးမည်းမည်းကြီးတွေ ဖုံးလို့ဗျ။ ခြေထောက်ကြီး တစ်ချောင်း တစ်ချောင်းကို ထန်းပင်လုံးလောက်ကိုရှိတာဗျို့၊ ခေါင်းကြီးက စပါးထည့်တဲ့ စိတ်ဝင်ပုတ်လောက် ရှိတယ်။ မျက်လုံးကြီး တစ်လုံး တစ်လုံးက လင်ကွင်းကြီးလောက်ရှိတယ်။ နီရဲနေတာဗျာ။ မီးခဲကြီးတွေလား မှတ်ရတယ်ဗျို့။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

ဟော အိမ်တစ်အိမ်ရှေ့မှာရပ်ပြီး အိမ်ကို စိုက်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျ။ ဒီအိမ်က လူတစ်ယောက်တော့ သေမယ်ထင်တယ်ဗျို့။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

ဟော သဘက်ကြီးဗျ။ ဒီကောင် သရဲမကတော့ဘူး၊ သဘက်ဖြစ်နေပြီ။ နောက်ထပ် တစ်အိမ်ဗျို့။ အိမ်ရှေ့မှာ မတ်တတ်ကြီးရပ်ပြီး စောစောကလိုပဲ အိမ်ကို စိုက်ကြည့်နေပြန်ပြီဗျို့။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

ဟော သဘက်ကြီး လှည့်ထွက်သွားပြီဗျို့။ တောင်ဘက်ကို သွားရောဗျ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ဒီကောင်ကြီး သွားလေရာမှာ ခွေးတွေက အူလို့ပေါ့ဗျာ။ ကျုပ်နဲ့ ဦးဖိုးခိုင် ခပ်လှမ်းလှမ်းက လိုက်ကြည့်တယ်။ ဒီကောင် အားလုံးပေါင်း အိမ်လေးအိမ်ရှေ့မှာ ရပ်တယ်။ ပြီးတော့ သချိုင်းကုန်းထဲ ဝင်သွားတယ်။

ဦးဖိုးခိုင်ကို လမ်းပေါ်မှာ နေခိုင်းခဲ့ပြီး ကျုပ်တစ်ယောက်တည်း ဝင်လိုက်သွားတယ်။

"ဟာ၊ ဒါ ဘယ်လိုဖြစ်တာတုံး"

ကျုပ် တော်တော်အံ့သြသွားတာဗျ။ လူတစ်ယောက်က ဂူကြီးတစ်လုံးပေါ်မှာ အမဲသားတောင်းကြီး တင်လိုက်တယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



တောင်းထဲက အမဲသားအနံ့ကို ကျုပ် ဒီကတောင် ရနေတာယ်ဗျို့။ ဟာ သဘက်ကြီးက အဲဒီကို တန်းသွားတော့တာပဲဗျာ။

"ရှီ၊ ရှီ၊ ရှီ၊ ရှီ"

ဟာ စားပြီဗျို့။ အမဲသားအစိမ်းတုံးကြီးတွေကို အားရပါးရကို ကိုင်ပြီး စားနေတာဗျို့။ ဟော ဟော ဟိုလူ သုတ်ကနဲ လစ်သွားပြီဗျာ။ ကျုပ်လည်း အဲဒီလိုနောက်ကို လိုက်ရတော့တာပေါ့ဗျာ။

ဟာ ဟိုလူ အိမ်တစ်အိမ်ထဲ ဝင်သွားပြီဗျို့။ သင်္ချိုင်းကုန်းနားက လမ်းကလေးထဲက အိမ်ဗျ။ လက်စသတ်တော့ ဒါ လက်သမားရုံဗျ။ ခေါင်းစပ်တဲ့ရုံပဲ။ ဒီအိမ်က ခေါင်းရောင်းတာ။ ဒီမြို့မှာ လူသေရင် ဒီမှာလာပြီး ခေါင်းဝယ်ကြရတာ။ ကျုပ် မြို့မှာ ကျောင်းတက်တုန်းကတည်းက ဒီနေရာကို သိပြီးသားလေဗျာ။ ကျုပ် ကောင်းကောင်းသဘောပေါက်သွားပြီဗျ။ ခေါင်းရောင်းကောင်းအောင် သင်္ချိုင်းကုန်းထဲမှာနေတဲ့ သဘက်ကြီးကို အမဲသား ကျွေးပြီး ခိုင်းနေတာပဲဗျာ။

ဘြော်. လူတွေရဲ့ လောဘက ကြောက်စရာကောင်းလှချည်လားဗျာ။ ကျုပ်နဲ့ ဦးဖိုးခိုင် ဘိုတဲကို ပြန်ရောက်တော့ မနက်ဖြန် ဒီမြို့မှာ လူလေးယောက် သေမယ့်အကြောင်းကို ပြောပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြီးတော့ ကျုပ်မြင်တွေ့တာတွေကို ဦးဖိုးခိုင်ကို တစ်ခု မကျန် ပြောပြလိုက်တော့ ဦးဖိုးခိုင်ဆိုတာ ဒေါသဖြစ်လွန်းလို့ အသားတွေတောင် တုန်လို့ဗျ။

နောက်တစ်နေ့မှာ အမဲသား သုံးပိဿာ ဝယ်ပြီး ချက်ခိုင်း လိုက်တယ်။ ဘိုတဲမှာပဲ မြို့ပိုင်ရုံးကလူတွေ လာချက်ပေးတယ်။ ထမင်းတစ်ပြည်လည်း ချက်ခိုင်းလိုက်တယ်။ ညနေစောင်းတော့ ထမင်းတောင်းပြင်ပြီးနေပြီပေါ့ဗျာ။

လက်ထောက်မြို့ပိုင် ဦးဖိုးခိုင်က ကျုပ်ပြောတာတွေကို မြို့ပိုင်ကြီးကို ပြောပြတော့ မြို့ပိုင်ကြီးလည်း ဒေါသတွေ ဖြစ်တာ ပေါ့ဗျာ။

နောက်နေ့မှာ တကယ်လည်း မြို့မှာ လူလေးယောက် သေတာကိုဗျ။ မြို့ပိုင်အမိန့်နဲ့ ခေါင်းရောင်းတဲ့လူကို ချက်ချင်းဖမ်း ခိုင်းတယ်။ တိုးတိုးတိတ်တိတ် လုပ်ကြရတာပေါ့ဗျာ။ ဒီသတင်းကို မြို့ထဲကလူတွေ သိသွားရင် ဒီလူရော သူ့မိသားစုရော အသတ်ခံရ မှာလေဗျာ။

မြို့ပိုင်ကြီးက ဒီလူတွေကို ခုနစ်ရက်အတွင်း ဒီမြို့က အပြီးပြောင်းမလား၊ ထောင်ကျခံမလားလို့ မေးတော့ သုံးရက် အတွင်း ဒီမြို့က ပြောင်းပါ့မယ်လို့ ပြောသတဲ့ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကတော့ မြို့ပိုင်ရုံးက ပြာတာနှစ်ယောက် ထမင်းတောင်းထမ်းပြီး ပို့ပေးတာနဲ့ သချိုင်းထဲမှာ မဖဲဝါကို ပင့်ပြီး မြို့ကလူတွေကိုယ်စား ကျွေးတာပါလို့ ပြောရတာပေါ့။ မဖဲဝါကို အမဲသားဟင်းနဲ့ ထမင်းကျွေးလိုက်တယ်။ ပြီးတော့ သချိုင်းထဲမှာ နေတဲ့ သဘက်ကြီးနဲ့ ခေါင်းရောင်းတဲ့ဆိုင်ကလူ ပေါင်းပြီးလုပ်နေတဲ့ကိစ္စကို ပြောပြလိုက်တော့ မဖဲဝါ တော်တော်ကို ဒေါသဖြစ်သွားတယ်ဗျို့။

"အီး.......အီး.........အီး"

လို့ အသံကုန်အော်လိုက်တာနဲ့ မှောင်ထဲက သဘက်ကြီး ထွက်လာရတော့တာဗျို့။ မဖဲဝါက ဒေါသတကြီးနဲ့ သဘက်ကြီးရဲ့ ကျောကုန်းကို သူ့ရဲ့လက်ဝါးကြီးနဲ့ ရိုက်တော့တာပဲဗျာ။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

သဘက်ကြီးက မဖဲဝါရှေ့မှာ ဒူးတုပ်ပြီး ခေါင်းကြီးငုံ့ပေးရတာဗျို့။

"အီး၊ အီး၊ အီး အီး.........."

ဆယ်ချက်လောက် ဆက်တိုက်ရိုက်ပြီးတော့ မဖဲဝါက ကုန်းအော်ပစ်လိုက်ရောဗျို့။ သဘက်ကြီးလည်း ထရပ်ပြီး တဘုန်းဘုန်းနဲ့ ပြေးတော့တာပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com



မဖဲဝါလည်း စုတွေပေါ်ကကျော်ပြီး ရိပ်ကနဲ ပြန်ထွက်သွားတယ်။ နောက်နေ့မှာပဲ ခေါင်းရောင်းတဲ့ဆိုင်ကလူတွေ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြရောတဲ့ဗျာ။ သူတို့ဆီမှာကျန်နေတဲ့ ခေါင်းတွေရော၊ ခေါင်းစပ်တဲ့ ပျဉ်ပုတ်တွေရောကို သချိုင်းထဲမှာပုံပြီး မီးရှို့ပစ်ခဲ့တယ်ဆိုပဲ။

မြို့ပိုင်ကြီးနဲ့ လက်ထောက်မြို့ပိုင်ကြီးကတော့ ဒီသတင်းကို လုံးဝမပေါက်ကြားအောင် အုပ်ထားလိုက်ရတော့တာပေါ့ဗျာ။ ပြီးတော့ နောက်ထပ်ခေါင်းရောင်းတဲ့ဆိုင် ဘယ်သူမှ မဖွင့်ရဘူး။ လူသေတော့မှ ပျဉ်ပုတ်ဝယ်ပြီး ခေါင်းစပ်ရမယ်လို့ စည်းကမ်းတစ်ခု မြို့ပေါ်မှာ သတ်မှတ်လိုက်ရောဗျို့။ ကျုပ်ကိုတော့ ရွာအရောက် ဂျစ်ကားလေးနဲ့ ပြန်ပို့ပေးကြပါတယ်။ ကျုပ်လည်း ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောမပြရဲဘူးပေါ့ဗျာ။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com



## တစ္ဆေလေးနေတဲ့အိမ်

နွေဦးပေါက်ကလေးတစ်ချက်တော့ ကျုပ်တို့အညာက နေလို့ကောင်းသားဗျ။ အပူဓာတ်ကလည်း သိပ်မရှိသေးဘူး။ အအေးဓာတ်ကလည်း မကုန်သေးဘူးဗျ။ ဒီလိုအချိန်ဆိုရင် လေက

အရှေ့ဘက်တောင်းတင်

www.burmeseclassic.com

www.burmeseclassic.com



တော့ လေရှူးတိုက်တဲ့အချိန်ဗျ။ လေရှူးဆိုတာက လေကြောင်းအမှန်မတိုက်ဘဲ မြောက်ဘက်ကတိုက်လိုက် တောင်ဘက်ကတိုက်လိုက် တိုက်တာကို ပြောတာလေဗျာ။

ဒီနေ့တော့ ကျုပ် ဘယ်မှမရောက်ဘူးဗျ။ မန်ကျည်းပင်အောက်က သစ်သားကွပ်ပျစ်ပေါ်မှာထိုင်ပြီး နှီးထိုးနေတာဗျ။ ကျုပ်အဘ ခိုင်းထားတာလေဗျာ။ အဘက ကျုပ်ကို ခဏ ခဏဆုံးမတာတစ်ခု ရှိတယ်ဗျ။ လူဆိုတာ အလကားထိုင်မနေရဘူး။ တစ်ခုမဟုတ် တစ်ခုကို လုပ်နေရမယ်တဲ့ဗျို့။ အခုလည်း အဘက ကျုပ်ကို မေးတယ်။

"တာတေ ဘယ်သွားဦးမှာတုံး"

"မသွားဘူး အဘ၊ အဘ ဘာခိုင်းမလို့တုံး"

"ဘယ်မှမသွားရင် အအားမနေနဲ့၊ နှီးထိုင်ထိုးနေ၊ ရော့ ဒီမှာ နှီးဝါးလောင်းတွေ လာယူ"

အဘမှာက နှီးဝါးလောင်းတွေက အဆင်သင့် အမြဲရှိတာဗျို့။ နှီးဝါးလောင်းဆိုတာက နှီးထိုးဖို့ အဆင်သင့်လုပ်ထားတဲ့ အနေတော် ဝါးစိတ်ကလေးတွေကို ခေါ်တာဗျ။ နှီးထိုးတဲ့ဝါးဆိုတာက အရိုးရှည်ရှည် တပ်ထားပြီး အသွားက တိုတိုကော့ကော့လေး လုပ်ထားတာ ပြီးတော့ ထက်နေအောင် သွေးထားရတာဗျ။ ဒါမှ ဝါးစိတ်ကလေးတွေကို လက်ထဲမှာကိုင်ပြီး အသားထိန်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထိုးသွားလို့ရတာပေါ့ဗျာ။

"တာတေ၊ ဘာအလုပ်တွေ လုပ်လို့တုံးကွ"

ကျုပ်အသံကြားတဲ့ ဝိုင်းဝကို ခေါင်းမော့ပြီး ကြည့်လိုက်တယ်။ ဟင် ကိုအောင်သစ်ပါလား။ ကိုအောင်သစ်ဆို ကိုအောင်ချစ်ရဲ့ ညီလေဗျာ။ ကိုအောင်ချစ်ကို ခင်ဗျား မှတ်မိသေးလား၊ ဖဲသမား ကိုအောင်ချစ်လေ။ ကျုပ် ပထမဆုံးရေးခဲ့တဲ့ **'ကိုယ်တွေ့မဖဲဝါ'** စာအုပ်ထဲက **'ဖဲသမားစကား'** မှာ ရေးခဲ့တာလေဗျာ။

ကျုပ်ကို အဖော်ခေါ်ပြီး ဖဲသွားရိုက်တာလေ။ မီးလောင်ကုန်းသင်္ချိုင်းထဲမှာ မဖဲဝါကို ခေါက်ဆွဲကြော်ကျွေးပြီး ဖဲနိုင်အောင် လုပ်ခိုင်းတဲ့လူပေါ့ဗျာ။ ဖဲနိုင်ရင် အမဲသား သုံးပိဿာကျွေးမယ်ဆိုပြီး အမဲသား ဝယ်မရလို့ မကျွေးတဲ့လူပေါ့ဗျာ။ အဲဒီညမှာ ဖဲက သောက်သောက်လဲ နိုင်ပေမယ့် အမဲသား မကျွေးတော့ ဖဲက ပြန်ရှုံးရောဗျ။ ဒီမှာတင် စိတ်ဆိုးပြီး မီးလောင်ကုန်းသင်္ချိုင်းထဲမှာ မဖဲဝါကို ဆဲပါရောလားဗျာ။ ကျုပ်မျက်စိရှေ့မှာတင် မဖဲဝါကြီး ထွက်လာပြီးတော့ ဘုန်းကနဲနေအောင် ရိုက်သတ်သွားခဲ့တာလေ။

သေတော့လည်း သူ့အသုဘမှာ ကျုပ်ဖြင့် ဒုက္ခရောက်လိုက်တာဗျာ။ ခေါင်းစင်နေတုန်း ရှိသေး အလောင်းကြီး ရှည်ထွက်လာလို့လေ။ ဖျာနဲ့လိပ်ပြီး အားချင်း အသုဘချခဲ့ရတာဗျို့။

အရှေ့ဘက်ကောင်းကင်

•

www.burmeseclassic.com

www.burmeseclassic.com


သန်ချိုင်းရောက်တော့လည်း တူးထားတဲ့ ကျင်းထက် အလောင်းကြီးက ရှည်နေလို့ မြှုပ်လို့မရဘူးဗျို့။ နောက်ဆုံးတော့ အမဲသားသုံးပိဿာရအောင် ရှာချက်ပြီး မဖဲဝါကို ကျွေးလိုက်တော့မှ အလောင်းက ပုံမှန်ပြန်ဖြစ်ပြီး ခေါင်းထဲ ထည့်လို့ရသွားတာ။ ဒီတော့မှ ညသန်းခေါင်လောက်ကြီး သင်္ဂြိုဟ်လိုက်ရတဲ့လူလေဗျာ။ ဒီအကြောင်းကိုတော့ **'ဖဲသမား အသုဘ'** ဆိုတဲ့ နာမည်နဲ့ **'တစ္ဆေမျက်လုံး အမှတ်(၁)'** မှာ ကျုပ် ရေးခဲ့တယ်။

အခု ကျုပ်ဆီကိုလာတဲ့ ကိုအောင်သစ်ကတော့ ကိုအောင်ချစ်ညီ ဆိုပေမယ့် တခြားစီဗျ။ ကိုအောင်သစ်က လူရိုးလူအေး ဖဲချဖို့ မပြောနဲ့၊ ဖဲတစ်ထုပ်မှာ ဘယ်နှရွက်ပါတယ် ဆိုတာတောင် ကျုပ်ပြောလို့ သိတာဗျ။

"အောင်မယ်၊ တာတေက တော်တော်လီမွှာတဲ့ကောင်ပဲ ကိုး၊ ဘိုးညဏ်ကို နှီးတွေကူထိုးပေးနေတာပါလား၊ သွား သွား ဓားတစ်ချောင်း ယူလိုက်၊ စကားပြောရင်းနဲ့ ငါပါ ကူထိုးပေးမယ်။ ဘိုးညဏ်ဆီက နှီးပါးလောင်းဘွေလည်း ထပ်ယူခဲ့ဦး"

ကျုပ်တို့အိမ်မှာက နှီးထိုးတဲ့ဝါးကလေး ငါးလက်ရှိတာဗျ။ ကျုပ်က ဝါးထရံမှာ ထိုးထားတဲ့ နှီးဖြာတဲ့ ဓားတစ်လက်နဲ့ အဘဆီက နှီးဝါးလောင်းတစ်ဘွေ့ ယူလိုက်တယ်။

"ဟဲ့ အောင်သစ်ပါလား၊ ဒီနှစ် ပဲကောင်းရဲ့လား ဟဲ့"


www.burmeseclassic.com

www.burmeseclassic.com



"မဆိုးဘူးဗျ၊ အရီးငွေစိန်ရဲ့၊ အတော်လေးတော့ အရသား၊ မနက်ဖြန်ဆို ကျုပ် ဆီကြိတ်တော့မှာဗျ၊ အရီးစားဖို့ မြေပဲဆီဦးလေးတစ်ပုလင်း ကျုပ် လာပို့ဦးမယ်"

အဲဒါ ကျုပ်တို့ အညာခလေ့ပဲဗျို့။ အလကားနေရင်းနဲ့ကို ပေးချင်ကျွေးချင် ရှိနေကြတာ။ လူကြီးသူမတွေဆီကို ပဲပို့၊ ဆီပို့၊ ဆန်ပို့၊ ဟင်းပို့ အမြဲလုပ်နေကြတာဗျ။

ကံကြမ္မာနည်းလို့ လူဆင်းရဲချင် ဆင်းရဲမယ်၊ စေတနာစိတ်ကတော့ မဆင်းရဲဘူးဗျ။ အဲဒါ ကျုပ်တို့ အညာဒေသရဲ့ စိတ်ရင်းပဲဗျ။

"ကိုကြီးအောင်သစ် ကိုစွရှိလား"

"ဟော့အေး၊ မရှိပါဘူးကွာ၊ ပျင်းပျင်းရှိတာနဲ့ မင်းဆီကို သက်သက်လာလည်တာပါ"

ကျုပ်တို့နှစ်ယောက် နီးထိုးရင်း စကားပြောကြတာပေါ့ဗျာ။ သွားလေသူ ကိုအောင်ချစ်အကြောင်းလည်း ပါရဲ့။ ကိုအောင်ချစ် ဆုံးတော့ သူ့သေတ္တာထဲမှာ ကိုအောင်သစ် ဖဲနိုင်ထားတဲ့ ငွေတွေ တော်တော်များများ ကျန်ခဲ့တဲ့အကြောင်းလည်း ပါတာပေါ့ဗျာ။

ဒီလိုနဲ့ ခပ်ပေပေနေကြတဲ့ ထနောင်းကုန်းသားတွေ အကြောင်း ပြောပြောပြီးရယ်ကြရတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com


"တာတေ၊ မင်းမြောက်ပိုင်းက ကြက်သမား ငထွန်း အကြောင်းရော သိသလား"

"ကိုထွန်းလား၊ လူတော့ သိတယ်ဗျ၊ ဒါပေမဲ့ သူ့ အကြောင်းတော့ သိပ်မသိဘူး"

"ဟာ ငထွန်းက ကြက်တိုက်ပေမယ့် လူက လူလည် ဗျာ၊ ကိုကြီးကျော်နတ်ကို လွတ်ကိုးကွယ်တဲ့ကောင်ကွ"

"ဟာ ဟုတ်လား၊ အေးပေါ့ ကိုကြီးအောင်သစ်ရ၊ ကိုကြီး ကျော်ကလည်း ကြက်သမားပဲကိုဗျ"

"အေးလေ၊ ဒီကောင်ငထွန်းက သူ့အိမ်မှာ ကိုကြီးကျော် ကို အရက်ပုလင်း အမြဲချက်ထားတာကွ၊ ကြက်ပိုင်းရှိလို့ ကြက် တိုက်သွားတော့မယ်ဆိုရင် အရက်ပုလင်းကို စွန့်လိုက်ပြီးတော့ ခွက်ကလေးတစ်လုံးထဲကို နည်းနည်းငှဲ့လိုက်တယ်။ ပြီးရင် သူ့ ကြက်ကို ကိုကြီးကျော်ရဲ့ အရက်သောက်ခိုင်းရောဟ။ တစ်ခါ တစ်ခါတော့လည်း သူ့ကြက်က သောက်တယ်ကွ၊ တစ်ခါ တစ်ခါ တော့လည်း မသောက်ဘူး၊ ငထွန်းမှာက သင်္ကေတရှိတယ်။ သူ့ကြက်၊ ကိုကြီးကျော် အရက်သောက်လိုက်ပြီဆိုရင် အဲဒီနေ့ ကြက်နိုင်ပြီသာ မှတ်ပေတော့။ ဘိုက်သလောက်ကို နိုင်တာတဲ့ ဟေ့၊ ကြက်က အရက်မသောက်တဲ့နေ့ဆိုရင် နိုင်ဖို့မသေချာဘူး ဆိုပဲ"

**အရှေ့ဘက်ဝေဘာင်းတင်**

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟုတ်လား၊ တယ်လည်း ထူးပါလားဗျ"

"အေးကွ၊ ပြောရဦးမယ်၊ တစ်ရက်ကျတော့ သူက ကြက်ဝိုင်းကို အရင်သွားနှင့်တယ်၊ သူ့တပည့် မောင်လေးဆိုတဲ့ ကောင်ကို ငထွန်းက မှာခဲ့တယ်၊ ကြက်ကို နှိပ်ပြုဆုပ်နယ်ပေးပြီးရင် ကိုကြီးကျော်အရက် သောက်ခိုင်းလိုက်လို့ မှာခဲ့တယ်။

ကြက်ဝိုင်းရောက်တော့ ငထွန်းက သူ့တပည့် မောင်လေးကို မေးသတဲ့။

"မောင်လေး ဒီကောင် အရက်သောက်သလား"

"ဟာ သောက်တယ် ကိုထွန်း၊ သောက်တယ်"

လို့ ပြောတော့ ငထွန်းက ဝမ်းသာသွားတာပေါ့ကွာ။ ဒီနေ့တော့ သေချာပေါက် နိုင်ပြီပေါ့။ ဒါနဲ့ ပါသမျှပိုက်ဆံကို ပုံပြီးလောင်းလိုက်လာတဲ့ဟာ့။

"ဟာ နိုင်ရောပေါ့"

"ဘယ်က နိုင်ရမှာတုံးကွာ"

"ဟင်၊ ဘာဖြစ်လို့တုံး၊ သူ့ကြက်က ကိုကြီးကျော် အရက်သောက်တယ်လေ"

"အေး သောက်တော့ သောက်တယ်ကွ၊ ခါတိုင်းဆိုရင် ကြက်က တစ်ပေါက်ကောက်ပြီး သောက်ပြီးတာနဲ့ ငထွန်းက ကြက်ကို ကောက်ယူသွားတော့တာ။ အခု သူ့တပည့် မောင်လေး



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဒီအထာကို မသိဘူးလေကွာ၊ ဒီတော့ ကြက်ကို လွှတ်ထားပြီး ကြိုက်သလောက် သောက်ခိုင်းတာတဲ့ဟေ့၊ ကြက်ကို ကြိုးဝိုင်းထဲလည်း ချလိုက်ရော ငထွန်းကြက်ကြီးက အရက်တွေ မူးပြီး ဒယီးဒယိုင် ဖြစ်နေရောတဲ့ဟေ့၊ ဟိုဘက်က ကြက်ကချည်း သူ့ကို ခွပ်ပစ်တာဆိုပဲ။ ငထွန်းကြက်ကြီးဆိုတာ ရင်ဘတ်က အမွေးတွေလည်းကျွတ်ထွက်၊ လည်ပင်းမွေးတွေလည်း ကျွတ်ထွက်ပြီး ပေပေကြီးရပ်ခံနေတာတဲ့ဟေ့။ တစ်ချက်မှလည်း မခွပ်နိုင်ဘူးတဲ့ကွ၊ နောက်ဆုံးတော့ ဟိုဘက်ကြက်က အားကုန်ခွပ်ချလိုက်တာ ကြက်တက်က ရင်ဘတ်ကို ဖောက်ဝင်သွားပြီး ဘိုင်းကနဲ လဲကျသွားရောတဲ့ကွာ"

"ငါ့ကိုထွန်းကြက် သေရောလား"

သေတော့ မသေဘူးတဲ့၊ ဆန့်ငင် ဆန့်ငင်ဖြစ်နေတာ ငထွန်းက ဆတ်ကနဲကောက်ပြီး ခြေထောက်နှစ်ချောင်းက ကိုင်ပြီး ရိုက်သတ်ပစ်လိုက်ရောတဲ့ဟေ့၊ ပြီးတော့မှ သူ့တပည့်ကို မေးသတဲ့။

"ဒီကောင် အရက် ဘယ်လောက်သောက်တုံး"

ဆိုတော့ သူ့တပည့်က ပြောသတဲ့။

"ခင်ဗျားကြက်က ခွက်ထဲရှိတာ အကုန်သောက်ပစ်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ကြက်ငထွန်းက…

"သေပါတော့ မောင်လေးရယ်၊ တစ်ပေါက်ပဲ သောက်ခိုင်းရတာကွ"

လို့ ပြောပြီး သူ့တာပည့် မောင်လေးကိုပါ သူ့ဆီကနေနှင်ထုတ်ပစ်လိုက်ရောတဲ့ဟော့။

"ဖြစ်မှဖြစ်ရလေဗျာ၊ ကိုထွန်းဆိုတဲ့လူက တော်တော်ကိုပေါက်ပေါက်ရှာရှာ လုပ်တဲ့လူပဲကိုး"

"ရွာရှေ့ပိုင်းမှာနေတဲ့ ထန်းသမားငမြိုင်ဆိုတဲ့ကောင်ရောမင်းသိလား တာတော"

"ဟာ သိတယ်ဗျ၊ ဒီလူလည်း ကြက်တွေဘာတွေ တိုက်တာပဲလေ"

"အေး ဟုတ်တယ်၊ ဒီကောင်ကျတော့လည်း တစ်မျိုးကွ"

"ဟင် ဘယ်လိုတုံးဗျ ကိုကြီးအောင်သစ်ရဲ့"

"ဒီကောင်က ဘိုးညီလေးထန်းတောမှာ တက်တဲ့ကောင်လေကွာ"

"ဟုတ်ရှာယ်၊ ဟုတ်တယ်"

"အေး ဘိုးညီလေး ထန်းတောမှာက တစ္ဆေတစ်ကောင်ရှိတယ်လို့ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟုတ်လား၊ ဒါတော့ ကျုပ် မသိဘူးဗျ"

"ငါ့ကို ထန်းတောကန်ထရိုက်ဆွဲပြီး ထန်းလျက်ချက်တဲ့ ကိုညိုပြောတာ၊ အဲဒီတစ္ဆေကို ကိုညိုလည်း တစ်ခါတလေ မြင်ရတယ်ဆိုပဲ။ ဒါပေမဲ့ ကိုညိုကတော့ မသိချင်ယောင်ဆောင်နေတာတဲ့ဟေ့၊ ဒီတစ္ဆေက ထန်းရည် တော်တော်ကြိုက်တယ်ဆိုပဲကွ"

"ဗျာ…တစ္ဆေက ထန်းရည်သောက်တယ် ဟုတ်လား ကိုကြီးအောင်သစ်ရဲ့"

"ဟုတ်ပါ့ကွာ၊ ကိုညိုက ဒီကောင်သောက်ဖို့ မြူအိုး တစ်လုံးနဲ့ ထည့်ထည့်ပေးထားရတယ်ဆိုပဲ။ အိုးထဲမှာ ပြောင်နေအောင်ကို သောက်တာတဲ့ဟေ့၊ ဒါပေမဲ့ ကိုညိုက သူ့ကို အရော မဝင်ဘဲ မသိချင်ယောင်ဘဲ ဆောင်နေတော့ ကိုညို့ကို တစ္ဆေက ကြောက်တယ်တဲ့ကွ။ အဲဒီကောင်ကို ငမြိုင်က မြင်သွားပြီး ထန်း ရည်တိုက်ပြီး မိတ်ဖွဲ့သတဲ့။ ဒီကောင်နဲ့ တစ္ဆေနဲ့က တော်တော်လေး ခင်သွားတော့ တစ္ဆေက ထန်းပင်တက်ပြီး မြူအိုးချပေးတယ်ဆိုပဲ။ ဒီကောင်က ရှေ့ကတက်ပြီး မြူအိုးဖြုတ်ပြီး အသစ်လဲရင် ဖြုတ်တဲ့ အိုးကို တစ္ဆေက လက်ကြီးအရှည်ကြီးထုတ်ပြီး ထန်းပင်အောက်ကို ချပေးတာတဲ့ဟေ့။ ငမြိုင်ဆိုတာ ထန်းတောတစ်တောလုံးကို ခဏ နဲ့ပြီးအောင် တက်နိုင်တာတဲ့ဟေ့"

"ဟာ ကိုမြိုင်၊ တော်တော်အဆင်ပြေနေတာပေါ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ပြောတာပေါ့ကွာ၊ ဒါပေမဲ့ တစ်ရက်ကျတော့ တစ္ဆေနဲ့ မြေဖြင်နဲ့ ဘာဖြစ်ကြတယ် မသိဘူးတဲ့ဟော့၊ တစ္ဆေက မြေဖြင်ကို ထန်းပင်ပေါ်က ဆွဲချလိုက်တာ ကံကောင်းလို့ မသေတာ ဆိုပဲ၊ အောက်မှာ ပုံထားတဲ့ ထန်းလက်ပုံ‌ပေါ်ကို ကျလို့တဲ့ကွာ"

အဲဒါကို တွေ့တော့မှ ကိုညိုက တစ္ဆေကို အပြီးနှင်ထုတ်ပြီး ထန်းတောထဲမှာ ပရိတ်တွေဘာတွေ ရွတ်ပစ်လိုက်ရတယ်ဆိုပဲ။

"အင်း ခက်တယ်ဗျ၊ ကိုကြီးအောင်သစ်ရဲ့၊ ဒီကောင်တွေနဲ့က ခပ်ကင်းကင်းနေတာ အကောင်းဆုံးပဲဗျ။ သူတို့က ကျွတ်လွတ်ဖို့ လိုသေးတဲ့အချိန်မှာ အရိုင်းစိတ်တွေပဲ ရှိကြတာ။ ကောင်းမှုကုသိုလ်ဆိုတာ ဘာမှန်းမှသိတာ မဟုတ်ဘူးဗျ။ သူတို့သိတဲ့အသိဆိုတာလည်း လူတစ်ယောက်လို သိတာမဟုတ်ဘူး။ အဲဒီထဲမှာမှ သူတို့ကို ကျွေးမွေးပြီး ကိုယ်ကျိုးစီးပွားရှာကြမယ်ဆိုရင် ပိုတောင်ဆိုးသေးတယ်။ သူတို့နဲ့ စိတ်အခန့်မသင့်ဖြစ်ရင် သူတို့ရှာပေးထားတဲ့ စီးပွားဆိုပြီး အကုန်လုံးကို ဖျက်ဆီးပစ်တတ်ကြတာ၊ အကောင်းဆုံးကတော့ ဘုံဘဝချင်းမတူတဲ့သူတွေဟာ မပတ်သက်တာပဲ ကောင်းပါတယ်ဗျာ"

ညနေ တော်တော်စောင်းတော့မှ ကိုအောင်သစ် ပြန်သွားတယ်။ ကျုပ်လည်း ထမင်းစားသောက်ပြီးတော့ အမေတို့ အဘတို့နဲ့ စကားထိုင်ပြောနေတာ။ ကိုးနာရီကျော်တော့ အိပ်ရာဝင်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရွာလေ့ဆိုတာ ဒီလိုပဲဗျ။ စောစောအိပ်ရာဝင်ကြတာလေ။ တစ်နေ့လုံးလည်း တောက်တက် တောက်တက်နဲ့ တစ်ခုမဟုတ် တစ်ခုလုပ်နေကြတာလေဗျာ။ ညရောက်တော့ စောစော အိပ်ချင်ကြတာပေါ့လေ။

"ဟဲ့ တာတေ၊ တာတေ၊ ထစမ်းဦးဟဲ့"

အမေ ကျုပ်ကို လာပြီးလှုပ်နှိုးလို့ ကျုပ် နိုးလာတာဗျ။

"အမေ ဘာတုံး"

"ဟဲ့ လူသံတွေကြားလို့ ရွာထဲမှာ ဘာဖြစ်တုံး မသိဘူး"

"ဟင် ဟုတ်လား၊ ဘယ်ဘက်က ကြားတာတုံး"

"မြောက်ပိုင်းကလို့ ထင်တာပဲ"

ကျုပ် အိပ်ရာကဲ ကပျာကယာထပြီး အသံကို နားစွင့်လိုက်တယ်။ ဟုတ်တယ်ဗျ။ လူသံတွေကြားတယ်။ မီးလောင်တာတော့ မဖြစ်နိုင်ဘူး။ ကင်းတဲတွေက သံချောင်းမှ မခေါက်တာ။ ရန်တွေဘာတွေများ ဖြစ်ကြလို့ လူသတ်မှုတွေဘာတွေများ ဖြစ်သလား။ ကျုပ် ဟိုတွေး ဒီတွေး လုပ်နေတုန်း ရှိသေးတယ်ဗျို့။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

ဟော ကျောက်ခဲအသံဗျ။ ဒီရွာမှာ ကျုပ်ထက် ဆယ်ဆ လောက် စပ်စုတဲ့ကောင် ပေါ်လာပြီလေဗျာ။ ကျုပ်က ခါတောင်း လေးထိုးပြီး ဝိုင်းထဲကို ဆင်းလာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်ခဲ၊ ဘာသံတွေတုံးကွ"

"ဟာ မြောက်ပိုင်းက ကိုအာလူးတို့အိမ်ကြီးဗျာ"

"ဟေ..ကိုအာလူးတို့အိမ်ကြီး ဘာဖြစ်လို့တုံး၊ မီးလောင်တာလား"

"မီးလောင်တာ မဟုတ်ဘူး ကိုကြီးကာတေ၊ အပေါ်ကို ကြွတက်သွားတာဗျ"

"ဘာ...ဘယ်လို၊ အိမ်ကြီးက အပေါ်ကို ကြွတက်သွားတာ ဟုတ်လား ကျောက်ခဲ"

"ဟုတ်တယ် ကိုကြီးတာတေ၊ အိမ်ကြီးက ပထမတော့ လျှင်လှုပ်သလို လှုပ်နေတာတဲ့ဗျ၊ နောက်တော့ မြေကြီးက ကျွတ်ထွက်ပြီး ကြိုးနဲ့ဆွဲသလို လေထဲမှာ မြောက်နေတယ်ဗျို့"

"ဟာ လေထဲမှာ မြောက်နေတာ ဟုတ်လား"

"ဟုတ်တယ်ဗျ၊ မြေကြီးကနေ နှစ်တောင်လောက်ကို မြောက်နေတာ၊ လူတွေကတော့ ဆင်းပြေးကုန်ကြပြီ၊ ဒါပေမဲ့ ကိုအာလူး ဆင်းလာတာ မတွေ့လို့ ဝိုင်းခေါ်နေကြတာ ဆူညံနေတာပဲဗျာ"

"ကိုအာလူးက ဘာလို့ဆင်းမလာတာတုံးကွ၊ အိပ်ပျော်နေလို့လား"

"မဟုတ်ဘူးဗျ ကိုကြီးတာတေရဲ့၊ ခေါ်လို့မရတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဝိုင်းမြောက်ဘက်က ကိုစိန်ညို ဆိုတဲ့လူက အိမ်ပေါ်ကို ဖက်တက်ပြီး သွားကြည့်တယ်။ လူတွေက ဝိုင်းအော်ကြတာ ဆူညံနေတာပါပဲဗျာ"

"ဘာတွေကို အော်ကြတာတုံးကွ"

"ဟဲ့ စိန်ညို သတိထား၊ သတိထား၊ အိမ်ကြီးလှုပ်နေတယ်၊ တက်လို့မရရင် ပြန်ဆင်းခဲ့ဆိုပြီး အော်နေတာဗျ။ ဟုတ်တော့လည်း ဟုတ်တယ်ဗျ၊ အိမ်ကြီးကို အလယ်တည့်တည့်လောက်ကနေ ကြိုးတစ်ချောင်းနဲ့ ဆွဲထားသလိုပဲဗျ။ ဟိုဘက်လည်လိုက်၊ ဒီဘက်လည်လိုက် ဖြစ်နေတာ"

"ဒါနဲ့ နေပါဦးကွ၊ ကိုစိန်ညိုက ကိုအာလူးကို နှိုးပြီးခေါ်လာရောလား"

"ကိုအာလူးက သေနေတာဗျ"

"ဟေ…ဘယ်လိုကွ၊ ကိုအာလူးက သေနေပြီ ဟုတ်လား ကျော်ခဲ"

"ဟုတ်တယ်ဗျ၊ ကိုစိန်ညိုက အောက်ကိုလှမ်းပြောလို့ ယောက်ျား နှစ်ယောက် သုံးယောက် လှုပ်ယမ်းနေတဲ့ အိမ်ကြီးပေါ်ကို ဖက်တက်သွားကြပြီး ကိုအာလူးရဲ့ အလောင်းကို ခဲရာခဲဆစ်နဲ့အောက်ကို ချလာကြတယ်။ အခု ကိုအာလူးအလောင်းက ဝိုင်းထဲက တန်းလျားပေါ်မှာဗျ။ လူတွေ အုံကြည့်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com


"ကဲ လာကွာ၊ သွားကြည့်ရအောင်"

ကျုပ်က အမေနဲ့ အဘာကို အကျိုးအကြောင်းပြောပြီး ကျောက်ခဲနဲ့ ရွာမြောက်ပိုင်းကို ထွက်လာခဲ့တယ်။ ဟုတ်ပါ့ဗျာ။ ကိုအာလူးတို့ပိုင်းထဲမှာ လူမှအုံနေတာဗျို့။ ကျုပ်ရောက်တော့ သူကြီးတောင် ဝိုင်းထဲက ထွက်သွားပြီ။ ဆယ်အိမ်ခေါင်းတွေ နေခဲ့တယ်။ ရာအိမ်မှူးနှစ်ယောက်တော့ သူကြီးနဲ့ ပါသွားတာ တွေ့လိုက်တယ်ဗျ။

"ငါတော့ မသင်္ကာဘူးကွ မောင်ကံရ၊ အာလူးသေတာ ပုံမှန်မဟုတ်ဘူးလို့ထင်တယ်"

ကျုပ်က တန်းလျားပေါ်မှာ တင်ထားတဲ့ ကိုအာလူး အလောင်းကို ကြည့်လိုက်တယ်။ စောင်အနီကြားလေး လွှမ်းထား လို့ဗျ။ ကျုပ်ကြည့်တဲ့အချိန်မှာပဲ ဆယ်အိမ်ခေါင်း ကိုကံက အုပ် ထားတဲ့စောင်ကို ဖယ်ပြီး အလောင်းကို သေသေချာချာ စစ်ကြည့် တယ်ဗျ။ ဒီတော့မှ ကျုပ်က ကိုအာလူးအလောင်းကို မြင်ရတာဗျို့။ ကျောက်ခဲလည်း အလောင်းကို မြင်ရသေးပုံ မပေါ်ဘူးဗျ။ ကျုပ် ဘေးမှာ ကပ်ပါလာပြီး အခုမှ ကြည့်တာ။

"ဟာ"

ကျုပ်ရော ကျောက်ခဲရော ပြိုင်တူအော်လိုက်ကြတာဗျို့။ ကိုအာလူးရဲ့ မျက်လုံးကြီးတွေက ကြောက်စရာတစ်ခုခုကို တွေ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



တအားကြောက်သွားတဲ့ပုံဗျ။ ပါးစပ်ကြီးဟပြီး မျက်လုံးကြီးတွေ ပြူးထွက်နေတယ်။ ခေါင်းက ဆံပင်တွေတောင် ထိုးထိုးထောင် ထောင်ဖြစ်နေတဲ့ပုံပဲဗျ။ ဒီလူမသေခင် တော်တော်ကိုကြောက်လန့် ပြီး သေသွားပုံပဲဗျို့။

ကျုပ်မြင်ဖူးသမျှ အလောင်းတွေထဲမှာတော့ ကိုအာလူး အလောင်းလောက် ကြောက်စရာကောင်းတာမျိုး တစ်ခါမှကို မမြင်ဖူးပါဘူးဗျာ။ ဟာ ကျုပ် ခုမှကြည့်မိတာဗျို့။ ကိုအာလူးရဲ့ အလောင်းမှာ ဗိုက်ကြီးက ပြားချပ်နေပါရောလားဗျ။ ဒါ ဘယ်လို ဖြစ်တာပါလိမ့်။

ကျုပ်လိုပဲဗျ။ ဆယ်အိမ်ခေါင်းတွေကလည်း အလောင်းရဲ့ ဗိုက်ကို ဖိပြီးစမ်းကြည့်နေကြတယ်။ နောက်တော့ ဆယ်အိမ်ခေါင်း တွေစုပြီး တိုးတိုးနဲ့ မသင်္ဂြိုဟ်ခင် အလောင်းကို ဗိုက်ခွဲကြည့်ဖို့ ပြောနေကြတယ်။

မနက်မိုးမလင်းခင်ပဲ အလောင်းစင်လုပ်၊ အလောင်းကို ရေချိုးပေးဖို့ ဆယ်အိမ်ခေါင်းတွေက ဝိုင်းနောက်ဘက်ကို သယ် သွားတယ်။ လူတွေကို တစ်ယောက်မှ မလိုက်ရဘူးဆိုပြီး တား ထားလိုက်တယ်။

"တာတေ၊ မင်းလိုက်ခဲ့၊ မင်းက အတွေ့အကြုံရှိတယ်"

ကိုကံက ကျုပ်ကို ခေါ်တာနဲ့ ကျုပ် အသာလိုက်သွား



www.burmeseclassic.com

www.burmeseclassic.com


လိုက်တယ်ဗျ။ ဗိုင်းနောက်ဘက်ရောက်တော့ တန်းလျားဟောင်းတစ်လုံးပေါ်မှာ ကိုအာလူးရဲ့ မျက်လုံးကြီးတွေပြူးပြီး ပါးစပ်ကြီးဟနေတဲ့ အလောင်းကို တင်လိုက်ကြတယ်။ ပြီးတာနဲ့ ရေချိုးဖို့အဝတ်အစားတွေ ချွတ်တယ်။ ပြီးတော့ စတီသဘော ရေနှစ်မှုတ်သုံးမှုတ် လောင်းလိုက်ကြတယ်။ ပြီးတာနဲ့ အသင့်ပါလာတဲ့ဓားလေးနဲ့ ကိုကံက အလောင်းရဲ့ဗိုက်ကို ခွဲလိုက်တယ်ဗျ။

"ဟာ"

ဗိုက်ထဲမှာ အူတွေ၊ အသည်းတွေ၊ နှလုံးတွေ ဘာမှကိုမရှိတော့ဘူးဗျို့။ ဟောင်းလောင်းကြီးဗျာ၊ ဗိုက်က အခွံကြီးပဲရှိတော့တာဗျ။

"ကဲ ငါမပြောဘူးလားကွ၊ မောင်ကံရ၊ ကဲ မြန်မြန်ပြန်ချုပ်လိုက်တော့"

သူတို့ဖွက်ယူလာတဲ့ အပ်ချည်ကြိုးအနက်နဲ့ ဗိုက်ကိုမြန်မြန်ပြန်ပြီးချုပ်လိုက်ကြတယ်။ သွေးဆိုတာ တစ်စက်တောင်မရှိဘူးဗျ။ အရုပ်ကြီးတစ်ရုပ်ကို ခွဲလိုက်သလိုပဲ။ ဗိုက်ကို ပြန်ချုပ်ပြီး အဝတ်အစား ပြန်ဝတ်ပြီး ဗိုင်းရှေ့ကို ပြန်သယ်လာကြတယ်။

အလောင်းစင်ပေါ်မှာ အလောင်းကို သေသေချာချာ ပြင်ပေးပြီး ထုံးစံအတိုင်း ကန်တော့ပွဲပြင်တယ်။ အလောင်းရဲ့ ခေါင်းရင်းမှာ ဖယောင်းတိုင် ထွန်းလိုက်တယ်။

**အရှေ့ဘက်ကောင်းတင်**

www.burmeseclassic.com

www.burmeseclassic.com


ပြောရဦးမယ်ဗျ။ ကိုအာလူးဆိုတာက အသက်သုံးဆယ် ကျော်လောက် ရှိပြီ။ သူ့မိဘယာမှာပဲ လုပ်ကိုင်နေတာဗျ။ အိမ် ထောင်လည်း မပြုဘူး။ လူက ခပ်ရိုးရိုးပဲနေတာပါ။ ဒါပေမဲ့ ကိုအာလူးမှာ ဝါသနာတစ်ခုတော့ ရှိတယ်ဗျ။ ယုန်လိုက်တာ တော်တော်ဝါသနာပါတယ်။ သူ့မှာ ယုန်လိုက်တဲ့ခွေးကောင်း နှစ်ကောင်ရှိတယ်။ တစ်ခါ တစ်ခါ ခွေးနှစ်ကောင်ခေါ်ပြီး ယုန် လိုက်တတ်တယ်။ ကိုအာလူး ယုန်လိုက်ရင် မရတဲ့အခါ မရှိဘူး ဗျ။ ကျုပ်က လေထဲမှာ ကြိုးနဲ့ဆွဲထားသလို ဖြစ်နေတဲ့ အိမ်ကြီးကို သေသေချာချာ ကြည့်နေတာဗျ။ သူများတွေလည်း ကျုပ်လိုပဲ ကြည့်နေကြတယ်။

ကြည့်ဆို ထူးဆန်းနေတာကိုဗျ။ မြေကြီးထဲမှာ စိုက်ထား တဲ့ အိမ်တိုင်တွေက မြေကြီးထဲကနေ ကျွတ်ထွက်ပြီး မြေကြီးပေါ် မှာ နှစ်တောင်လောက်ကို လွတ်နေတာဗျ။ ပြီးတော့ အိမ်ကို ကြိုးနဲ့ချည်ပြီး ချိတ်ထားသလို လေထဲမှာ မြောက်နေတာ။

လေပြင်းပြင်းတိုက်ရင် အိမ်ကြီးက လေထဲမှာ လှုပ်စိ လှုပ်စိနဲ့ ယမ်းနေတယ်။ ဆယ်အိမ်ခေါင်းတွေက ရွာထဲမှာ ညထဲ က ကင်းချထားလိုက်တယ်။ ထူးတာတွေ့ရင် သံချောင်းခေါက်ဖို့ လည်း မှာထားကြတယ်။

ခေါင်းမသွင်းခင် အလောင်းကို ဘယ်သူမှ ကြည့်ခွင့်


www.burmeseclassic.com

www.burmeseclassic.com



မပေးတော့ဘူး။ ဟုတ်တော့ ဟုတ်တယ်ဗျ။ ဝိုင်းနောက်မှာ ရေချိုး နေတုန်းကတည်းက ကျုပ်ကြည့်နေတာ။ ကြည့်ရင်းနဲ့ကို ကြောက် စရာကောင်းလာတာဗျ။ ကိုအာလူးက နဂိုကတည်းက သွားလည်း နည်းနည်းခေါတော့ မျက်လုံးကြီးတွေ ပြူးထွက်နေပြီး ပါးစပ်ကြီး က ကြောက်လွန်းလို့ အော်နေတဲ့ ပါးစပ်ကြီးဗျ။ ဟာလို့။ ပြီးတော့ လူဆိုတာ သေပြီးသွားရင် နှုတ်ခမ်းတွေ ဘာတွေ တိုတက်သွား တာလေဗျာ။ ဒီတော့ ကိုအာလူးရဲ့ ခေါနေတဲ့ သွားတွေက ပိုခေါ ထွက်လာတော့ ဖြုန်းစားကြီး မြင်လိုက်ရရင် လူတိုင်း လန့်သွား မယ့်ပုံပဲဗျို့။ ဒါကြောင့်လည်း ဆယ်အိမ်ခေါင်းတွေက အလောင်း ကို ကြည့်ခွင့်မပေးတော့တာဗျ။

နောက်တစ်နေ့ရောက်တော့ ဆယ်အိမ်ခေါင်းတွေက လူစု ပြီး အိမ်ကို ပြန်ဆွဲချဖို့ လုပ်ကြတယ်။ အိမ်ကို ကြိုးလုံးကြီးကြီး နှစ်ချောင်းနဲ့ အိမ်ထဲကနေပြီး သိုင်းလိုက်တယ်။ ပြီးတာနဲ့ လူစုပြီး အောက်ကို ဆွဲချကြရောဗျို့။

ဟာ အိမ်ကြီးက ဟိုဘက် ဒီဘက် တအားကို ယမ်းခါ နေတော့တာဗျို့။

"ဟော့ တော်ကြတော့၊ မဆွဲကြနဲ့တော့၊ ဟာ ဟာ မြင့် တက်သွားပြီးဟော့၊ ရပ်တော့ ရပ်တော့၊ ထပ်တက်သွားပြီ"

ကြောက်လန့်တကြားနဲ့ ဝိုင်းအော်ကြတာဗျ။ ဟုတ်တော့



www.burmeseclassic.com

www.burmeseclassic.com



လည်း ဟုတ်တယ်ဗျို့။ အိမ်ကြီးကို ကြိုးနဲ့သိုင်းပြီး ဆွဲချကြတာ။ အောက်ကိုနိမ့်မလာဘဲ အပေါ်ကိုသာ ထပ်တက်သွားတယ်ဗျ။

"တာတေ၊ ဒါ ဘယ်လိုဖြစ်တာတုံး"

ဆယ်အိမ်ခေါင်းတွေ ကျုပ်ကို မေးတာဗျ။

"လေးလေးတို့ ဘာမှထပ်ပြီး မလုပ်နဲ့တော့ဗျ၊ ဒီအိမ်ကို နောက်ထပ် အောက်ဆွဲချရင် အပေါ်ကို ထပ်တင်ပေးလိုက်လိမ့်မယ်"

"ဟော ဟုတ်လား၊ ဒါဆိုရင် ဒီအိမ်ကို တစ်ယောက်ယောက်က အပေါ်ကို ဆွဲထားတာလားကွ၊ တာတေရ"

"ဟုတ်တယ်ဗျ၊ ဒါပေမဲ့ ဘယ်သူလုပ်ထားတာတုံး ဆိုတာတော့ ကျုပ်လည်း မသိနိုင်သေးဘူး။ လေးလေးတို့ကို ကျုပ် တစ်ခုမေးမယ်ဗျာ၊ ဒီလိုအိမ်အကြီးကြီးတစ်လုံးကို အခုလို လေထဲမှာ ချိတ်ဆွဲထားသလို လုပ်ထားတာ အရင်တုန်းက လေးလေးတို့ မြင်ဖူးကြသလား"

"ဟာ ဘယ်မြင်ဖူးမှာတုံး တာတေရ"

"ဒါ မဖြစ်နိုင်တာကို လုပ်ထားတာဗျ၊ ဘယ်သူမှ မလုပ်နိုင်တာမျိုးကို လုပ်ထားနိုင်တဲ့သူရဲ့ အစွမ်းဟာ နည်းနည်းနောနော ဟုတ်ပါ့မလားဗျာ"

"အေးကွ၊ တာတေပြောတာ ဟုတ်တယ်၊ ဒါဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ ဘာဆက်လုပ်မတုံး"

"ဘာမှမလုပ်ဘဲ ဒီအတိုင်းထားဗျာ၊ ကိုအာလူးအလောင်းကိုသာ မြေအမြန်ကျအောင် လုပ်ပေတော့ လေးလေးရေ"

"အေး ညက ညဦးတည်းက ဆုံးတာဆိုတော့ ဒီနေ့ဆိုရင် နှစ်ရက်ရပြီပေါ့ကွာ၊ မနက်ဖြန် သုံးရက်ဆို သင်္ဂြိုဟ်မှာပဲလေကွာ"

ကိုကံကပြောတော့ ကျန့်တဲ့ဆယ်အိမ်ခေါင်းတွေလည်း သဘောတူကြတယ်။

"ကဲ ဒါဆိုရင် ဖိုးဝင်းရေ၊ ခေါင်းမြန်မြန်စပ်နိုင်းကွာ၊ ပြီးတာနဲ့ ခေါင်းသာသွင်းထားလိုက်ကွာ"

"ဟုတ်ကဲ့ ကိုကံ၊ ကျုပ် ဖျဉ်ပုတ်သွားဝယ်နိုင်းလိုက်တယ်၊ ရောက်တာနဲ့ တိုင်းထွာပြီး ခေါင်းစပ်တော့မှာပဲ"

ကျုပ်လည်း အိမ်ပြန်လာခဲ့တယ်ဗျ။ ကျောက်ခဲကတော့ မနက်အစောကြီးတည်းက ပြန်သွားတာ။ ကျုပ်အိမ်ရောက်တော့ အမေတို့ အဘတို့တောင် ထမင်းစားတော့မလို့ လုပ်နေကြပြီ။

ကျုပ်က ရေကပျာကယာချိုးပြီး အဝတ်အစားလဲလိုက်တယ်။ ပြီးတော့ အဘတို့နဲ့ တစ်ခါတည်း ဝင်စားလိုက်တယ်။

အမေက မောင်မခေါ်ပဲလေး နှပ်ထားတာဗျ။ စားလို့ကောင်းပါ့ဗျာ၊ အိနေတာပဲ။ အမဲခြောက်ကို ရေစိမ်ပြီး အတုံးလေး



www.burmeseclassic.com

www.burmeseclassic.com



တွေတုံး ခရမ်းချဉ်သီးနိုင်နိုင် ချက်ထားတာလေးကလည်း ချဉ်ချဉ်လေးဆိုတော့ ညက အိပ်ရေးပျက်နေတာနဲ့ အတော်မေ့ပါဗျာ။

ဗိုက်တင်းသွားတာနဲ့ အိပ်ရေးပျက်တာက ပြတော့တာပေါ့ဗျာ။ မျက်လုံးတွေလေးပြီး ပိတ်ကျလာရောဗျို့။ ကျုပ်လည်း ထုံးစံအတိုင်း မန်ကျည်းပင်အောက်က ဘစ်သားကွပ်ပျစ်ပေါ်ကို ရောက်လာတော့တာပေါ့ဗျာ။ ဝါးဘိုးခြမ်းလေးပေါ်ကို ပုဆိုးပောင်းလေးခင်းပြီး လှဲချလိုက်တာနဲ့ အိပ်ပျော်သွားတော့တာဗျို့။ အိပ်ပျော်ကာစမှာ တစ်ချက် တစ်ချက် ကိုယ့်ဟောက်သံကိုယ်ကြားပြီး လန့်လန့်တောင် နိုးလာရောဗျာ။

ကျုပ်တောင်ပေါ်ကို တက်နေတာဗျ။ ကျုပ်တစ်ယောက်တည်း မဟုတ်ဘူး၊ ကိုအာလူးနဲ့ ကျုပ်နဲ့ဗျ။ ကိုအာလူးရဲ့ ယုန်လိုက်အင်မတန်ကောင်းတယ်ဆိုတဲ့ ခွေးညိုကြီးနှစ်ကောင်လည်း ပါတယ်ဗျို့။ ခွေးတွေက အမဲလိုက်ခွေး ပီသပါပေရဲ့ဗျာ။ တရှုးရှုးနဲ့ အနံ့ခံနေကြတာဗျ။ မျက်လုံးတွေကလည်း အရောင်လက်လက်လက်လက်နဲ့ဗျို့။ တောင်ပေါ်ကို တက်လာလိုက်တာ တော်တော်ရောက်လာတဲ့အထိ ယုန်တစ်ကောင်မှကို မတွေ့တာဗျ။

"ကိုအာလူး ခင်ဗျား အရင်တုန်းက ဒီတောင်ပေါ်မှာ ယုန်လိုက်ဖူးလား"

"ဟော့အေး မလိုက်ဖူးဘူးကွ၊ ဘာဖြစ်လို့တုံး တာတေရ"

www.burmeseclassic.com



"ယုန်တွေရှိတဲ့ အရိပ်အခြေ မမြင်လို့ဗျ၊ ပြီးတော့ ဒါကို ဘာတောင်လို့ ခေါ်တုန်း"

"ခွေးမတက်တောင်လို့ ခေါ်တာပဲကွ"

"ဟင် ဟုတ်လား၊ ခင်ဗျားခွေးတွေကတော့ တက်လို့ပါလားဗျ"

"အေးလေကွာ၊ ရှေးတုန်းက လူကြီးတွေက ဘာရည်ရွယ်ချက်နဲ့များ ခေါ်ခဲ့တာလည်းမှ မသိတာ"

ကျုပ်တို့ပြောနေတုန်းပဲ ရှိသေးတာဗျ။ ကိုအာလူးရဲ့ ခွေးတွေက တုန့်ကနဲ ရပ်ပစ်လိုက်ကြတယ်။

"ဟော ပြောရင်းဆိုရင်း ခင်ဗျားခွေးတွေ ရပ်လိုက်ကြပြီ၊ ဆက်မသွားတော့ဘူး တွေ့လား ကိုအာလူး"

ကိုအာလူးက သူ့ခွေးတွေကို ချော့ခေါ်ကြည့်တယ်။ ခွေးတွေကတော့ ရှေ့ဆက်ပြီးတော့ မသွားတော့ဘူးဗျ။ မသွားရုံတင် မဟုတ်ဘူး၊ အမြီးတွေပါ ကုပ်နေကြတာဗျ။

"ကိုအာလူး ဒီကောင်တွေ ကျားနံ့တွေဘာတွေ ရလို့လားမှ မသိတာ"

"ဟာ တာတေကလည်း ဒီတောတွေမှာ ကျားမှ မရှိတာ"

ပြောပြောဆိုဆိုနဲ့ ကိုအာလူးက ရှေ့ကို ဆက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က သူ့နောက်ကလိုက်တယ်။ ခြေသုံးလေးလှမ်းလောက် လှမ်းပြီးတော့ ကိုအာလူး ရှေ့ကို ဆက်မသွားဘဲ တုန့်ကနဲ ရပ် လိုက်တယ်ဗျ။

"ဘာတွေ့လို့တုံး ကိုအာလူး"

"ရှေ့မှာ တောင်တစ်လုံးကွ"

ဟာ ဟုတ်သားပဲဗျ။ ရှေ့မှာတောင်တစ်လုံး ရှိနေတာပဲ ဒါကြောင့် ခွေးတွေ ဆက်မသွားတာကိုး။

"ကိုအာလူး ခင်ဗျားပြောတဲ့ ခွေးမတက်တောင်ဆိုတာ ဒီတောင်ဖြစ်လိမ့်မယ်ဗျ၊ ဒါကြောင့် ခင်ဗျားခွေးတွေ ဆက်မတက် တော့တာဗျ"

"အေး ဟုတ်မယ်ကွ၊ ကဲ ခွေးတွေ ဒီမှာပဲ ထားခဲ့ကွာ မင်းနဲ့ငါ ဆက်တက်ကြရအောင်၊ ရောက်ဖူးတာပေါ့ တာတေရာ"

ကျုပ်နဲ့ ကိုအာလူး တောင်ပေါ်ကို ဆက်တက်ကြတယ်၊ သိပ်မတက်ရဘူးဗျ။ ခွေးမတက်တောင်ပေါ်ကို ရောက်လာတယ်

ဟာ တောင်ထိပ်က သန့်ရှင်းနေတာပဲဗျာ။ မြေကြီးပေါ် မှာ အမှိုက်တစ်စ မရှိဘူးဗျ။ သန့်ရှင်းပြီး ပြောင်လက်နေတာပဲဗျာ

"ကိုအာလူး ဒီတောင်ထိပ်မှာ ရသေ့တွေ ဘာတွေများ သီတင်းသုံးသလား မသိဘူးဗျ"

"ဟော...ဘာဖြစ်လို့တုံးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လေဗျာ၊ တောင်ထိပ်တစ်ခုလုံး အမှိုက်သေသေ ချာချာ လှည်းထားတာဗျ"

"အေးကွ၊ မင်းပြောတာလည်း ဟုတ်တာပဲ၊ တော်တော် တော့ ထူးခြားတဲ့ နေရာကွ"

ကျုပ်နဲ့ ကိုအာလူး ရသေ့ကျောင်းတွေ ဘာတွေများ တွေ့မလားဆိုပြီး လိုက်ရှာကြည့်ကြတာဗျာ။

"ဟာ…ဟိုမှာ ဟိုမှာ ကြည့်စမ်း တာတော"

ကိုအာလူး လက်ညှိုးထိုးပြတဲ့နေရာကို ကျုပ်ကြည့်လိုက် တော့ ပြောင်ရှင်းနေတဲ့ ကုန်းပြောင်ပြောင်လေးပေါ်မှာ အိမ်ကလေး တစ်လုံးဗျ။ အိမ်က အမြင့်တစ်ပေလောက်ပဲ ရှိတာ။ ကလေးတွေ ကစားတာမျိုးလည်း မဟုတ်ဘူးဗျ။ အိမ်အကြီးကြီးတစ်လုံး မဆောက်ခင် နမူနာပုံစံထုတ်ထားတဲ့ အိမ်လေးမျိုးဗျ။ ခေါင်းမိုးမှာ လည်း စုလစ်မွန်းချွန်းတွေ ပါတယ်ဗျ။ သစ်သားနဲ့ ဆောက်ထား တာ၊ နက်မှောင်နေတဲ့ သစ်သားဗျ။ အိမ်က အဆောင်ဆောင် အခန်းခန်းတွေနဲ့ အိမ်အကြီးကြီးကို အိမ်အသေးလေး ချုံ့ထားတဲ့ ပုံမျိုးဗျာ။

"ဟား၊ ဟား၊ ဟား၊ ဟား"

ကိုအာလူးက သဘောကျပြီး ရယ်တော့တာပဲဗျာ။ ကျုပ် က မှင်တက်မိသလိုဖြစ်ပြီး ဘာမှကို မပြောနိုင်တော့တာဗျ



www.burmeseclassic.com

www.burmeseclassic.com



ကိုအာလူးက သူ့ခါးမှာ ထိုးထားတဲ့ ဓားချွန်နဲ့ အိမ်ကလေးရဲ့ တိုင်တွေကို တူးပါလေရောဗျာ။ ကျုပ်လည်း ပါးစပ်က ဘာမှ မပြောနိုင်ဘဲ ငေးကြည့်နေမိတော့တာဗျို့။

ကိုအာလူးက အိမ်လေးကို တူးပြီးတာနဲ့ ဆွဲမလိုက်တယ်။ အိမ်လေးက အကိုက်ကို ကျွတ်ထွက်လာတာဗျို့။

"ဒီအိမ်လေးကွာ ချစ်စရာကောင်းလိုက်တာ၊ တို့ရွာက ကလေးတွေကြည့်ဖို့ အိမ်ယူသွားရမယ်ကွ"

လို့ ပြောပြီး အိမ်ကလေးကို သေသေချာချာကြည့်ပြီး ပြုံးပြုံးကြီး လုပ်နေတယ်ဗျ။ ပြီးတော့မှ ဘာစိတ်ကူးရသွားတယ် မသိပါဘူးဗျာ။

သူ့မှာပါတဲ့ ကြိုးနဲ့ အိမ်ကလေးကို ချည်တယ်။ ပြီးတော့ ပေါက်ပင်ကြီးတစ်ပင်ရဲ့ ကိုင်းကျနေတဲ့ ကိုင်းမှာ ကြိုးကိုချည်လိုက်တယ်။ အိမ်ကလေးက လေထဲမှာ လှုပ်လှုပ် လှုပ်လှုပ်နဲ့ ဖြစ်နေတော့တာပေါ့ဗျာ။

ပြီးတော့မှ အိမ်ကလေးကို တံခါးတွေဖွင့်၊ ပြတင်းပေါက်တွေဖွင့်ပြီး ပြောသဗျ။

"ငှက်ကလေးတွေ နေချင်ရင် နေလို့ရတာပေါ့ကွာ"

လို့ ပြောပြီး တောင်ပေါ်ကနေ ပြန်ဆင်းသွားတယ်။ ကျုပ်လည်း သူ့နောက်က ကပ်ပြီးလိုက်လာခဲ့တယ်။ ကျုပ်ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ စကားတစ်ခွန်းမှကို ပြောလို့မထွက်တာဗျာ။

"တာတေ ထတော့လေ၊ နေတောင်စောင်းနေပြီ၊ အကြာကြီးအိပ်လို့ နေထိုင်မကောင်း ဖြစ်နေဦးမယ်၊ ထတော့"

အမေက နှိုးမှ ကျုပ် နိုးသွားတာဗျ။ ဒီတော့မှ နေ့ခင်းကြောင်တောင်ကြီး အိပ်မက် မက်နေမှန်း ကျုပ် သိသွားတာ။

ဒါပေမဲ့ အိပ်မက်က တော်တော်လေးကို ဆန်းနေတာဗျ။ ဘယ့်နှယ်ဗျာ၊ သေသွားတဲ့ ကိုအာလူးနဲ့ ကျုပ်နဲ့ ယုန်လိုက်သွားကြလို့တဲ့။ ပြီးတော့ တောင်ပေါ်မှာ ထူးထူးဆန်းဆန်း အိမ်ကလေးတစ်လုံးတွေ့လို့တဲ့ဗျာ။ ဟိုလူကလည်း လက်ဆော့လိုက်တာ လွန်ပါရောလား။ အိမ်ကို မြေကြီးထဲက တူးယူပြီး သစ်ပင်မှာ ကြိုးနဲ့ဆွဲထားခဲ့တယ်။

ဟာ…ဒါ ဒါ တကယ်ဖြစ်တာထင်တယ်။ ကိုအာလူးတောထဲမှာ တကယ်လုပ်ခဲ့တာထင်တယ်။ ဒါကြောင့် သူတို့အိမ်ကြီး လေထဲမှာ ခြောက်တက်နေတာဖြစ်မယ်။ ဟာ ဒုက္ခပါပဲဗျာ။ ကိုအာလူး ကျုပ်ကို အိပ်မက်ပေးတာ ထင်တယ်ဗျ။ သူတစ်ယောက်တည်း ယုန်လိုက်သွားတော့ ဘာဖြစ်ခဲ့တယ်ဆိုတာ ဘယ်သူမှမသိတော့ ကျုပ်ကို အသိပေးပြီး အကူအညီတောင်းတာဖြစ်မယ်။

ကျုပ် အိပ်နေရာကနေ ကပျာကယာထပြီး အဘကိုသွားမေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဘ ခွေးမတက်တောင်ဆိုတာ ရှိလား"

"ဟာ ရှိတာပေါ့ကွ၊ ကပ္ပလီစုကနေ ညောင်ဝိုင်းဘက်ကို နည်းနည်းဆက်လျှောက်ပြီး တောင်ပေါ်တက်ရတာလို့ ပြောကြတယ်။ အဘတော့ တစ်ခါမှ မသွားဖူးဘူး၊ ဘာဖြစ်လို့တုံး"

"ကိုအာလူးတို့ကိစ္စက အဲဒီတောင်ပေါ်မှာ ဖြစ်ခဲ့ပုံရတယ် အဘရဲ့"

"အေးလေ၊ ဒီသူငယ်က ခွေးတွေခေါ်သွားပြီး တောင်တွေပေါ်မှာ ယုန်လိုက်တတ်တယ် ပြောတာပဲ။ ဘာတွေများလုပ်ခဲ့လို့တုန်းမှ မသိတာ။ သူတို့အိမ်ကြီးကလည်း လေထဲမှာ မြောက်နေတယ်ဆိုတော့ တော်တော်ကို ဒေါသတကြီးနဲ့ လုပ်လိုက်တာပဲ လူလေးရ"

"ဟာ ဒေါသဘယ်လောက်ကြီးကြီးနဲ့ လုပ်လဲဆိုရင် ကိုအာလူးဗိုက်ထဲမှာ အူတွေ၊ အသည်းတွေ ဘာမှကို မရှိတော့တာ သာ ကြည့်လေ အဘရာ"

ကျုပ် ကိုအာလူးအသုဘကို မသွားတော့ဘူးဗျ။ အိမ်မှာပဲ ငြိမ်ပြီးတွေးနေလိုက်တယ်။ ညကျတော့ ကျောက်ခဲ ရောက်လာတယ်။

"ဘယ်လိုလဲကွ ကျောက်ခဲ၊ ဘာထူးသေးလဲ"

"ဘာမှမထူးတော့ပါဘူးဗျာ၊ အိမ်ကြီးကတော့ ဒီအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပဲဗျ၊ လေထဲမှာ တွဲလွဲကြီး ဖြစ်တုန်းပဲဗျ၊ ကိုကြီးတာတောရော ဘာတွေသိပြီလဲ"

"သိတော့ သိပြီ ကျောက်ခဲရဲ့၊ ဒါပေမဲ့ မသေချာသေးဘူး၊ ငါ နေ့ခင်းက အိပ်ပျော်သွားတဲ့အချိန်မှာ ကိုအာလူး ငါ့ကို အိပ်မက်ပေးတယ်၊ သူ ဘာလုပ်ခဲ့တယ်ဆိုတာကို ပြတယ်ကွ၊ ဒါပေမဲ့ မသေချာသေးဘူး၊ တကယ်လို့ အဲဒီအိပ်မက်ထဲကအတိုင်း ဟုတ်တယ်ဆိုရင်တောင်မှ ငါ့သဘောနဲ့ငါ မလုပ်ရဲဘူးကွ၊ ဒီကိစ္စဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးနဲ့ ပတ်သက်နေမှန်းကို မသိတာကွ"

"ဟာ ဟုတ်လား ကိုကြီးတာတော"

ဒီကောင် ပါးစပ်လုံတယ်ဆိုတာတော့ ကျုပ်က သိပြီးသားဗျ။ ဒါကြောင့်လည်း အရိပ်အမြွက်လောက် ပြောပြလိုက်တာ ညရောက်တော့ ကျုပ်မှာ တော်တော်နဲ့ အိပ်မပျော်ဘူးဗျ။ ဒါနဲ့ အမေတို့နဲ့ထိုင်ပြီး စကားပြောနေတာ ညသန်းခေါင်ကျော်မှပဲ အိပ်ဖြစ်တော့တယ်ဗျို့။

ကျုပ် မဖဲဝါရဲ့ ကိုယ်ပွားရုပ်ကလေးကို ထုတ်ယူပြီး မဖဲဝါကို အကြောင်းကြားလိုက်တယ်။

"မဖဲဝါ ကျုပ်တို့ရွာမှာတော့ တော်တော်ကို ထူးဆန်းတဲ့ အဖြစ်အပျက် ဖြစ်နေတယ်၊ ကိုအာလူးဆိုတဲ့လူ ကြောက်စရာကောင်းအောင် အသေဆိုးနဲ့ သေသွားတယ်၊ အူတွေ အသည်းအဆုတ်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်စားသွားတာဗျ။ ပြီးတော့ ကိုအာလူးတို့နေတဲ့အိမ်ကြီးက မြေကြီးထဲကနေ ကျွတ်ထွက်ပြီး လေထဲမှာ တစ်ခုခုနဲ့ ချိတ်ထားသလို တွဲလောင်းကြီး ဖြစ်နေလို့ဗျ။ ကျုပ် ဘာလုပ်ပေးရမယ်ဆိုတာ ပြောပြပါ၊ သချိုင်းရှင်မကြီး မဖဲဝါ"

ခေါင်းအုံးနဲ့ ခေါင်းနဲ့ ထိတာနဲ့ ကျုပ် အိပ်ပျော်သွားရောဗျာ။ အိပ်မက်ထဲမှာ မဖဲဝါကို မမြင်ရဘူးဗျ။ လေတွေက တဟူးဟူးတိုက်နေတာ။ ဘယ်နေရာမှန်းလည်း ကျုပ် မသိဘူး။ ကျုပ်အဝတ်တွေဆိုတာလည်း တိုက်ထဲမှာ တဖျတ်ဖျတ် လွင့်နေတာဗျ။ ကျုပ်ဆံပင်တွေတောင်လေ တိုက်ထဲမှာ လွင့်နေတာ။

"တာတေ ငါပြောမယ်၊ အာလူးဆိုတဲ့ကောင် ခွေးမတက်တောင်မှာနေတဲ့ တစ္ဆေလေးရဲ့ အိမ်ကို မြေကြီးထဲကနေ တူးပြီး သစ်ကိုင်းမှာ ကြိုးနဲ့ တွဲလောင်းဆွဲထားခဲ့တယ်၊ အဲဒီအချိန်က တစ္ဆေလေး ခရီးသွားနေလို့ မသိလိုက်တာ၊ မဟုတ်ရင် အဲဒီနေရာမှာတင် ပွဲချင်းပြီးသွားမှာ။

တစ္ဆေလေးဆိုတာ သက်တမ်းထောင်ကျော် ရှိနေပြီ။ သူ့မှာရှိတဲ့ အစွမ်းတွေက တစ်ချို့နတ်တွေတောင် တုလို့မရဘူးဟဲ့ကြားလား။ နင့်အကောင်က တကယ့်ပုဂ္ဂိုလ်ကိုမှ သွားပြီးစော်ကားမိတာကိုး၊ တော်သေးတာပေါ့ တာတေရာ၊ အာလူးတစ်ယောက်ပဲ သတ်လို့၊ တစ်အိမ်လုံး သတ်သွားလည်း ငါက အံ့ဩမှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"ဟာ ကျုပ်တို့ကို ကူညီပါ မဖဲဝါရယ်၊ ကျုပ်တို့ ဘယ်လိုလုပ်ရမလဲ"

"အေး တစ္ဆေလေးက လူတစ်ယောက်ရဲ့ လက်သန်းလောက်ပဲရှိတာ၊ ဒါပေမဲ့ သူ့အလိုရှိရင် အိမ်လောက်ဖြစ်ဖြစ် တောင်လောက်ဖြစ်ဖြစ် ဖန်ဆင်းနိုင်တယ်။ ချွေးမတက်တောင် ကြောကြီးတစ်ခုလုံးရဲ့ တောင်ပိုင်ကြီးက တစ္ဆေလေးပဲဟဲ့၊ နင်တို့ သိလား"

"ကျုပ်တော့ ဘာမှကို မသိတာပါဗျ"

"ဒါဆိုရင် ငါပြောမယ်၊ သုံးရက်အတွင်း နင်တို့ အရောက်သွား၊ တစ္ဆေလေးရဲ့ လှိုဏ်ဂူချက်က အူတွေ အသည်းတွေ ကလီစာတွေ သိပ်ကြိုက်တာ။ နင်တို့ အမဲအူ အသည်း ကလီစာစုံအောင်ချက်ပြီး သွားကျွေးကြ၊ ပြီးရင် အာလုံးအစား နင်တို့ တောင်းပန်ကြ။ ချည်ထားတဲ့ တစ္ဆေလေးနေတဲ့အိမ်ကို သေသေချာချာယူပြီး နဂိုနေရာမှာ ပြန်ပြီးတည်ပေးလိုက်၊ ပြီးတော့ သူ့အိမ်နဲ့ ဘေးပတ်ဝန်းကျင်ကို အမွှေးနံ့သာဖျန်းပေး၊ လက်သမား ခေါ်သွားနိုင်းတာက အိမ်ကို သေသေချာချာ စရွေးကိုက်ပြီး ပြန် တည်ပေးဖို့ သိလား။ သူ့အိမ်ကို ရွှဲရွှဲစောင်းစောင်း တည်ပေးလို့က တော့ နင်တို့အကုန်လုံးကို သတ်လိမ့်မယ် တာတော။ နင် ဦးခေါင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သေသေချာချာ လုပ်ပေးလိုက် ကြားလား"

"ဟုတ်၊ ဟုတ်ကဲ့ပါ၊ မဖဲဝါ၊ ကျုပ် လိုက်သွားပါ့မယ်"

ကျုပ် လန့်နိုးလာတော့ အရုဏ်တောင် မတက်သေးဘူး ဗျ။ ဒါနဲ့ ကျုပ် ပြန်အိပ်လိုက်တယ်။

ကိုအာလူး အသုဘချပြီးလို့ နှစ်ရက်ကြာတော့ ကျုပ်နဲ့ ဆယ်အိမ်ခေါင်းသုံးယောက် လက်သမားကောင်းကောင်း နှစ်ယောက်ခေါ်ပြီး အမဲသားဟင်းအိုးကြီးကို ဝါးပိုးလုံးနဲ့ လျှိုထမ်း ပြီး ခွေးမတက်တောင်ကို တက်ခဲ့ကြတယ်။ တောင်ပေါ်ရောက် တော့ ကျုပ်အိပ်မက်ထဲမှာ တွေ့ရတဲ့အတိုင်းပါပဲဗျာ။ ကိုအာလူး အိမ်မက်ပေးဘူးတဲ့နေရာမှာ အိမ်ကလေးကို ကြိုးနဲ့ချည်ပြီး ပေါက် ကိုင်းကြီးမှာ တွဲလွဲဆွဲထားတာကို ကျုပ်တို့ တွေ့ရောဗျို့။ ကိုကံတို့ ဆယ်အိမ်ခေါင်းတွေလည်း ကျုပ်ပြောထားတာကို ကြိုသိနေကြ တာဆိုတော့ အခုလို မြင်လိုက်ရတဲ့အချိန်မှာ တော်တော်ကို အံ့ဩ သွားကြတာဗျို့။

လက်သမားဆရာနှစ်ယောက်က သစ်ပင်မှာ တွဲလောင်း ဆွဲထားတဲ့ အိမ်ကလေးကို ဖြုတ်ချပြီး နဂိုနေရာက တိုင်ပေါက် ကလေးတွေမှာ တိတိပပလေး စွပ်ချပြီး ရွဲ့စောင်းမနေအောင် သေသေချာချာ တိုင်းထွာကြတယ်ဗျ။ ပြီးတော့မှ အိမ်ကလေးကို ခိုင်နေအောင် မလှုပ်အောင် ပြန်လုပ်ပေးကြတယ်။

**အရှေ့ဘက်တောင်းတင်**

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်စိတ်ထင်တော့ တစ္ဆေလေးကို မဖဲဝါက ကြိုတင်ပြီး တောင်းပန်ထားတဲ့ပုံပဲဗျ။ ကျုပ်တို့ လာမယ်ဆိုတာကိုလည်း တစ္ဆေလေး ကြိုသိနေတယ်ထင်တယ်။ ဒါကြောင့် ကျုပ်တို့ကို ဘာမှ မလုပ်ဘဲ ကြည့်နေတာဖြစ်မယ်ဗျ။ အိမ်ကို ကျကျနန ပြန်ဆောက် ပေးပြီးတော့မှ ကျုပ်တို့ယူလာတဲ့ အမဲကလီစာ ဟင်းအိုးကို အဖုံး ဖွင့်ပြီး ကျွေးလိုက်တယ်။

"ချေးမတက်တောင်ပိုင်ကြီး တစ္ဆေလေးခင်ဗျာ၊ ကျုပ်တို့ ရွာသား ကိုအာလူးရဲ့ မသိမှု မိုက်မဲမှုတွေအတွက် ကျုပ်တို့ရွာသား အားလုံးက တစ္ဆေလေးကို တောင်းပန်ပါတယ်ဗျာ။ ကျုပ်က မဖဲဝါရဲ့ မိတ်ဆွေ တာတောပါ၊ တစ္ဆေလေးကြိုက်တဲ့ အမဲကလီစာ များကို တစ္ဆေလေးစားဖို့ ယူဆောင်လာပါတယ်၊ ပျော်ပျော်ကြီး စားပါ တစ္ဆေလေးဗျာ"

ကျုပ်က မျက်ကွင်းဆေးကွင်းထားတော့ မြင်ရပြီပေါ့ဗျာ။ ဟုတ်ပါ့ဗျာ။ လက်သန်းလောက်ကလေး ရှိတာဗျ။ သူ့ အိမ်ကလေးကို တံခါးဖွင့်ပြီး ထွက်လာတာ။

"တစ္ဆေလေးဗျာ ထနောင်းကုန်းရွာသားတွေက အမိုက် အမဲ အာလူးအစား တောင်းပန်ပါတယ်၊ တွဲလောင်းဆွဲထားတဲ့ အိမ်ကြီးကို ပြန်ချပေးပါဗျာ၊ မဖဲဝါရဲ့မိတ်ဆွေ ကျုပ် တာတောက တောင်းပန်ပါတယ်ဗျာ"

**အရှေ့ဘက်တောင်းတင်**

www.burmeseclassic.com

www.burmeseclassic.com



ယော တစ္ဆေလေးက ခေါင်းမှာ ဦးထုပ်အနီလေး ဆောင်းထားတာဗျ။ သူ့ခေါင်းက ဦးထုပ်ကလေးကို ချွတ်ပြီး ကျုပ်ကို ဝေ့ပြတာမယ်။ ပြီးတော့ ပြန်ကြော့ဆိုတဲ့ ပုံစံမျိုး လက်ဟန်ပြတယ်ဗျ။

ကျုပ်လည်း ကိုကံတို့ ဆယ်အိမ်ခေါင်းတွေကို လက်ကုတ်ပြီး သုတ်ခြေတင်ခဲ့ကြရောဗျို့။ ရွာပြန်ရောက်တော့ ရွာထဲမှာ ကျွက်စီ ကျွက်စီ ဖြစ်နေတယ်ဗျ။ ဘာဖြစ်ကြပြန်ပြီလဲလို့ စုံစမ်းလိုက်တော့ ကိုအာလူးတို့အိမ်ကြီး နဂိုအတိုင်း ပြန်ဖြစ်သွားလို့ဆိုပြီး သွားကြည့်နေကြတာတဲ့ဗျို့။ ဒီတော့မှ ကိုကံရော ဆယ်အိမ်ခေါင်းတွေရော လက်သမားဆရာနှစ်ယောက်ရော ပြုံးနိုင်ကြတော့တာပေါ့ဗျာ။ ကျုပ် အိမ်ပြန်ရောက်တော့ နေတောင်အတော်စောင်းနေပြီဗျ။

တာတေ

ဝ၀ဝ



www.burmeseclassic.com

www.burmeseclassic.com



# ခွေးနက်ကြီးရဲ့အူသံ

"အ…ဝူး…၊ ဝူး…၊ ဝူး…၊ ဝူး…"

"အ…ဝူး…၊ ဝူး…၊ ဝူး…"

ရာသီက နွေဗျ။ ကျုပ်တို့ အညာနွေဆိုတာ လွှတ်ပူတာ

**အရှေ့ဘက်တောင်းတင်**

www.burmeseclassic.com

www.burmeseclassic.com



ဗျ။ ယာတွေထဲများ သွားကြည့်လိုက်ရင် တံလျှပ်တွေ ထနေလိုက်တာ တကယ့်ရေပြင်ကြီးကျနေတာပဲဗျာ။ ညဘက်ဆိုရင် ကျုပ်တို့ ဘယ်မှာကောင်းကောင်း အိပ်နိုင်မှာတုန်းဗျာ။

တစ်ရေးနိုးလာရင်လည်း လည်ပင်းအောက်မှာ ချွေးတွေ ရွှဲနေပြီး ဟိုလိုမှ၊ ဒီလိုမှနဲ့ပဲ မိုးလင်းရတာ။ မနက်လင်းအားကြီး တစ်ချက်ကျတော့ ပြန်အိပ်ပျော်သွားတတ်တယ်ဗျ။

အခုလည်း လူကြီးတွေက အိပ်မပျော်ကြတော့ အိပ်ရာထဲမှာ တလူးလူး တလိမ့်လိမ့် ဖြစ်နေတာပေါ့ဗျာ။

"အ…ဝူး…ဝူး…ဝူး"

"ဘယ်သူ့အိမ်ကခွေးက ဒီလောက်အူနေတာတုန်းဟယ်၊ ခွေးရှင်ကလည်း နည်းနည်းပါးပါးတောင် မမောင်းဘူးလားဟယ်"

ကျုပ်အမေက ပူလို့အိုက်လို့ အိပ်မပျော်ရတဲ့အထဲ ခွေးအူသံကြီးက ကြားနေရတော့ စိတ်တိုတယ် ထင်ပါရဲ့ဗျာ။

"တာတေ တစ်ယောက်ကတော့ အိပ်ပါ့တော်၊ ခွေးအူလည်း မကြား၊ ကြောင်အူလည်း မကြားတော့"

"ဟဲ့…ငွေစိန် ခွေးအူတာကို ငါ့သားတာတေက ဘာသွားလုပ်ရမှာတုံး၊ ရွာထဲမှာ အဲဒီခွေးကို လိုက်ရှာပြီး သတ်ရမှာလား၊ ကိုယ့်ဟာကိုယ် အိုက်လို့ အိပ်မရတာများ"

"အမေ ကျုပ် နိုးနေပါတယ်ဗျ၊ ကျုပ်လည်း နားထောင်



www.burmeseclassic.com

www.burmeseclassic.com



နေတာပါ၊ ခွေးအူသံက တစ်မျိုးကြီးတော့ တစ်မျိုးကြီးပဲဗျ"

"အေး…အဲဒါကို ပြောချင်တာပေါ့၊ ငါ့စိတ်ထဲမှာ ဒီအသံကြီး ကြားနေရတာ တစ်မျိုးဖြစ်နေလို့ဟဲ့"

"အ…ဝူး…ဝူး…ဝူး…"

"ဟော…ဟော အူပြန်ပြီ၊ အူပြန်ပြီ ဘယ်လိုအသံကြီးခန်းကို မသိတာပါဟယ်"

ရွာထဲကလူတွေလည်း ဒီအသံကြီးကို ကြားမှာပေါ့ဗျာ၊ ကိုယ့်လိုပဲ သူများတွေ အိပ်လို့ရကြမှာ မဟုတ်ဘူး။

"ဝုတ်…ဝုတ်…ဝုတ်…"

ရွာထဲကခွေးတွေ ဝိုင်းကိုက်နေကြပြီ ထင်တယ်ဗျ။ ခွေးကိုက်တဲ့အသံတွေ ကြားနေရတယ်။

"ကိန်…ကိန်…ကိန်"

ဟာ…ခွေးတစ်ကောင်တော့ တော်တော်နာသွားတယ်ထင်တယ်၊ ဟော…ခွေးဟောင်သံတွေ ချက်ခြင်းတိတ်သွားတယ်ဗျို့။ တိတ်ဆို တစ်ကောင်ဟာလေ ဟောင်သံတောင် မကြားရဘူး။

"အ…ဝူး…ဝူး…ဝူး…"

ဟာ စောစောက ခွေးကြီးအူသံ ထွက်လာပြန်ပြီဗျို့။ ကျုပ်လည်း နားစွင့်နေရင်း နောက်ဆုံးတော့ အိပ်ပျော်သွားတာပဲပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

ကျုပ်တို့သားအမိ သားအဖတွေ အိပ်ပျော်နေကြတာဗျို့။ မိုးလင်းနေတာတောင် မသိကြဘူးဗျ။

"ဟဲ့ တာတေ၊ နင့်ကို လာခေါ်နေတာ ဘယ်သူတုံး၊ ထပြီးကြည့်ဦးလေ"

ကျုပ်လည်း အမေပြောတာနဲ့ မထချင်ထချင် ထပြီး အိမ်ရှေ့ကို လှမ်းကြည့်လိုက်တယ်။

"ကျောက်ခဲပါ အမေရ"

"စောစောစီးစီးပါလား၊ နင့်ကို ဘာလာပြောတာတုံးမှ မသိတာ ခေါ်လိုက်လေ တာတေ"

"ခေါ်မှာပေါ့ အမေရဲ့၊ ကျောက်ခဲ လာခဲ့ ဝင်ခဲ့လေ"

ကျောက်ခဲကလည်း ညက တော်တော်အိုက်မယ့်ပုံပဲဗျ။ ခွပ်ကျယ်ချိုင်းပြတ်လေး ဝတ်လို့။ ဗိုင်းထဲကို ခပ်သုတ်သုတ်ကျော် ဝင်လာတယ်။

"လာ ထိုင် ကျောက်ခဲ၊ ငါတို့တော့ ညက အိပ်မပျော်တာနဲ့ ခုမှပဲ အိပ်ရာထနိုင်တော့တယ်"

"ဒါဆိုရင် ညက ခွေးအူသံကြီးကို ကိုကြီးတာတေ ကြားမှာပေါ့"

"ဟာ...ကြားတာပေါ့ ကျောက်ခဲရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိစ္စ ရွာထဲမှာတော့ ကျက်စီ ကျက်စီ ဖြစ်နေပြီဗျို့"

"ဟော…ခွေးအူတာ ဘာဖြစ်လို့တုံး ကျောက်ခဲရဲ့"

"ညက အူတဲ့ခွေးကြီးက ကျုပ်တို့ရွာကခွေး မဟုတ်ဘူးတဲ့ဗျ၊ ခွေးနက်ကြီး အကြီးကြီးပဲတဲ့ဗျ၊ ဘယ်ကရောက်လာတဲ့ ခွေးမှန်း မသိဘူးတဲ့ဗျ၊ ပထမတော့ ရွာထဲကခွေးတွေက လန့်ပြီး မကပ်ရဲကြဘူးတဲ့ဗျို့။ နောက်တော့ ရွာထဲကခွေးတွေ ဝိုင်းပြီး ကိုက်ကြတာတဲ့ဗျ။ ဒီကောင်ကြီး ပြန်ကိုက်တာ ကျုပ်တို့ရွာကခွေး သုံးကောင် သေပြီး ကျန်နေခဲ့တယ်တဲ့ ကိုကြီးတာတေ"

"ဟော…ဟုတ်လား ကျောက်ခဲ၊ ဆန်းတော့ ဆန်းနေသားပဲကွ"

"နေဦး၊ ကိုကြီးတာတေ၊ ဆန်းတာကို ကျုပ်ပြောဦးမှာ"

"ဟော…ဆန်းတာ ဘာဖြစ်လို့တုံး"

"ညက ခွေးနက်ကြီးအူပြီး လူတွေက အဲဒီခွေးသံကြီးကို အာရုံရပြီး ပြောနေတော့ ကိုယ့်အိမ်ထဲမှာ ဘာဖြစ်သွားလဲ မသိကြဘူး၊ အခုမနက်ကျမှ သိကြတာဗျ"

"ဟော…ဘာဖြစ်လို့တုံး ကျောက်ခဲရ"

"ညက ချက်ထားတဲ့ ဟင်းတွေ၊ ထမင်းကြမ်း ကျန်တာတွေ ဘာမှမရှိတော့ဘဲ အိုးတွေ ဒီအတိုင်း ဟောင်းလောင်းဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာတဲ့ဗျ"

"ဘယ်လိုကွ၊ အိမ်တွေမှာကျန်တဲ့ ထမင်း ဟင်း ကျ
တာတွေ စားသွားတယ် ပြောတာလား"

"ဟုတ်ပါ့ဗျာ၊ ကျုပ်တို့အိမ်မှာလည်း စားသွားတယ်ဗျ
ကျုပ်အမေ မနေ့က ချက်ထားတဲ့ ဝက်သားဟင်းအိုးကြီးက ဘာမှ
မကျန်တော့ဘူးဗျ၊ ထမင်းအိုးထဲက ထမင်းကျန်တာတွေလည်း
ကုန်ရောဗျ"

"ဟဲ့ ငွေစိန်၊ နင့်မီးဖိုချောင်လည်း သွားကြည့်လိုက်ပါဦး
ဟ၊ ကျောက်ခဲပြောတာ ကြားတယ်မှတ်လား"

အမေ့က မီးဖိုချောင်ထဲဝင်ပြီး အိုးတွေ လှန်လှောကြည့်
တယ်ဗျ။

"ကျုပ် မီးဖိုချောင်နတော့ ဘာမှမပျောက်ဘူး၊ ကိုညဏ်ရဲ့
ထမင်းကျန် ဟင်းကျန်တွေ ဒီအတိုင်းပဲ ရှိတယ်တော့"

"ဒါဆို ဒီဘက်တွေ မဖြစ်လို့ပဲဗျ၊ ညက ခွေးနက်ကြီး
အူတဲ့ဘက်မှာ ဖြစ်တာထင်တယ်"

"တော်တော်ထူးဆန်းတာပဲ ကျောက်ခဲရ၊ ငါဖြင့် ဒါမျိုး
ကို တစ်ခါမှ မကြားဖူးဘူး"

နဂါးဆေးပေါ့လိပ်ကလေးဖွာရင်း ကျုပ်တွေးတယ်၊
ဒါပေမဲ့ အဖြေတော့ မရဘူးဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီည စောင့်ကြည့်တာပေါ့ကွာ၊ ဘာတုံးဆိုတာ အဖြေပေါ်မှာပါ"

ညရောက်တော့ ကင်းပေ့တဲ့ပြီး ကင်းစောင့်ကြတာပေါ့ဗျာ။ ကျောက်ခဲကတော့ ကျုပ်ဆီ ရောက်နေတာဗျ။ ဒီရက်ထဲမှာ သံမဏိက မရှိဘူး၊ မြို့ရောက်နေတာ။

ကျုပ်က မျက်ကွင်းဆေး ကွင်းထားပြီးသားဗျ။ ညသန်းခေါင်နား နီးလာပြီ။ ခုထိတော့ ဘာသံမှ မကြားသေးဘူး။ ကျုပ်နဲ့ ကျောက်ခဲက ဝိုင်းထဲမှာ ထိုင်ပြီးတော့ စကားပြောနေကြတာ။

"အ...ဝူး...ဝူး...ဝူး..."

"ဟာ...ခွေးနက်ကြီး အူပြီဗျို့၊ ကိုကြီးတာတေရေ"

"အေးကွ၊ လာ ရွာထဲသွားကြမယ်၊ ဒါ မြောက်ပိုင်းက အူတဲ့အသံပဲကွ"

ကျုပ်နဲ့ ကျောက်ခဲ ရွာမြောက်ပိုင်းဘက်ကို ရောက်လာကြတယ်။ ကင်းတဲတွေက ကင်းစောင့်တဲ့သူတွေကလည်း ဓာတ်မီးတွေနဲ့ ဟိုထိုး ဒီထိုး လုပ်နေကြတာပေါ့ဗျာ။

"ဟာ...ဟိုမှာကွ၊ ခွေးနက်ကြီး အူနေတာ"

"ဟင်...ဘယ်မှာဟုံး၊ ဟာ...ဟုတ်သားပဲ၊ နဲ့တဲ့ခွေးကြီးမှ မဟုတ်တာ"

"အေး...အေး...ရှေ့မတိုးနဲ့တော့ ဒီမန်ကျည်းပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အပေါ်တက်တော့၊ ကျောက်ခဲ မင်းနဲ့ ငါနဲ့ ဒီအပင်ပေါ်က ကြည့်နေမယ်"

ကျုပ်တို့နှစ်ယောက် မန်ကျည်းပင်ကြီးပေါ် တက်ကြည့်နေလိုက်တယ်။

"အ…ဝူး…ဝူး…ဝူး…ဝူး…"

ခွေးနက်ကြီးက အသံရှည်ကြီးဆွဲပြီး အူပြန်ပြီဗျို့။ ရွာလမ်းပေါ်မှာ လရောင်မှိန်မှိန်လေးကလည်း လင်းနေတာဗျ။ ခပ်ဝါးဝါးလေးတော့ မြင်နေရတယ်။

"အား…ဝူး…ဝူး…ဝူး"

ခွေးနက်ကြီးက ဆက်တိုက်ကို အူနေတာဗျို့။

"ဟာ"

"ဘာတုံး၊ ကိုကြီးတာတေ၊ ဘာမြင်လို့တုံး"

"ငြိမ်ငြိမ်နေ ကျောက်ခဲ၊ ငြိမ်ငြိမ်နေ"

လရောင်ဝါးဝါးလေးအောက်မှာ ရိပ်ကနဲ ရိပ်ကနဲ ပြေးနေတာဗျ။

ဒါ ဘာကောင်လေးတွေလဲ၊ ကြောင်တွေလား၊ ပြေးတာတော့ ကြောင်ပြေးသလို ပြေးတာဗျ။ လှစ်ကနဲ လှစ်ကနဲနေတာပဲဗျို့။ အရွယ်ကလည်း ကြောင်လောက်ပဲရှိတယ်။ ကျုပ် မန်ကျည်းပင်ပေါ်ကနေ သေသေချာချာ ကြည့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…မှင်စာတွေပဲကွ၊ ကျောက်ခဲရ"

"ဟုတ်လား၊ များလား ကိုကြီးတာတေ"

"အများကြီးပဲကွ၊ ဘယ်နှကောင်မှန်း မသိတော့ဘူးကွ ကျောက်ခဲရ"

"ဒီကောင်တွေ ဘာလုပ်ဖို့ ရောက်လာတာတုံး ကိုကြီး တာတေရ"

"ဟကောင်ရ၊ အိမ်ထဲဝင်ပြီး စားသောက်ပစ်ဖို့ပေါ့ကွ၊ ဟော ဟော အိမ်ထဲကို ပြေးဝင်သွားကြပြီဟေ့"

ကျုပ်နဲ့ ကျောက်ခဲ ဆက်ပြီးစောင့်ကြည့်နေလိုက်တယ်။

"အား…ဝူး…ဝူး…ဝူး…"

ခွေးနက်ကြီးတစ်ကောင်ကတော့ အဆက်မပြတ်ကို အူနေတာပဲဗျို့။ မှင်စာတွေကတော့ အိမ်ထဲကို ဝင်သွားကြပြီ။

"အား…ဝူး…ဝူး…ဝူး…၊ အီ…အီ…အီ…အီ…"

ဟော ခွေးအူသံကြီးက တစ်မျိုးပြောင်းသွားပြီဗျို့။ မှင်စာတွေ အိမ်ထဲဝင်သွားတာ နာရီဝက်လောက် ရှိသွားပြီ၊ ဟော ထွက်လာကြပြီဗျို့။ လှစ်ကနဲ လှစ်ကနဲ ပြေးထွက်သွားကြပြီဗျို့။ ဟော ခွေးနက်ကြီးလည်း ရွာစည်းရိုးဘက်ကို ပြေးထွက်သွားပြီ ဗျို့။ နောက်နေ့ရောက်တော့ ကျုပ်လည်း တစ်နေ့လုံး စီစဉ်နေရ တော့တာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်တိုင်းမှာ သရေ၀ွနဲ့ လောက်စာလုံးတော့ ရှိကြတာပဲဗျာ။ စီစဉ်ရတာတော့ လွယ်ပါတယ်။ သံပုံးတီးဖို့လည်း စီစဉ်ထားရတယ်။ ကျုပ်ကတော့ သိမ်ဝင်အပ်မှာ ကြက်တောင်တပ်ပြီး မြားလုပ်ထားတယ်။ ပြီးတော့ မှုတ်ပြောင်းကို မုခိုး ကိုတောင်လုံးဆီက ငှားပြီး မြားမှုတ်နည်းလည်း သေသေချာချာ သင်လိုက်တယ်။ ဒီညတော့ ကျုပ်တို့ရွာထဲက အိမ်တိုင်းမှာ နိုးကြားနေကြတာပေါ့ဗျာ။ ကင်းတဲတွေမှာ ကင်းစောင့်တဲ့လူတွေ အားလုံးကလည်း လေးခွနဲ့ လောက်စလုံးအိတ်တွေနဲ့ဗျ။ ဒီညတော့ အပြီးရှင်းရမယ့်ညဆိုတော့ ဒီလိုတစ်ရွာလုံး မပါလို့ မဖြစ်ဘူးဗျ။ ကျောက်ခဲက ဝီစီတစ်လုံး ကိုင်ထားတယ်။ ကျောက်ခဲရဲ့ ဝီစီမှုတ်သံကို တစ်ရွာလုံးက နားစွင့်နေရမှာလေ။ ဒီပွဲမှာ ယောက်ျားကော၊ မိန်းမကော အကုန်ပါရမှာလေ။ ကျုပ် ညက မြင်ရတဲ့ အနေအထားကို အားလုံးကို ပြောပြထားပြီးသားဆိုတော့ သူတို့လုပ်ရမယ့်ကိစ္စကို သူတို့ သိပြီးသားဗျ။

ညဆယ်နာရီထိုးတော့ အမေက ကျုပ်နဲ့ ကျောက်ခဲကို ရေနွေးကြမ်းနဲ့ လက်ဖက်သုတ် လာချပေးသွားတယ်။ ကျုပ်တို့နှစ်ယောက် လက်ဖက်ရည်ကြမ်းသောက်ရင်း စကားပြောနေကြတာပေါ့ဗျာ။ ကျုပ်ကတော့ နဂါးဆေးပေါ့လိပ် ဖွာနေတာပေါ့ဗျာ။ မျက်ကွင်းဆေးကတော့ အစောကြီးကတည်းက ကျုပ်ခွင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားဗျ။ ကျုပ်က သိမ်ဝင်အပ်ကို လုပ်ထားတဲ့ မြားကို မှတ်ပြောင်း ထဲမှာ အဆင်သင့် ထည့်ထားပြီးသားဗျ။ ကျုပ်က ပြောင်းမှတ်တာ ကို သိပ်ပြီးဒုံးမဝေးဘူး။ ကိုတောင်လုံးနဲ့ တောထဲကို တစ်ခါ တလေ လိုက်သွားဖူးတော့ ကိုတောင်လုံး ပြောင်းမှတ်တာကို မြင်ဖူးတယ်လေဗျာ။

ညသန်းခေါင်ကျော်ပြီဗျ။

"အား…ဝူး…ဝူး…ဝူး…"

ဟော ခွေးနက်ကြီး အူပြီဗျို့။ ဒီတစ်ခါအူတာ ရွာ အနောက်ပိုင်းဗျ။ ကျုပ်နဲ့ ကျောက်ခဲ ရွာနောက်ပိုင်းကို ခပ်သုတ် သုတ် ထွက်လာကြတယ်။

"အား…ဝူး…ဝူး…ဝူး…"

ခေါင်းကြီးအပေါ်မော့ပြီး အူနေတဲ့ ခွေးနက်ကြီးကို တွေ့ရ တယ်ဗျ။ ဒီကောင်ကြီးက လကိုကြည့်ပြီး အူနေတာဗျ။ ကျုပ်က ခွေးနက်ကြီးနဲ့ အနီးကပ်နိုင်သမျှ ကပ်ပြီး ရှားဖြူပင်ကြီးအောက်မှာ ကပ်နေလိုက်တယ်။

"အား…ဝူး…ဝူး…ဝူး…"

ဟော…ခွေးနက်ကြီးကတော့ အဆက်မပြတ်ကို အူနေပြီ ဗျို့။ ကျုပ် ရွာလမ်းကို သေချာကြည့်နေတယ်။ ဟော…လာပြီ၊ လာပြီ မှင်စာအုပ်ကြီး မဲ…မဲ…မဲ…မဲ…နဲ့ ရွာထဲကို ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



ကြပြီ။

"အား…ရှူး…ရှူး…"

ခေါင်းကြီးမော့ပြီး အူနေတဲ့ ခွေးနက်ကြီးကို ကျုပ် မှုတ်ပြောင်းနဲ့ ချိန်လိုက်တယ်။ ကိုတောင်လုံး သင်ပေးတဲ့အတိုင်း အသက်ကို ဝအောင်ရှူလိုက်တယ်။ ပြီးတော့ အသက်ကိုအောင့်ပြီး မှုတ်ထုတ်လိုက်တယ်။

"ဝှစ်"

မြားက တန်းကနဲ ထွက်သွားတယ်။ ထိတယ်ဗျို့။ ခွေးနက်ကြီးရဲ့ နားထဲကို တည့်တည့်ကို ဝင်သွားတာဗျို့။

"ကိန်၊ ကိန်၊ ကိန်"

ဟော ခွေးနက်ကြီးအော်ပြီးတော့ ရွာအနောက်ဘက် စည်းရိုးကို တန်းပြေးပြီဗျို့။

"ကျောက်ခဲ မှုတ်တော့"

"ရှို"

ကျောက်ခဲရဲ့ အဆက်မပြတ်မှုတ်တဲ့ ဝီစီသံက တစ်ရွာလုံးကို လွှမ်းမိုးသွားပြီဗျို့။ ကျုပ်က မှုတ်ပြောင်းကိုယူပြီး တန်းကနဲ ရပ်သွားတဲ့ မှင်စာအုပ်ကြီးဘက်ကို တည်လိုက်တယ်။ ဝိုင်းတွေထဲကနေ အလျှိုလျှို ပြေးထွက်လာတဲ့လူတွေကို ကျုပ်က လက်ညှိုးထိုးပြလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတည့်တည့်ကို ပစ်ကြဗျို့၊ အဲဒီမှာ မုင်စာတစ္ဆေတွေ ရုပ်နေတယ်"

ကျုပ်ပြောလိုက်တာနဲ့ တစ်ပြိုင်နက် လမ်းမကြီးတည့်တည့်ကို ဝိုင်းပြီးပစ်ကြတော့တာဗျို့။

"ကျောက်ခဲ ဒုတိယဝီစီ မှုတ်တော့"

"ရှိ"

ကျောက်ခဲက ဒုတိယအကြိမ် ဝီစီမှုတ်တော့…

"ဒုန်း…ဒုန်း…ဒုန်း…ဒုန်း…ဒုန်း…"

ဝိုင်းတွေယဲကနေ သံဗုံးတွေ ဝိုင်းတီးကြတာဗျို့။ ပြေးပြီဗျို့၊ မုင်စာတွေ ပြေးပြီဗျို့။ လာလမ်းအတိုင်း နောက်လှည့်ကို ပြေးတာဗျို့။

"ဖြောင်း…ဖြောင်း…ဖြောင်း"

လေးခွအဖွဲ့ကလည်း မနားတမ်းပစ်၊ သံပုံးအဖွဲ့လည်း မနားတမ်းတီးဆိုတော့ တစ်ရွာလုံးကို ဆူနေတော့တာပေါ့ဗျာ။

"ဟေး…ဟေး…ဟေး…ဟေး…"

တစ်ချို့ကလည်း လေးခွသမားတွေနောက်မှာ သံပုံးတီးပြီး လိုက်လာတာဗျ။ ပါးစပ်ကလည်း ဆူညံအော်ဟစ်ပြီး မောင်းထုတ်တာဆိုတော့ မုင်စာမပြောနဲ့၊ ကျုပ်တောင် တစ်ချက် တစ်ချက် လန့်လန့်သွားတယ်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့လည်း ရွာပြင်ရောက်တဲ့အထိကို လိုက်ကြတာဗျ။ မှင်စာတွေ အုပ်လိုက်ကြီး ပြေးလိုက်တာမှ တန်းနေတာပဲ။

"အား…ဝူး…ဝူး…ဝူး…ဝူး…"

ဟော…ခွေးနက်ကြီးက ရွာပြင်က ကြို့စောင့်နေတာဗျို့။ ရွာပြင်ဘက်က ယာထဲကနေ အူနေတာဗျ။ ဟော…မှင်စာတွေ စွတ်ပြေးပြီဗျို့။ ခွေးကြီးအူတဲ့ဘက်ကို တန်းပြေးကြတာဗျို့။

"ရှူး"

ကျောက်ခဲကို ကျုပ်က တတိယဝီစီ ဆက်မှုတ်ခိုင်းလိုက်တယ်။ အားလုံး ရပ်လိုက်ကြရောဗျို့။ ဒါတွေက ကျုပ် နေ့ခင်းတည်းက စီစဉ်ထားတာလေဗျာ။ ရွာထဲကနေ အောင်အောင်မြင်မြင်နဲ့ မောင်းထုတ်လိုက်နိုင်ပြီပေါ့ဗျာ။ နောက်ညတွေမှာ ကျုပ်တို့ ဆက်ပြီးစောင့်ကြည့်သေးတယ်ဗျ။ ဒါပေမဲ့ ခွေးနက်ကြီးရော မှင်စာတွေရော မလာတော့ပါဘူးဗျာ။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာ **တာတေ** ၏ ထုတ်လုပ်ဖြန့်ချိပြီးသော စာအုပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | |
|---|---|---|
| ၁ | တာတေ | ကိုယ်တွေ့မဖဲဝါ |
| ၂ | တာတေ | ကာဝေဆယ့်နှစ်ကြိုး |
| ၃ | တာတေ | သချိုင်းတစ်ရာ မဖဲဝါ |
| ၄ | တာတေ | သံလက်ဝါး မဖဲဝါ |
| ၅ | တာတေ | သချိုင်းရှင်မ မဖဲဝါ |
| ၆ | တာတေ | ကာဝေပျို |
| ၇ | တာတေ | မဖဲဝါရဲ့အိမ် |
| ၈ | တာတေ | ကိုယ်တူကိုယ်ခွဲ မဖဲဝါ |
| ၉ | တာတေ | မဖဲဝါကို ကိုက်တဲ့ တစ္ဆေ |
| ၁၀ | တာတေ | ငရဲခွေးကြီးတွေနဲ့ မဖဲဝါ |
| ၁၁ | တာတေ | မဖဲဝါစီးတဲ့ကျား |
| ၁၂ | တာတေ | စက်ကြိုးဆွဲ မဖဲဝါ |
| ၁၃ | တာတေ | မဖဲဝါကိုဖမ်းမဲ့ ကာဝေ |
| ၁၄ | တာတေ | မဖဲဝါမဝင်ရ |
| ၁၅ | တာတေ | မဖဲဝါမွေးတဲ့သား |
| ၁၆ | တာတေ | ကွင်းပိုင်နှမ မဖဲဝါ |
| ၁၇ | တာတေ | မဖဲဝါနေတဲ့ကျွန်း |
| ၁၈ | တာတေ | ရွှေဂူရှင်မ |
| ၁၉ | တာတေ | စုန်းကိုး မှော်ကိုး ကာဝေကိုး |
| ၂၀ | တာတေ | နတ်နဂါးအင်း |

www.burmeseclassic.com